

# ဝင်းကျိုးဖဒကင်



ခုနစ်ဆင့်လက်ဝဲ
သိုင်းသမား



ပိုးတက်ရေး
၈၇၆၀

ဝင်းဘုန်းအောင်

# ခုနစ်ဆင့်လက်ဝါးသိုင်းသမား

( နှစ်အုပ်တွဲ သိုင်းစာစဉ် )

ပ ထ မ ပိုင်း၊

စာမူခွင့်ပြုချက်အမှတ် ၄၉ / ၂၀၀၀ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၈၄ / ၂၀၀၀ (၂)

ပထမအကြိမ်

၂၀၀၀-ခုနှစ်၊

မေလ၊

အုပ်ရေ - ၇၀၀

တန်ဖိုး - နှစ်ရာကျပ်တိတိ

ဖြန့်ချိရေး

**နွေမိုးဆောင်းစာပေ**

အမှတ် ၇၂၊ ၆-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးစိန်ကြီး (မြဲ-၀၅၄၀)
ရွှေရုပ်လွှာစာပေ
အမှတ်-၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ စုပေါင်း၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဒေါ်မြရီ (၀၁၄၁၃)
ကျော်ဝင်းဆွေပုံနှိပ်တိုက်
၁၃(အေ)၊ ၉၈-လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်

ဦးမြသိန်း (၀၁၄၂၇)
သိန်းမြင့်ဝင်း ပုံနှိပ်တိုက်၊
အမှတ် ၉၆၊ ၁၁-လမ်း၊ ရန်ကုန်မြို့။

(၁)

မဟာတန်းလေးတစ်ခု။

လူသွားလူလာများ၏ မြက်ပါးကာ တောလမ်းကလေး တစ်ခုဖြစ်နေပြီး ဘေးတစ်ဖက်တစ်ချက်စီတွင် တောအုပ်ကြီး က ဆိတ်ငြိမ်မှုအပြည့်ဖြင့် တည်ရှိ၍နေသည်။

အချိန်ကား နံနက်ခင်းဖြစ်သည်။ နံနက်ခင်းလေနုအေးက ပုံမှန်တိုက်ခတ်နေသလို အိပ်တန်းထလာသော ကျေးငှက်သာရကာလေးများ၏ အော်မြည်ဟစ်ကြွေးသံကလည်း နံနက်ခင်း အလှကို တန်ဆာဆင်၍ နေသလိုရှိသည်။

ခြုံ၍မပြောရလျှင် သာယာကြည်နူးဖွယ်ကောင်းသော အချိန်နှင့် နေရာလေးဟု ဆိုရပေလိမ့်မည်၊ သို့သော် တကယ်တမ်းမှာတော့ အခြေအနေက ထိုမျှအေးချမ်းသာယာကြည်နူးဖွယ်ကောင်းနေသည် မဟုတ်ပါချေ။

မုန်တိုင်းမကျမီ ပင်လယ်ပြင်က ငြိမ်သက်နေခြင်းမျိုးသာလျှင်ဖြစ်ပေ၏၊ မှန်ပါသည်၊ စေ့စေ့ကြည့်မည်ဆိုလျှင် အဆိုပါ တောလမ်းကလေး၏ ဘေးဘက်တစ်ချက်၌ သစ်ပုပ်ချုံနွယ်များထဲတွင် ငြိမ်သက်စွာ ပုန်းအောင်းနေကြသော လူတစ်စုကို တွေ့ရမည်ဖြစ်သည်။

ထိုလူစုကား အင်အားမသေးလှ၊ စုစုပေါင်း အယောက်နှစ်ဆယ်ဝန်းကျင်ခန့်မျှရှိပြီး အားလုံးလိုလိုမှာ အနက်ရောင်ဝတ်စုံများကိုသာ တူညီစွာ ဝတ်ဆင်၍ထားကြ၏။

ထိုဝတ်စုံများကား တစ်ခြားမဟုတ်၊ ခြသေ့နက်ဟု လူသိများသော အနက်ရောင်ဂိုဏ်းမှ ဂိုဏ်းဝင်များပင်ဖြစ်ကြ၏၊

ခြုံနွယ်တစ်ခုထည်းမှာတော့ အသက်လေးဆယ်ဝန်းကျင်အရွယ် လူတစ်ယောက်နှင့်အသက်သုံးဆယ်ခန့်ဝန်းကျင်အရွယ် လူတစ်ယောက်တို့က တောလမ်းကို ယန္တစောစောဖြင့် မျှော်ကြည့်လျက် ရှိနေကြ၏။



ထိုနှစ်ယောက်အနက် အသက်လေးဆယ်နီးပါးရှိသူမှာ ခြသေ့နက်ဂိုဏ်း၏ ဂိုဏ်းချုပ်ဟုဆိုနိုင်သည့် ခြသေ့နက်ယန်ဟူကျင်းပင်ဖြစ်၏။

သူ့ဘေးနားမှ အသက်သုံးဆယ်ကျော်လူရွယ်ကား သူ၏ လက်ရုံးဆိုလျှင်လည်းမှန်၊ လက်ထောက်ဂိုဏ်းချုပ်ဟုပြောလျှင်လည်း မမှားသည့် မြေခွေးကျူးလိပင်ဖြစ်၏။

ခြသေ့နက်ယန်ဟူကျင်းမှာ ခွန်အားကြီးခြင်း၊ ပေါ့ပါးသန်မာဖြတ်လတ်ခြင်း၊ ရဲရင့်ပြီး ရက်စက်ခြင်း [illegible] အရည်အချင်းများကြောင့် အနက်ရောင်သိုင်းလောကတွင် ခြသေ့နက်ဟူသော အမည်နာမကိုထိုက်ထိုက်တန်တန်ပင် ရရှိ၍ထားလေသည်။

မြေခွေးကျူးလိမှာမူ မြေခွေးတစ်ကောင်ကဲ့သို့ ပိန်၍သေးသွယ်ပြီး ကျဉ်းမြောင်းသောမျက်လုံးသည်းရှိသည်၊

ထို့ပြင် မြေခွေးတစ်ကောင်ပမာ ကောက်ကျစ်စဉ်းလဲပြီး ဉာဏ်သည်းများသောကြောင့် မြေခွေးကျူးလိဟူသော အမည်နာမရရှိထားခြင်းဖြစ်၏။

သူတို့လူစုမှာ ဤတောတန်းမှ အာမခံငွေနာဘစ်ခု ဖြတ်သန်းသွားမည်ကို တိကျခိုင်လုံစွာသတင်းရထားသောကြောင့် လုယက်ရန် စိတ်ရှည်ရှည်စောင့်စားနေကြခြင်းပင်ဖြစ်၏။

'ကျူးလီ'

'ဗျာ....ဂိုဏ်းချုပ်'

'မင်းကြားထားတဲ့သတင်းက မှန်ပါတယ်နော်'

'မှန်ပါတယ်ဂိုဏ်းချုပ် ကျွန်တော်က မတိကျမခိုင်လုံတဲ့ သတင်းဆို ဂိုဏ်းချုပ်ကိုဘယ်တုန်းက ပေးဖူးလို့လဲ ခုဟာခုက နည်းနည်းနောက်ကျနေတာပဲဖြစ်မှာပါ၊ သည်လမ်းက ဖြတ်တော့ဖြတ်ကြမှာပါပဲ'

မြခွေးကျူးလီက ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိသော လေသံမျိုးဖြင့် မဆိုင်းမတွပင် ပြန်ပြောသည်၊ ဟုတ်တော့လည်း ဟုတ်သည်။

ခြင်္သေ့နက်ဂိုဏ်း တည်ထောင်ကာ မြခွေးကျူးလီနှင့်သူ လက်တွဲပြီးကတည်းက မခိုင်လုံမတိကျသော သတင်းမျိုးကို ကျူးလီတစ်ခါမှ သယ်ဆောင်လာခြင်းမရှိသေးချေ။

ကျူးလီပေးသော သတင်းအားလုံးမှန်သည်ချည်းသာပင်၊

'အေးလေ မင်းပြောတာလဲ မှန်ပါတယ်၊ တူတို့နည်းနည်း နောက်ကျနေတာပဲဖြစ်မှာပါ'

'နေဦးဂိုဏ်းချုပ်၊ ကျွန်တော်နားထောင်ကြည့်လိုက်ဦးမယ်'



ပြောပြောဆိုဆိုနှင့် ကျူးလီသည် မြေပြင်ကိုနားကပ်၍ထောင် ကြည့်သည်၊ ပြီးလျှင် ပြုံးရွှင်သောမျက်နှာဖြင့် ပြန်ထရင်း သူ့ကိုပြောလာ၏။

'ကျွန်တော်တို့ စောင့်ရဲကျိုးနပ်ပါပြီ ဂိုဏ်းချုပ်'

'လာနေကြပြီလား'

'ဟုတ်ပါတယ် ဂိုဏ်းချုပ်၊ သူတို့ ဒီလမ်းကလေးအတိုင်း ဝင်လာနေကြပါပြီ'

မြခွေးကျူးလီ၏လေသံက ပိုင်ပိုင်နိုင်နိုင်ရှိလှ၍ ခြင်္သေ့နက် ယန်ဟူကျင်း အားရကျေနပ်စွာ ပြုံးလိုက်မိ၏၊ တော်ရုံအကြောင်းမသိသူဆိုလျှင် အရိပ်အယောင်မမြင်ရသေးဘဲ ထိုသို့ ပြောလာသောကြောင့် ယုံကြည်လက်ခံရန် ခဲယဉ်းကောင်း ခဲယဉ်းပေလိမ့်မည်။

ယန်ဟူကျင်းကမူ ထိုသို့မဟုတ်၊ မြခွေး ကျူးလီ၏နားပါးမှုနှင့် ထူးခြားသည့် အကြားအာရုံကောင်းခြင်းကိုသိထားပြီး ဖြစ်၍ အပြည့်အဝပင်ယုံကြည်လိုက်၏။

'ကောင်းပြီ ကျူးလီ၊ ဒါဆို ငါတို့ ဝေလီဝေလင်းက တည်းက ခြင်ကိုက်ခံပြီးလာရစောင့်ရတာ အလကားမဖြစ်တော့ ဘူးပေါ့'

'ဟုတ်တာပေါ့ ဂိုဏ်းချုပ်၊ ဒါကြောင့် ကျွန်တော်ပြော တာပေါ့၊ ကျွန်တော်ပေးတဲ့သတင်းက မမှားစေရပါဘူးလို့'

'ဟုတ်ပါပြီကွာ ငါက မင်းကို ယုံကြည်ပြီးသားပါ၊ ဒါနဲ့ ငါ့အမိန့်မရဘဲ ဘယ်သူမှ စပြီးမလှုပ်ရှားဖို့ ဂိုဏ်းသားတွေကို မင်းမှာထားရဲ့လား'

'ဟုတ်ကဲ့....ကျွန်တော် သေသေချာချာ မှာထားပြီးပါပြီ ဂိုဏ်းချုပ်'

'အေး ဒါဆိုဆက်စောင့်ကြဦး'

မကြာပါချေ၊ မြေခွေးကျူးလီ၏စကားအဆုံးပင် တောလမ်းလေးအတိုင်းဝင်ရောက်လာသည့် အာမခံအဖွဲ့တစ်ဖွဲ့ကိုမြင်လိုက်ရ၏။

အာမခံအဖွဲ့၏ အင်အားကလည်း မခေသးလှ၊ မြင်းစီးထားသူများပါသလို တွန်းလှည်းတွန်းကာ လိုက်ပါလာကြသူများလည်းပါ၏၊

ရှေ့ဆုံးမှ ဦးဆောင်လာသူ နှစ်ယောက်၏ လက်ထဲတွင်မူ လင်းယုန်ငှက်ပုံပါသည့်အလံများ ကိုင်ဆောင်ထားကြသည်ကို တွေ့ရသည်။

ယင်းကား လင်းယုန်အာမခံဌာနဟု လူသိအောင်ကြေညာထားခြင်းပင်ဖြစ်သည်၊ ခြသေ့်နက်ယန်ဟူကျင်းက အတွေ့အကြုံရှိသူပီပီ စိတ်မလှုပ်ရှားစေပဲ တည်တည်ငြိမ်ငြိမ် စောင့်စားကာ နေ၏၊

သူလိုချင်သည့်နေရာသို့ လင်းယုန်အာမခံဌာနမှ လူများ ကွက်တိဝင်ရောက်လာသည့်အခါကျမှ....



'အားလုံးထွက်ကြ'

ဩဇာသံဖြင့်အမိန့်ပေးလိုက်သလို ကိုယ်တိုင်လည်းခုန်ထွက်လိုက်သည်၊ အပုံပုံနဲ့လာခဲ့ဖူးသော လက်ထောက်ဂိုဏ်းချုပ်ကျူးလီနှင့် ခြသေ့်နက် ဂိုဏ်းသားများကလည်း လျင်မြန်ပြီးစနစ်ကျစွာပင် အာမခံဌာနကို ပတ်ပတ်လည်မှ ဝိုင်းရံထားကြသည်။

လင်းယုန်အာမခံဌာန၏အင်အားသည်လည်း နှစ်ဆယ်ဝန်းကျင်ခန့်မျှရှိရာ ချက်ချင်းပင် လက်နက်များစွဲကိုင်၍ ခုခံတိုက်ခိုက်ရန် အသင့်ပြင်ဆင်လာကြ၏။

'မင်းတို့က ဘယ်သူတွေလဲ'

'ကျုပ်တို့က ခြသေ့်နက်ကဂိုဏ်းကပဲ'

'မင်းက....'

'ကျုပ်က ခြသေ့်နက် ယန်ဟူကျင်းပဲ'

ယန်ဟူကျင်းက အေးစက်သည့် မျက်နှာထားဖြင့် ဖမာမခန့် ပြန်ဖြေလိုက်သည်၊ ခြသေ့်နက် ယန်ဟူကျင်းဟု သိလိုက်ရ၍ထင်သည်။

လင်းယုန်အာမခံဌာနမှ ခေါင်းဆောင်ဖြစ်သူ၏ မျက်နှာမှာ အနည်းငယ်ပျက်သွား၏၊ ပြီးမှ ထိုလူကြီးက မာန်တင်းလိုက်ဟန်ဖြင့်....

'ဘာပဲဖြစ်ဖြစ် လင်းယုန်အာမခံဌာနကပစ္စည်းတွေကို လုယက်ဖို့ ကြိုးစားတာကတော့ မင်းတို့အတင့်ရဲလွန်းတာပဲ'

'ခင်ဗျားပြောချင်သလို ပြောလို့ရသယ်၊ ကျုပ်တို့ကတော့ ခင်ဗျားတို့ လင်းယုန်အာမခံဌာနတင်မဟုတ်ဘူး တခြားအဖွဲ့တွေလဲ လုချင်လုမှာပဲ၊ ဘယ်သူ့ကိုမှဂရုမစိုက်ဘူး'

'ဒီလိုလား....အေး ဒါဆိုရင်တော့ ရှင်းအောင်ပြောရသေးတာပေါ့၊ လင်းယုန်အာမခံဌာနကဲသယ်လာတဲ့ပစ္စည်းတွေကို လိုချင်တယ်ဆိုရင်တော့ ငါတို့အားလုံးကိုအရင်သတ်နိုင်အောင် ကြိုးစားရမယ်'

'ဒါက ဘာမှ ခဲယဉ်းတဲ့ကိစ္စမဟုတ်ပါဘူး၊ ကျုပ်လဲဒီလိုပဲ စဉ်းစားထားပြီးသားပါ....ကဲ....အားလုံးကို ရှင်းပစ်လိုက်ကြစမ်းဟေ့'

အချိန်ဖြုန်းခြင်းအားဖြင့် အကျိုးကျေးဇူးမရှိနိုင်ဟုသိထားသော ခြသေ့်နက် ယန်ဟူကျင်းက သူ့လူများကို အမိန့်ပေးလိုက်၏။

ပြီးလျှင် သူကိုယ်တိုင်လည်း လင်းယုန်အာမခံဌာန၏ခေါင်းဆောင်ကို ဝင်ရောက်တိုက်ခိုက်လိုက်၏။

'ကျား'

'ဟိတ်'

'ဂွစ်'



လင်းယုန်အာမခံဌာနမှ ခေါင်းဆောင်လုပ်သူ၏သိုင်းပညာကလည်း ညံ့လှသည်တော့မဟုတ်ချေ။ သို့သော် ထိပ်တန်းသိုင်းပညာရှင်အဆင့်တွင်ရှိသည့် ခြသေ့်နက် ယန်ဟူကျင်းနှင့် ယှဉ်လျှင်မူ သိုင်းပညာချင်းက ကွာခြားနေ၏။

သို့ဖြစ်၍ လက်နက်လုံးဝကိုင်မထားသည့် ခြသေ့်နက်ဂိုဏ်းချုပ် ယန်ဟူကျင်းက လင်းယုန်အာမခံဌာန၏ အဖွဲ့ခေါင်းဆောင်အား ကြောင်က ကြွက်ကိုကစားသည့်နှယ် အေးအေးလူလူပင် တိုက်ခိုက်နိုင်ခဲ့ပေသည်။

'ဂွီ'

လင်းယုန်အာမခံအဖွဲ့ခေါင်းဆောင်လူကြီးက သူ၏ ဓါးလည်ကို ဖြတ်သိမ်းခုတ်လာရာ ယန်ဟူကျင်းက ခပ်အေးအေးပင် ခုန်တက်တိမ်းရှောင်ပေး၏။

ပြီးမှ မြေသို့ပြန်မကျသေးခင်မှာပင် ညာခြေကိုနောက်ပြန်ဆန့်ထုတ်လိုက်သည်။

'ဝုန်း'

'အင့်'

ကန်ချက်ကျရောက်ပုံက လျင်မြန်သည်နှင့်အမျှ တိကျမှုလည်းရှိသည်၊ သို့ဖြစ်၍ခြေကန်ချက်အထိခံလိုက်ရပြီး ထိုသိုင်းသမားကြီးမှာ မြေပြင်ပေါ်ကို လွင့်စဉ်လဲကျသွားသည်။

သို့သော် သိုင်းသမားကြီးက ချက်ချင်းပင် ပြန်ခုန်ထလာသည်၊ မည်သို့ပင်ဖြစ်စေ ခြင်္သေ့နက်ဂိုဏ်းချုပ် ယန်ဟူကျင်းက အခွင့်အရေးကိုလက်လွှတ်မခံခဲ့ပါချေ။

ပြန်ထလာသော ထိုသိုင်းသမားကြီး၏လည်မျိုကို လေတွင်ဝဲ၍အပိုင်ဖမ်းကုတ်လိုက်သည်။

'အု....'

သန်မာသော လက်ချောင်းငါးချောင်းက လည်မျိုကိုပိုင်နိုင်စွာ ချုပ်ကိုင်မိသွား၍ လင်းယုန်အာမခံဌာနမှ သိုင်းသမားကြီးမျက်လုံးပြူးထွက်သွားသည်၊

'ရှေ့'

'အား'

ထို့နောက် ထိုအတိုင်းပင် ယန်ဟူကျင်းက အရှိန်ဖြင့်ဆွဲပစ်လိုက်သည့်အခါမှာတော့ ခေါင်းဆောင်လုပ်သူသိုင်းသမားကြီးမှာ မြေပြင်ပေါ်သို့ ကိုးရို့ကားယားလွင့်စင်လဲကျ၍သွားလေသည်။

နောက်တော့ ခေါင်းထောင်ထရန် ကြိုးစားရင်းမှပင်ပြန်လဲကျကာ ငြိမ်သက်၍သွားလေတော့သည်။



ထိုအချိန်တွင် ခြင်္သေ့နက် လက်ထောက်ဂိုဏ်းချုပ် ကျူးလီအပါအဝင် ခြင်္သေ့နက် ဂိုဏ်းသားများကလည်း လင်းယုန်အာမခံဌာနမှ အဖွဲ့သားအားလုံးကို မြေပြင်သို့လဲကျအောင်တိုက်ခိုက်နိုင်ခဲ့ပြီးဖြစ်သည်။

'ဘယ့်နှယ်လဲဟေ့ ကျူးလီ'

'အားလုံးအဆင်ပြေပါတယ် ဂိုဏ်းချုပ်'

'အေး ဒါဆို လှည်းတွေပေါ်မှာပါလာတဲ့ သေတ္တာတွေကိုသယ်ကြမယ်၊ ပြီးရင်ဒီနေရာက အမြန်ဆုံးပြန်ဆုတ်ကြမယ်၊ တော်ကြာ သည့်ပြင်လူတွေထပ်ရောက်လာရင် အလုပ်ရှုပ်နေမယ်'

'စိတ်ချပါဂိုဏ်းချုပ်'

ကျူးလီက သူ့ကိုအရိုအသေပေးပြီး သည်တွင်ခြင်္သေ့နက်ဂိုဏ်းသားများဘက်သို့လှည့်ကာ အမိန့်ပေးလိုက်သည်၊

'ဂိုဏ်းချုပ်ပြောတာ မင်းတို့ကြားတယ် မဟုတ်လား သေတ္တာတွေသယ်ပြီး တောထဲဝင်ကြမယ် အားလုံးမြန်မြန်ဆန်ဆန်ရှိပါစေ'

'ဟုတ်ကဲ့ပါ လက်ထောက်ဂိုဏ်းချုပ်'

ထိုနောက်မှာတော့ ခြင်္သေ့နက်ဂိုဏ်းချုပ် ယန်ဟူကျင်းဦးဆောင်သော ခြင်္သေ့နက်ဂိုဏ်းသားများမှာ အာမခံဌာနမှ

သေတ္တာများကို သယ်ဆောင်လျက် တောအုပ်ထဲသို့ လျှင်မြန်စွာ ထိုးဝင်လာခဲ့ကြလေတော့သည်။

တောလမ်းကလေးပေါ်မှာတော့ လင်းယုန်အာမခံဌာနမှ အဖွဲ့သားများမှာ ဒက်ရာကိုယ်စီဖြင့် လဲကျသေဆုံး၍ ကျန်ခဲ့လေတော့သတည်း။

* * *

( ၂ )

လူတစ်ယောက်။

ခြေလှမ်းမှန်မှန်ဖြင့် တောင်ကြားလမ်းကို ဝင်ရောက်လာလျက်ရှိ၏၊ ခေါင်းပေါ်တွင် ဝါးခမောက်ကြီးတစ်ခုကိုဆောင်းထားပြီး ဝတ်စုံညိုကို ဝတ်ဆင်ထားသော ထိုလူ၏လမ်းလျှောက်ဟန်က ခန့်ညားမှုအပြည့် ရှိနေပေသည်။

ဝတ်စုံညို၏ မျက်နှာကလည်း ခန့်ညား ချောမောကာ ယောကျ်ားပီသသောရုပ်ရည်မျိုးဟု ဆိုရမည်ဖြစ်သည်။

အသက်အားဖြင့် လေးဆယ် ဝန်းကျင်ခန့်မျှသာ ရှိသေးသော ထိုဝတ်စုံညိုက ဒါး တစ်ခြားမဟုတ်၊ ဒဖြူရောင် သိုင်း

လောကတွင် သိုင်းပညာအဆင့်မြင့်မားခြင်းနှင့် မကောင်းသူ ပယ် ကောင်းသူကယ်ရာတွင် ရဲရင့်ခြင်းတို့ကြောင့် ကျော်ကြား ထင်ရှားသော ပျံလွှားမြား ဝမ်ကောလီပင်ဖြစ်၏။

မှန်ပါသည်၊ စားကိုင်၍တိုက်ခိုက်ရာတွင် ပေါ့ပါး ဖြတ် လတ်လျှန်းသောကြောင့် ဝှက်ထဲတွင် အလျင်မြန်ဆုံးဟု ဆိုနိုင် လောက်သော ပျံလွှားဝှက်နှင့် ခိုင်းနှိုင်းတင်စားထားခြင်း ဖြစ် သည်။

ပျံလွှားမြားဝမ်ကောလီကား တစ်ကိုယ်တော်သိုင်းပညာရှင် တစ်ယောက်ဖြစ်၏၊ သို့သော် အဖြူရောင် သိုင်းလောကသား အားလုံးလိုလိုက သူ့ကိုချစ်ခင်လေးစားကြပြီး အနက်ရောင် သိုင်းလောကသားများကမူ သူ့ကိုအမိကရန်သူပမာ သဘော ထား မုန်းတီးရှာကြ၏။

မည်သို့ပင်ဖြစ်စေ တစ်ဦးတစ်ယောက်ချင်း တရားမျှတစွာ ယှဉ်ပြိုင်မည်ဆိုလျှင်တော့ ပျံလွှားမြားဝမ်ကောလီကို အနိုင်ရ အောင် တိုက်ခိုက်နိုင်မည့်သူမှာ အနက်ရောင် သိုင်းလောက၌ လက်ညှိုးရေတွက်၍ ရနိုင်လောက်အောင်ပင် နည်းပါး လှပေ သည်။

သို့ဖြစ်၍ အများစုကစိုင်းဖွဲ့တိုက်ခိုက်ရန်နှင့် ပရိယာယ်သုံး ထောင်ချောက်ဆင်တိုက်ခိုက်ရန်သာ အကွက်ချောင်း၍ နေခဲ့ ကြသည်။



သို့သော် သတိရှိပြီးပါးနပ်သော ပျံလွှားမြားဝမ်ကောလီ ကိုမူ အနက်ရောင် သိုင်းသမားများမှာ အောင်မြင်စွာ တိုက် ခိုက်နိုင်ခြင်းမရှိသေးဘဲဖြစ်နေကြ၏။

ပျံလွှားမြား ဝမ်ကောလီကမူ အနက်ရောင် သိုင်းလောက သားကို ရဲဝံ့စွာဖြင့် ဆက်လက် တိုက်ခိုက်နှိမ်နင်း၍ နေဆဲပင် ရှိသည်။

ယခုလည်း ဤတောင်ကြားသို့ပျံလွှားမြားဝမ်ကောလီ ဝင် ရောက်လာခြင်းမှာ ခြေဦးတည့်ရာလျှောက်သွားရင်းဝင်ရောက် လာသည်မဟုတ်။

ဤဟွာကျင်းတောင်ကြားရှိလျှိုကြိုးထဲတွင်ခြသေ့နက်ဂိုဏ်း အခြေချ နေထိုင်လျက်ရှိသည်ဟု သတင်းကြားသော ကြောင့် တိုက်ခိုက်နှိမ်နင်းရန် ဝင်ရောက်လာခြင်းပင်ဖြစ်၏။

တောင်ကြားကိုဝင်လာကတည်းက ဝမ်ကောလီက ခပ်သွက်သွက် အေးဝင်ရောက်လာခဲ့သော်လည်း တောင်ကြားထဲ ဝင်မိသည် နှင့် လှုပ်ရှားမှုများက သွက်သွက်လာ၏။

'ဝှစ်'

'ဒုတ်'

လေထဲကို တစ်စုံတစ်ခုတိုးဝင်ပျံဝဲလာ [illegible] ခနဲတိမ်းရှောင်ပေးလိုက်ရာ မြားတံ [illegible] နံရံကို ဖေါသတကြီးစိုက်ဝင်၍သွား [illegible]

'ရော့'

'ဒုတ်'

'အား'

ခါးကြားမှ ပေါက်ဓားတစ်လက်ဖြင့် ပစ်ပေါက်လိုက်ရာ ကျောက်တုံးနောက်ကွယ်မှ ဒူးလေးသမား အသံနက်ကြီးဖြင့် အော်ရင်း သူ့ရှေ့သို့ ပြုတ်ကျလာလေသည်။

ထိုအသံမှာ ရန်သူများကို သတိပေးလိုက်သလိုဖြစ်သွား၍ ပျံလွှားဓားဝမ်ကော်လီ ကချိန်ဆွဲမနေသာတော့ချေ။

တောင်ကြားအတိုင်းပြေးဝင်သွားရာ ပြေးထွက်လာသော ဝတ်စုံနက်နှစ်ယောက်ကိုတွေ့လိုက်ရ၏။

'ရှပ်'

'အား....အီး'

ပျံလွှားဓား ဝမ်ကောလီက ထိုနှစ်ယောက် ကြားထဲမှ ဆက်လက်ပြေးဝင်ရင်း ဓားကို ဘယ်ညာ ဝှေ့ယမ်းပေးလိုက်သည်တွင် ခြသေ့နက်ဂိုဏ်းသားနှစ်ယောက်မှာ ပင်ခြေမှ ခုတ်လှဲခံလိုက်ရသော ငှက်ပျောပင်များသဖွယ်နေရာတွင်ပင်တုံးခနဲ လဲကျကျန်ခဲ့ကြ၏။

ထို့နောက် ဝမ်ကောလီက တောင်ကြား၏တစ်ဖက်ကိုခုန်ဆင်းလိုက်သည့် အခါမှာတော့ လူနေသည့် တဲအိမ်လေးများ အတော်များများကို တွေ့လိုက်ရသည်။



သူခုန်ဆင်းလိုက်သည်တွင် ထိုတဲအိမ်လေးများထဲမှ ဆယ်ယောက်ကျော်ကျော်ခန့်မျှရှိသော ဝတ်စုံနက်များက ဓား လှံ သံတုတ် စသောလက်နက်မျိုးစုံကို ကိုင်ဆောင်ကာ သူ့ရှိရာသို့ ညာသံပေး၍ ပြေးဝင်လာကြလေသည်။

'ချကွ'

'သတ်'

'မလွှတ်စေနဲ့'

'ဟေး'

'ဟေး'

သို့သော် ခြသေ့နက်ဂိုဏ်းသားများမှာ အရေအတွက်မျှသာ ဖြစ်၏၊ အရည်အချင်းရှိသူကားတစ်ယောက်မှ မပါပါချေ၊

အထူးသဖြင့် အမြူရောင်သိုင်းလောကတွင် လူသိများထင်ရှားသော ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်သည် ပျံလွှားဓားဝမ်ကောလီနှင့်ယှဉ်လျှင် သိုင်းပညာချင်းကမိုးနှင့်မြေပမာ ကွာခြား၍နေပေ၏။

သို့ဖြစ်ရာ ပျံလွှားဓားဝမ်ကောလီက ဓားကို ရိပ်ခနဲလှုပ်ရှားလိုက်သည်နှင့် ခြသေ့နက်ဂိုဏ်းသားများမှာ တစ်ယောက်ယောက်ပြီး တစ်ယောက် လဲကျ သေဆုံးကုန်ကြ လေတော့သည်။

'ရှပ်'

'ခုတ်'

'အား'

'အိး'

ပျံလွှားခါးဝမ်ကောလီက နောက်ထပ်ရန်သူများ ပေါ်ထွက်လာလေဦးမည်လားဟူသော မျှော်လင့်ချက်ဖြင့်ရပ်စောင့်နေသော်လည်း ရန်သူတစ်ဦးတစ်ယောက်မှ ထပ်မံပေါ်ထွက်လာခဲ့ခြင်း မရှိတော့ပါချေ။

သည်တော့မှ ဝမ်ကောလီက သူ့နားတွင်ဒဏ်ရာရပြီး လဲကျနေသော်လည်း အသက်မသေသေးသည့် ခြေသို့နက်ဂိုဏ်းသားကို ဓားဖြင့်ထောက်ပြီး မေးလိုက်လေသည်။

'ဟေ့လူ ခင်ဗျားတို့ဂိုဏ်းချုပ်ရောဘယ်မှာလဲ'

'ကျုပ်ဂိုဏ်းချုပ်နဲ့ လက်ထောက်ဂိုဏ်းချုပ် အပြင်ကိုထွက်သွား....'

ဒဏ်ရာပြင်းထန်စွာရထားသော ခြေသို့နက်ဂိုဏ်းသားသား စကားကိုပင် ဆုံးအောင်မပြောနိုင်တော့ပါချေ။

စကားတစ်ဝက်တစ်ပျက်ဖြင့် ခေါင်းလည့်ကျပြီး ငြိမ်သက်သွားလေသည်။

'ဟင်....အရေးထဲကျမှ'



ဝမ်ကောလီက မချင့်မရဲဖြင့် နောက်ထပ်အသက်ရှင်လျက်ရှိသူရှိလိုရှိငြား လှည့်ပတ်ကြည့်လိုက်၏၊ သို့သော် ရန်သူအားလုံးမှာ တုတ်တုတ်မျှမလှုပ်တော့၊

အားလုံးပင် လဲကျလေဆုံးနေကြပြီး ဖြစ်လေသည်၊ ထို့ကြောင့် ခြေသို့နက်ဂိုဏ်းသားပြောသွားသောစကားမှာအမှန်လား၊ အမှားလား၊ ပျံလွှားခါး ဝမ်ကောလီ ဇဝေဇဝါဖြစ်သွား၏။

'ယန်ဟူကျင်းတို့ကတကယ်ပဲအပြင်ထွက်သွားကြတာလား၊ ဘာပဲဖြစ်ဖြစ် ဒီတဲတွေထဲကိုတော့ ငါဝင်ကြည့်ရမယ်'

ဝမ်ကောလီက တစ်ယောက်တည်း ဆုံးဖြတ်ချက်ချသလို မျိုးပြောလိုက်ပြီးနောက် တဲငယ်များထဲသို့ တစ်လုံးပြီးတစ်လုံး ဝင်ကြည့်လိုက်၏။

ဝင်ကြည့်သည်ဆိုရာတွင် ဓားကိုအသင့်ကိုင်ထားပြီး သတိအပြည့်ဖြင့် ဝင်ကြည့်ခြင်းဖြစ်လေသည်၊ အကယ်၍ အထဲမှ အငိုက်ဖမ်းတိုက်ခိုက်လာလျှင် အငိုက်မမိအောင် သတိထား၍ ဝင်ကြည့်ခြင်းမျိုးဖြစ်၏။

သို့သော် တဲငယ်သုံးလုံးဝင်ကြည့်ပြီးသည်အထိ အသက်ရှိလူသား တစ်ဦးတစ်ယောက်မျှမတွေ့ရချေ။

ထိုနောက် တဲငယ်လေးလုံးမြောက်ကို ဝင်ကြည့်သည့်အခါမှာတော့ မမျှော်လင့်သည့်မြင်ကွင်းကိုမြင်တွေ့လိုက်ရ၍ ပျံလွှားခါး ဝမ်ကောလီ အံ့အားသင့်သွား၏။

သူတွေ့လိုက်ရသည်က ချောမောလှပသည့် မိန်းကလေးတစ်ယောက်နှင့်အတူ ချစ်စဖွယ် ကလေးငယ်တစ်ယောက်ကို အခန်းထောင့်၌ တွေ့မြင်လိုက်ရခြင်းပင်ဖြစ်၏။

မိန်းကလေးမှာ အသက် နှစ်ဆယ်ကျော်ကျော်ခန့်မျှသာ ရှိဦးမည်ဖြစ်ပြီး၊ ရုပ်ရည်မှာ ချောမောသည်ဟုဆိုရမည်ဖြစ်လေသည်။

ကလေးငယ်မှာမူ ချစ်စဖွယ်ကောင်းသည့်ယောကျ်ားလေး တစ်ယော ဖြစ်ပြီး တစ်နှစ်ကျော်ကျော်ခန့်သာရှိဦးမည်ဟုခန့်မှန်းရ၏။

သူ့ကိုမြင်သည့်အခါ မိန်းမပျိုလေးက ရန်ပြုတိုက်ခိုက်မည့် အမူအရာမျိုးမပြဘဲ ကလေးငယ်ကိုသာ တင်းကြပ်စွာပွေ့ဖက်ထားကာ သူ့ကို စူးစမ်းသလိုမျိုး လှမ်းကြည့်နေ၏။

မည်သို့ပင်ဖြစ်စေ အတွေ့အကြုံရှိသည့် ပျံလွှားဓား ဝမ်ကောလီက သတိကိုလုံးဝတော့ လျှော့ချမပစ်လိုက်ပါချေ။

သိုင်းလောက၌ ပရိယာယ်များသလို ထောင်ချောက်များလည်းရှိ၏။

ချောမောလှပသည့် မိန်းမပျိုလေးများက ပရိယာယ်သုံးပြီး အနားကပ်လာမှ အပိုင်တိုက်ခိုက်တတ်သည်များရှိသလို ထို့အပေါ် အာရုံကျရောက်ပြီး သတိလွတ်သွားခိုက် တစ်စုံတစ်ယောက်က ဝင်ရောက်တိုက်ခိုက်ဖူးသည့် သာဓကလည်းများစွာရှိ၏။



သို့ဖြစ်၍ ပျံလွှားဓား ဝမ်ကောလီက သတိဟူသည်ပိုသည် မရှိဟူသော စကားနှင့်အညီပင် သတိထားပြီး ချဉ်းကပ်လာခဲ့သည်။

'မင်းက ဘယ်သူလဲ'

'ကျွန်မက ခြသေ့်နက် ယန်ဟူကျင်းရဲ့ဇနီးပါ'

'ဟင်....'

ထင်သည့်အတိုင်းပင်ဖြစ်နေ၍ ပျံလွှားဓား ဝမ်ကောလီက ပိုလို့ပင်သတိထားလိုက်၏၊ ထိုစဉ်မှာပင် အဆိုပါ မိန်းကလေးက သူ့ကိုမဝံ့မရဲမေးလိုက်၏။

'အစ်ကိုကြီးက ဘယ်သူလဲ'

'ကျုပ်က အဖြူရောင်သိုင်းလောကသား တစ်ယောက်ပါ၊ ပျံလွှားဓား ဝမ်ကောလီဆို သိုင်းလောကမှာ မကြားဖူးသူ ရှိမှာမဟုတ်ပါဘူး'

'ဪ အစ်ကိုကြီးက နာမည်ကျော်သိုင်းပညာရှင်ပျံလွှားဓား ဝမ်ကောလီကိုး'

'မင်းက ကျုပ်ကိုသိလို့လား'

'ကျွန်မက လူကိုမမြင်ဘူးပေမယ့် နာမည်ကိုတော့ကြားဖူးထားပါတယ်၊ အစ်ကိုကြီးကြားရတဲ့ သတင်းစကားတွေအရဆိုရင်တော့ အစ်ကိုကြီးက တကယ်ကို သူတော်ကောင်းသိုင်းပညာရှင်တစ်ယောက်ပဲ'

အဖြူရောင် သိုင်းပညာရှင် တစ်ယောက်ဖြစ်သည့် သူ့ကို အနက်ရောင် သိုင်းပညာရှင်တစ်ယောက်၏ဇနီးက လှိုက်လှိုက် လှဲလှဲ ချီးကျူးပြောဆိုလာသောကြောင့် ပျံလွှားဓား ဝမ်ကော လီမှာ ပို၍ပင် သံသယဝင်သွား၏။

ဒါကို မိန်းမပျိုကလည်း တွေးဆမိပုံရ၏၊ သူ့မျက်နှာကို မော့ကြည့်ရင်းမှ....

'ဒီလိုပြောလိုက်လို့ ကျွန်မအပေါ် သံသယဝင်မသွားပါနဲ့ အစ်ကိုကြီး၊ ကျွန်မက ခြသေ့်နက် ယန်ဟုကျင်းရဲ့ ဇနီးဆိုပေမယ့် သူနဲ့ စိတ်ခေတ်ချင်းက ပြဒါးတစ်လမ်း သံတစ်လမ်းပါ၊ ဒီကထွက်ပြေးချင်ပေမယ့် ထွက်ပြေးခွင့်မသာသေးလို့ ဆက်ပြီး သည်းခံနေနေရတာပါ'

'မင်း အမှန်ကိုပြောနေတာလား'

'တကယ်ပြောတာပါ အစ်ကိုကြီး ကျွန်မက မိကောင်းဖခင် သားသမီးတစ်ယောက်ပါ ကျွန်မနာမည်က ဖူးဝမ်လို့ ခေါ်ပါတယ်၊ ပြောမယ်ဆိုရင် ကျွန်မက ယန်ဟုကျင်းကို လုံးဝ မေတ္တာမရှိပါဘူး၊ သူက ကျွန်မကို အတင်းအဓမ္မ သိမ်းပိုက်ထားလို့သာ သူ့ဇနီးဖြစ်နေရတာပါ'

ဖူးဝမ်ဆိုသော မိန်းကလေး၏မျက်နှာအမူအရာနှင့်ပြောပုံဆိုပုံက ပရိယာယ်သုံးကာ ပြောဆိုနေခြင်းမဟုတ်၍ ပျံလွှားဓားဝမ်ကောလီ၏ ဇဝေဇဝါဖြစ်၍သွား၏။



ထိုဖြစ်ရပ်မျိုးမှာ ဖြစ်တတ်သောသဘာဝမျိုးပင် ဖြစ်သည်ဟု သူထင်သည်၊ သို့ဖြစ်၍ ပျံလွှားဓားဝမ်ကောလီက လေသံကိုပျော့ပြောင်းအောင်ပြင်လိုက်ကာ....

'မင်းပြောတာ အမှန်အတိုင်းဆိုရင်တော့ ခုအခွင့်အရေး ရလာပြီဖူးဝမ်'

'ရှင်....အခွင့်အရေး'

'ဟုတ်တယ် ဒီနေရာမှာရှိနေတဲ့ ခြသေ့်နက်ဂိုဏ်းသား အားလုံး ကျုပ်လက်ချက်နဲ့ အားလုံးသေဆုံးကုန်ကြပြီ ဒါကြောင့် ခုနေကလေးကိုအခါပြီး မင်းထွက်ပြေးမယ်ဆိုရင် မင်းကို ဟန့်တားမယ့်သူမရှိတော့ဘူး'

'အစ်ကိုကြီး တကယ်ပြောတာလား'

'တကယ်ပြောတာပါ'

ဝမ်ကောလီကပြောရင်း တဲအိမ်ထဲမှ ပြန်ထွက်လိုက်ရာ ဖူးဝမ်ဆိုသော မိန်းကလေးကလည်း သားငယ်ကိုချီလျက် တဲထဲမှထွက်လိုက်လာ၏။

နေရာအနှံ့ သေကျသေဆုံးနေသော ခြသေ့်ဂိုဏ်းသားများကိုတွေ့လိုက်ရသည်တွင် ဖူးဝမ်မျက်နှာပေါ်၌ အံ့သြဟန်ပေါ် ပေါက်၍လာ၏။

'သူတို့အားလုံးသေဆုံးကုန်ကြပြီလဲ'

'ဟုတ်တယ် ဒါပေမယ့်မင်းရဲ့ခင်ပွန်းကို မတွေ့ရဘူး သူ အပြင်ထွက်သွားသလား'

'ဟုတ်ပါတယ် အစ်ကိုကြီး သူ့ရယ် လက်ထောက်ဂိုဏ်းချုပ်ကျူးလီရယ် အပြင်ကိုထွက်သွားကြတယ်'

'ဘယ်ကိုသွားကြတာလဲ'

'သူ ဘယ်သွားမယ် ဆိုတာကိုတော့ သူက ဘယ်တော့မှ ပြောလေ့မရှိပါဘူး'

ဖူးဝမ်က အမှန်ကိုပြောခြင်းဖြစ်မည်ဟုသာ ဝမ်ကောလီ ယုံကြည်လိုက်ပါ၏၊ မည်သို့ပင်ဖြစ်စေ....

မတရားသိမ်းပိုက်ခံထားရသော ဖူးဝမ်ဆိုသည့်မိန်းကလေး အတွက်မူ အခွင့်အရေးရသွားပြီဖြစ်၍ ဝမ်ကောလီ ကျေနပ်သွားပါ၏။

'မင်းကို ငါယုံကြည်ပါတယ် ဖူးဝမ်၊ မင်း သွားမယ်ဆို သွားလို့ရပါပြီ'

'ကျွန်မ တစ်ခုလောက် အစ်ကိုကြီးကို မေတ္တာရပ်ခံချင်တယ်'

'ဘာမေတ္တာရပ်ခံမှာလဲ ဖူးဝမ်'

'ဟောဒီ ကျွန်မသားလေးကို အစ်ကိုကြီးခေါ်သွားပြီး ကြီးပြင်းလာသည်အထိ စောင့်ရှောက်ပေးပါလား'



'ဟင်....'

ဖူးဝမ်ဆိုသော မိန်းကလေးထံမှ လုံးဝမျှော်လင့်မထား သောစကားမျိုးကို ကြားလိုက်ရသောကြောင့် ပျံလွှားခါး ဝမ်ကောလီမျက်လုံးပြူး၍သွားမိသည်။

သားဖြစ်သူကို သူကမွေးစားပေးရမည်တဲ့၊ ဖူးဝမ်ဆိုသော မိန်းကလေးသွေးပျက်ပြီးပဲ ရူးသွားပြီလား။

သို့တည်းမဟုတ် သူ မချစ်မနှစ်သက်သော ယန်ဟူကျင်း၏ ရင်သွေးဖြစ်နေ၍ပဲ မမွေးထားချင်၍ပေပဲလား။

သိချင်စိတ်ဖြင့် ဝမ်ကောလီက ပွင့်ပွင့်လင်းလင်းပင် ပြန်မေးလိုက်၏။

'ဘာလဲဖူးဝမ် ဒီကလေးက ခြသေ့်နက်ယန်ဟူကျင်းရဲ့သွေး ပါနေလို့ မင်းမမွေးချင်တာကြောင့် ကျုပ်ကိုပေးတာလား'

'ဒီလိုမဟုတ်ပါဘူးအစ်ကိုကြီး ဒီကလေးက ကျွန်မမေတ္တာ မရှိတဲ့ ယန်ဟူကျင်းရဲ့ သွေးပါနေတာတော့ မှန်ပါတယ်၊ ဒါ ပေမယ့် ကျွန်မရဲ့သွေးပါတဲ့အပြင် ကျွန်မကိုယ်တိုင် ဝမ်းနဲ့ လွယ်ပြီး မွေးထားရတာဖြစ်လို့ ကျွန်မချစ်ပါတယ်'

'ဒါဆိုကျုပ်ကိုပေးတာက'

'တစ်ချိန်ကျရင် အစ်ကိုကြီးလို လူလေးစားရတဲ့ အဖြူ ရောင် သိုင်းပညာရှင်ကောင်း တစ်ယောက် ဖြစ်လာစေချင် လို့ပါ'

ဖူးဝမ်က သူမ၏ မျှော်လင့်ချက်နှင့် ရည်ရွယ်ချက်ကိုထုတ်ဖော်ပြောဆိုလာ၍ ပျံလွှားစား ဝမ်ကောလီ တွေဝေ၍သွားမိသည်။

'သိုင်းပညာရှင်ကောင်း တစ်ယောက် ဖြစ်လာစေချင်လို့'

'ဟုတ်ပါတယ် အစ်ကိုကြီး အကယ်၍ ကျွန်မပဲ ဆက်ပြီးစောင့်ရှောက်ထားမယ်ဆိုရင်ယန်ဟူကျွင်းကရှာတွေ့ပြီးကလေးကို ပြန်ခေါ်သွားနိုင်ပါတယ်၊ နောက်ဆုံး ယန်ဟူကျွင်းရှာမတွေ့ဘူးထား ကျွန်မက မိန်းမသားတစ်ယောက်မျှသာ ဖြစ်တဲ့အတွက် လိမ္မာယဉ်ကျေးတဲ့ လူကောင်းဖြစ်အောင်သာ သွန်သင်ဆုံးမကောင်း ဆုံးမနိုင်မယ် ရဲရင့်သက်မြက်ပြီး သိုင်းပညာတော်တဲ့ သိုင်းပညာရှင်ကောင်းတစ်ယောက် ဖြစ်လာအောင်တော့ ပြုစုပျိုးထောင်ပေးနိုင်မှာ မဟုတ်ပါဘူး၊ ဒါကြောင့် သားလေးကို အစ်ကိုကြီးလက်ထဲလွှဲအပ်ပေးဖို့ကျွန်မဆုံးဖြတ်လိုက်တာပါ'

'ဟို....အဲ'

'ကျွန်မက အနူးအညွတ် မေတ္တာရပ်ခံနေတာဖြစ်လို့ကျေးဇူးပြုပြီး မငြင်းပယ်လိုက်ပါနဲ့ အစ်ကိုကြီး၊ အကယ်၍ အစ်ကိုကြီးသာငြင်းပယ်လိုက်မယ်ဆိုရင် ဒီကလေးရဲ့နောင်ရေးကောင်းဖို့ထက် ဆိုးဖို့သာ ပိုများသွားပါလိမ့်မယ်'



ဖူးဝမ်က ဆက်တိုက်ဆိုသလို တောင်းပန်ပြောဆိုနေသောကြောင့် ဝမ်ကောလီမှာ စိတ်ကောင်းရှိသူပီပီ မည်သို့ ပြန်၍ပြောရမည်မှန်းမသိအောင်ပင် ဖြစ်၍နေလေသည်။

ထိုအခွင့်အရေးကို အသုံးချပြီး ဖူးဝမ်က ကလေးကိုလှမ်းပေးလာရာ အိပ်ပျော်နေသော ကလေးငယ်ကို ဝမ်ကောလီက အယောင်ယောင်အမှားမှားဖြင့် လှမ်းပွေ့ချီလိုက်မိလျက်သား ဖြစ်သွား၏။

'ကျေးဇူးကြီးလှပါတယ် အစ်ကိုကြီး၊ အစ်ကိုကြီးလို နာမည်ကျော် အဖြူရောင် သိုင်းပညာရှင်တစ်ယောက် လက်ထဲရောက်သွားပြီဖြစ်လို့ သားကလေးအတွက် ကျွန်မ လုံးဝစိတ်အေးသွားရပါပြီ'

'ဒါထက် နေပါဦး မင်းကရော ဘယ်သွားမှာလဲ'

'ကျွန်မကတော့ အေးအေးဆေးဆေးပဲ နေပါတော့မယ်'

'မင်း ကိုယ့်ကိုယ်ကိုသတ်သေမှာတော့ မဟုတ်ပါဘူးနော်'

'မဟုတ်ပါဘူးရှင်၊ ကျွန်မက ဒီလောက်မမိုက်မဲပါဘူး၊ အစ်ကိုကြီးလက်ထဲပါသွားတဲ့သားကို ကျွန်မတစ်ချိန်မှာလာကြည့်ဦးမှာပါ၊ ကဲ....အစ်ကိုကြီး သွားချေသွားပါတော့'

'မင်းကရော'

'ကျွန်မကတော့ ဒီတဲတွေအားလုံး မီးရှို့လိုက်ဦးမယ်'

ဖူးဝမ်က ခပ်အေးအေးပင် ပြန်ပြောလာ၏၊ ထို့နောက်၌ ဝမ်ကောလီဘစ်ယောက် မျက်မှောင်ကြုတ်၍သွားမိ၏။

'မီးရှို့မယ် ဟုတ်လား'

'ဟုတ်တယ်အစ်ကိုကြီး၊ ဟောဒီကအလောင်း တချို့ဝါ တဲတွေထဲပြန်ထည့်ပြီး မီးရှို့လိုက်ရင် ယန်ဘူကျွင်းဇဝေဇဝါ ဖြစ်သွားမယ်၊ ဒါမှ ကျွန်မတို့သားအမိနှစ်ယောက်ပါ ရောပြီး သေဆုံးသွားပြီထင်ပြီး လိုက်မရှာတော့မှာပေါ့၊ ကျွန်မပြောတာ ဟုတ်တယ်မဟုတ်လား'

'ဟုတ်တယ်၊ မင်းပြောတဲ့အကြံအစည်ကမဆိုးဘူး၊ ကဲပါ လေ မင်းတစ်ယောက်တည်းဆိုကြာမယ် ကျုပ်ပါ ကူရပါမယ်'

'ကျေးဇူးပါပဲ အစ်ကိုကြီး'

ဖူးဝမ်က ပြုံး၍ပြန်ပြောလိုက်၏၊ နောက်တော့ဝမ်ကောလီနှင့်ဖူးဝမ်တို့က အလောင်းတချို့ကို တဲများပေါ်ပြန်တင်ကာ တဲပေါ်အားလုံးကို မီးရှို့ဖျက်ဆီးပစ်လိုက်ကြ၏။

ပြီးမှ ဟွာကျွင်းတောင်ကြားသမှ ပြန်ထွက်လာခဲ့ကြ၏၊ တောင်ကြားလမ်းကိုလွန်သည်တွင် ဖူဝမ်က စဘင်နှုတ်ဆက်၍ လာ၏။

'ကျွန်မကိုခွင့်ပြုပါ အစ်ကိုကြီး၊ တစ်ချိန်မှာ သားလေးကို အစ်ကိုကြီးလို လေးစားလောက်တဲ့ အဖျော်ရောင်သို့ ပညာရှင် တစ်ယောက်အဖြစ် မြင်တွေ့ခွင့်ရမယ်လို့မျှော်လင့်ပါတယ်'



ဒီးလျှင် ဖူးဝမ်က အိပ်မောကျနေသော ကလေးငယ်၏ ပါးပြင်နှစ်ဖက်ကို နောက်ဆုံး နှုတ်ဆက်သလိုမျိုးနမ်း၏။

ထို့နောက် နေရာမှ စတင်ထွက်ခွာ၍သွားလေသည်၊ သည်နောက်မှ ဝမ်ကောလီက သက်ပြင်းတစ်ချက်ကို လေးလေးပင် ပင့်ချ ပိုက်မိလေသည်။

လက်တွေ့ဖြစ်ရပ်များမှာ စိတ်ကူးယဉ်ထက် ပိုဆန်းကြယ် သည်ဆိုသောစကားက မှန်ကန်ကြောင်း သက်သေခံနေခဲ့ပြီ မဟုတ်ပါလား။

*

( ၃ )

နောက်တစ်ရက်မှာတော့ခရီးထွက်ခွာသွားသောခြေသံ့နက် ဂိုဏ်းချုပ် ယန်ဟူကျင်းမှာ ဟွာကျင်းတောင်ကြားသို့ပြန်လည် ရောက်ရှိလာခဲ့လေသည်။

ခြေသံ့နက်ယန်ဟူကျင်းနှင့်အတူ လက်ထောက် ဂိုဏ်းချုပ် ကျူးလိနှင့် ဂိုဏ်းသား ဆယ်ယောက်ခန့်လည်း ပြန်ပါလာကြသည်။

'ဟင်....'

တောင်ကြားထဲမှလျှိုထဲကိုမရောက်ခင်မှာပင် လဲကျသေဆုံး နေသော ခြေသံ့နက်ဂိုဏ်းသား သုံးယောက်ကို တွေ့လိုက်ရ၍ ယန်ဟူကျင်း အံ့ဩတုန်လှုပ်သွား၏။



'ဟာ....အခြေအနေမကောင်းဘူးထင်တယ် ဂိုဏ်းချုပ်'

'အေး ဟုတ်တယ်၊ မင်း သူတို့ကိုစမ်းကြည့်စမ်း'

'ဟုတ်ကဲ့'

ကျူးလိက သေဆုံးနေသော ခြေသံ့နက်ဂိုဏ်းသားများ၏ အလောင်းကို စမ်းသပ်ကြည့်သည်၊ ပြီးလျှင် ပြန်ထရပ်လျက် ပြောလာ၏။

'သူတို့ ဒီနေ့မှ သေဆုံးတာ မဟုတ်ဘူး ဂိုဏ်းချုပ် ဟိုနေ့ ကတည်းက သေဆုံးထားတာဖြစ်မယ်'

'ဟုတ်လား၊ ဒါဆို ငါတို့ခပ်မြန်မြန် ဝင်ကြစို့'

'ဟုတ်ကဲ့'

ဂိုဏ်းသားများအပြင် ဇနီးနှင့်ရင်သွေးလေး ရှိနေသည်ဟူ သော အသိကြောင့် ခြေသံ့နက်ဂိုဏ်းချုပ်ဟူကျင်းက တောင် ကြားမှတစ်ဆင့် လျှိုထဲကို အလျားဖားလျားပင် ခုန်ဆင်းလိုက် သည်။

'ဟင်'

'ဟင်'

မြင်တွေ့လိုက်ရသော မြင်ကွင်းကတော့ တကယ့်ကိုမလှပ၊ လဲကျသေဆုံးနေကြသော အလောင်းတချို့၊ ပြီးတော့ မီး လောင်ကျွမ်းထားကာ ပြာကျလျက်ရှိနေသောတဲငယ်များ။

'တောက်'

ခံပြင်းဒေါသဖြင့် တောက်ခေါက်လိုက်သလို ယန်ဟူကျင်း ရင်ထဲတွင်လည်း တူပူ၍သွား၏။ သေဆုံးနေသော လူများထဲတွင် သူ့ဇနီးနှင့်ကလေးကိုမတွေ့။

သို့သော် တဲငယ်အားလုံးမှာ မီးလောင်ကျွမ်းသွားပြီဖြစ်၍ ထိုထဲတွင် သူ့ဇနီးဖူဝမ်နှင့် သားငယ် ပါမသွားဟု မပြောနိုင်ချေ။

'ကျွန်တော်တို့စခန်းကို လုံးဝ ဖျက်ဆီးသွားတာပါလား ဂိုဏ်းချုပ်'

'ဟုတ်တယ် ကျူးလီ၊ ငါ့ဇနီးနဲ့ကလေးလဲ မတွေ့တော့ဘူး ထွက်ပြေးသွားတာလား၊ သေသွားပြီလား မပြောတတ်ဘူး'

'ထွက်ပြေးလွတ်မြောက်ဖို့ကတော့ မလွယ်လှဘူး ဂိုဏ်းချုပ် ဟောင် ဒီမှာ တစ်ယောက်မသေခင် သွေးနဲ့စာရေးသွားခဲ့တာပဲ'

'ဘယ်မှာလဲ ပြစမ်း'

ကျူးလီစကားကြောင့် ခြေသံ့နက်ဂိုဏ်းချုပ်ယန်ဟူကျင်းက မြေပြင်တွင် ပြာပြာသလဲ ပြေးငုံ့ကြည့်လိုက်သည်။

မှန်ပါသည်၊ သေဆုံးနေသူများထဲမှ တစ်သူက မသေခင် သွေးဖြင့် ကြိုးစားရေးသွားသည်လည်း မပြောတတ်။



မာကြောခြောက်သွေ့သော မြေသားပေါ်တွင် စာလုံးများက ထင်ရှားနေသည်။

'ဟင်…ပျံလွှားဓားဝမ်ကောလီဆိုပါလား'

ခြေသံ့နက်ဂိုဏ်းချုပ် ယန်ဟူကျင်းက အသံထွက်ပြီး ဖတ်လိုက်ရာ ကျူးလီက ပြာပြာသလဲဖြင့်ဝင်၍….

'ဟုတ်ပြီ ဂိုဏ်းချုပ်၊ ဒါဆို သေချာသွားပြီ ကျွန်တော်တို့ ခရီးသွားနေတုန်း ပျံလွှားဓားဝမ်ကောလီတစ်ယောက်တည်း ဝင်လာပြီး အားလုံးကို သတ်သွားတာပဲ ဖြစ်ရမယ်'

'တောက်…တယ်လဲရက်စက်ပါလား ဝမ်ကောလီ မင်းက အပြစ်မဲ့တဲ့ ငါ့မိန်းမနဲ့ကလေးကိုတောင်မှ အသက်ချမ်းသာခွင့်မပေးခဲ့ဘူး'

'ဟုတ်တယ် ဂိုဏ်းချုပ်၊ ပျံလွှားဓားဝမ်ကောလီက သိုင်းပညာထက်မြက်သလောက် အနက်ရောင်သိုင်းသမားတွေနဲ့တွေ့ရင် ပြတ်သားတယ်လို့ ကျွန်တော်ကြားဖူးတယ်၊ စာရေးပြီး သဲလွန်စပေးထားတဲ့နောက်တော့ သူ့လက်ချက်ပဲဆိုတာ သိပ်ကိုသိသာနေပါပြီ'

မြေခွေးကျူးလီ၏စကားက ဒေါသထွေးဆူနေသောယန်ဟူကျင်းကို ပိုလို့ပင် နာကျည်းခံပြင်းသွားစေခဲ့သည်။

သူ့တပည့်များကို သတ်ဖြတ်သွားသည်ထက် သူ့အမြတ်နိုးဆုံးသော ဇနီး ဖူဝမ်နှင့်သားငယ်ကို သတ်ဖြတ်သွားခြင်းအ

တွက် ပျံလွှားစားဝမ်ကောလီအုပေါ် မည်သို့မျှ ခွင့်မလွှတ်နိုင်အောင် ဖြစ်၍သွား၏။

'မင်းကိုငါ တစ်ဘက်မကျေဘူး ဝမ်ကောလီ၊ ဒီပွဲပြီးရင် အတွက် မင်းကောင်းကောင်းကြီး နောင်တရနေရမယ်'

ခြင်္သေ့နက်ဂိုဏ်းချုပ်ယန်ဟူကျင်းက အေးစက်သော လေသံဖြင့် ကြွေးကြော်၍မှ မဆုံးသေး၊ ထိုနေရာကို ခြင်္သေ့နက်ဂိုဏ်းသားတစ်ယောက် ပြေးလွှားရောက်ရှိ၍လာ၏။

'ဂိုဏ်းချုပ်'

'ဘာလဲ'

'တောင်ကြားလမ်းထဲကို မြင်းစီးရဲမက်တွေဝင်လာနေပြီ'

'မြင်းစီးရဲမက်တွေ'

'ဟုတ်ပါတယ် အင်အားကမနည်းလှဘူး၊ နယ်စားကြီးရဲ့ လက်ရွေးစင်ရဲမက်တွေလို့ ထင်ပါတယ်'

တစ်ပူပေါ် နှစ်ပူဆင့်ဆိုသောစကားအတိုင်းပင် ဇနီးနှင့်သားငယ်အတွက် ခံစားမှုမှမကြံသေး၊ မမျှော်လင့်သော အန္တရာယ်က ပေါ်ပေါက်၍လာချေပြီ။

ထို့ကြောင့် ဝမ်းနည်းကြေကွဲမှုနှင့် ခံပြင်ဒေါသထွက်မှုများကို ဘေးချိတ်ကာ လောလောဆယ်ထွက်ပြေးလွတ်မြောက်ရေးအတွက် ခြင်္သေ့နက်ယန်ဟူကျင်း ပြင်ဆင်ရတော့၏။



'ဒါဆို မဟုတ်မှလွဲရော ဝမ်ကောလီသတင်းပေးလိုက်တာပဲ ဖြစ်ရမယ်'

'ဒါကိုအသာထားပါဦးဂိုဏ်းချုပ်၊ ခုချိန်မှာ ထွက်ပြေးလွတ်မြောက်ဖို့ အရေးကြီးနေပါတယ်'

'မင်းပြောတာဟုတ်တယ် ကျူးလီ၊ ကဲ....အားလုံးပဲ ဒီဘက်ကအမြန်ဆုံးထွက်ကြမယ်'

အဝင်ဘက်မှ မြင်းစီးရဲမက်များ ဝင်ရောက်လာကြပြီဆိုခြင်းကြောင့် ခြင်္သေ့နက်ယန်ဟူကျင်းတို့လူစုက ကျန်တစ်ဖက်မှ အမြန်ဆုံး ရှောင်ထွက်ရန် ကြိုးစားလိုက်ကြ၏။

'ဟင်....'

သို့သော် သည်တစ်ကြိမ်မှာတော့နယ်စားကြီး၏ရဲမက်များက သူတို့ထက် ပိုမိုပါးနပ်၍နေပေသည်။

လူခွဲပြီးဝင်လာကြခြင်းဖြစ်ရာ သူတို့ဖောက်ထွက်မည့်ဘက်မှလည်း ရဲမက်များက ပိတ်ဆို့ပြီးဖြစ်လို့နေ၏။

'ဟင်....ဂိုဏ်းချုပ်၊ ဒီဘက်မှာလဲ ရဲမက်တွေပိတ်ထားပြီ ဘယ်လိုလုပ်ကြမလဲ'

'မထူးတော့ပါဘူးကွာ၊ သူတို့လက်ထဲမှာတော့ အဖမ်းမခံနိုင်ဘူး၊ သေချင်သေ ရအောင်ဖောက်ထွက်ကြမယ် အားလုံးဝင်တိုက်'

'ကျား'

ခြသေ့်နက်ဂိုဏ်းချုပ် ယန်ဟူကျင်းက ကျယ်လောင်စွာ အော်ဟစ်အမိန့်ပေးရင်း ရဲမက်များပိတ်ဆို့ထားရာသို့ ရဲရင့်စွာ တိုးဝင်သွား၏။

ထိုအခါ ရဲမက်များထံမှ မြားတံများက လေထဲကိုခွင်းကာ ပလူပျံအောင်ပင် ပျံဝဲရောက်ရှိလာ၏။

'ဝှင်း...ဝှစ်'

'ဒုတ်'

'အား'

ထိပ်တန်းသိုင်းပညာရှင် အဆင့်တွင်ရှိသည့် အနက်ရောင်သိုင်းသမား ခြသေ့်နက် ယန်ဟူကျင်းက မြားတံများကိုလက်ဖြင့် ရိုက်ဖယ်၍လည်းကောင်း၊ အလွတ်တိမ်းရှောင်၍လည်းကောင်း အနားရောက်အောင် တိုးဝင်သွားနိုင်ခဲ့ပေသည်၊

သာမန်သိုင်းသမားများသာဖြစ်ကြသည့် ခြသေ့်နက်ဂိုဏ်းသားများကား ထိုသို့မတတ်နိုင်ကြချေ။

ထို့ဖြစ်၍ ဆယ်ယောက်အနက် ထက်ဝက်ခန့်မှာ ရဲမက်များကိုမရောက်ခင်မှာပင် မြားတံများစိုက်ဝင်ပြီး လဲကျသေဆုံးကုန်ကြ၏။

ထို့အတူ လက်ထောက်ဂိုဏ်းချုပ် ကျူးလို၏ပခုံးကိုလည်း မြားတံတစ်ချောင်း စိုက်ဝင်သွား၏၊ လောလောဆယ်တွင်



မိမိ၏အသက် ရှင်သန်လွတ်မြောက်ရေးကသာလျှင် အဓိကဟု နားလည်ထားသော ခြသေ့်နက် ယန်ဟူကျင်းက မည်သူ့ကိုမျှ ငဲ့ကြည့်မနေနိုင်တော့ပေ။

လွှားခနဲခုန်ပျံ၍ မြင်းပေါ်မှရဲမက်တစ်ဦးအား လက်သီးဖြင့်ထိုးချလိုက်၏။

'ဝုန်း'

'အွန့်'

ပြင်းထန်သည့်လက်သီးချက်ဒဏ်ကြောင့် မြင်းစီးရဲမက်မှာ မြင်းပေါ်မှ ဒလိမ့်ကောက်ကွေး ပြုတ်ကျသွား၏၊ ထို့အတူ အဆိုပါမြင်းပေါ်၌ ယန်ဟူကျင်းကလည်း အခန့်သင့် ထိုင်မိလျက်သားဖြစ်သွား၏။

ထိုအခါ မြင်းစီးရဲမက်နှစ်ဦးက ဓားဖြင့်ညှပ်ပြီးဝင်ရောက်တိုက်ခိုက်လာကြပြန်၏။

'ကျား'

'ဟိတ်'

'ချွောင်း'

'အူး'

သို့သော် အနက်ရောင်ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဖြစ်သည့် ခြသေ့်နက်ဂိုဏ်းချုပ် ယန်ဟူကျင်းကိုမူ ထိုမျှလောက် လွယ်ကူစွာတိုက်ခိုက်မရခဲ့ပါချေ။

ယန်ဟူကျင်းက ခြေနှင့်လက်ကို သွက်လက်စွာ လှုပ်ရှားလိုက်သည်တွင် မြင်းစီးရဲမက်နှစ်ယောက် ပြုတ်ကျသွားပြန်သည်။

သည်တော့မှ ခြသေ့်နက် ယန်ဟူကျင်းက တို့ဆိုင်းမနေတော့ဘဲ ထိုနေရာမှ မြင်းကိုဒုန်းစိုင်းနှင်လျက် ပြေးထွက်လိုက်သည်။

'ဟိုင်း'

အတော်ဝေးဝေးကို ရောက်သည့်အခါမှပင် ကံဆိုးချင်တော့ မြားတံတစ်ချောင်းက သူ၏ဘယ်ဘက်လက်ပြင်ကိုလာစိုက်၏။

'ဒုတ်'

'အ....'

သို့သော် လွတ်မြောက်ရေးက ပိုအရေးကြီးနေသည်ဖြစ်၍ ယန်ဟူကျင်း ဒဏ်ရာကိုဂရုမစိုက်အားပေ။

မြားတံကန်းလန်းဖြင့်ပင် မြင်းကိုဒုန်းစိုင်းလျက် ထိုနေရာမှ ဆက်လက်ပြေးထွက်လာခဲ့လေတော့သည်။

* * *

ခြသေ့်နက်ဂိုဏ်းချုပ် ယန်ဟူကျင်းမှာ ယုံကြည်စိတ်ချရသော မိတ်ဆွေတစ်ယောက်၏နေအိမ်တွင် ပုန်းအောင်းရင်း လက်ပြင်မှ မြားဒဏ်ရာအိုလုံးဝပျောက်ကင်းအောင် ပြန်လည်ကုစားခဲ့ရ၏။

ထိုအတောအတွင်းတွင် ယန်ဟူကျင်း အခဲမကျေဖြစ်နေမိသူတစ်ယောက်တော့ရှိပေ၏၊ ထိုသူကား တစ်ခြားသူမဟုတ်၊ အဖြူရောင်သိုင်းလောကမှ နာမည်ကြီးလိုင်းပ်ညာရှင်မျိုးလွှားဓားဝမ်ကောလီပင်။

'တော်က်....မင်းကို ငါဘယ်တော့မှမကျေဘူး ဝမ်ကောလီ ငါ့မိန်းမနဲ့ ားလေး သေဆုံးရဘာအတွက် ငါတည့်ထောင်

ခဲ့တဲ့ ခြင်္သေ့နက်သိုင်းဂိုဏ်း လုံးဝပြိုကွဲပျက်စီးသွားတဲ့အတွက် မင်းကို ပြန်ပြီး လှလှပပ ကလဲ့စားချေရမယ်ကွ"

ဒဏ်ရာက နာကျင်သည်ထက် သူမြတ်နိုးရခဲ့သော ဇနီးသည် ဖူးဝမ်နှင့် သားငယ် ဆုံးရှုံးရပြီဟူသော အသိကြောင့် သူ့ရင်က ပို၍နာကျင်နေပေ၏။

ထို့ပြင် ခြင်္သေ့နက်ဂိုဏ်းသားအားလုံးလည်း သေဆုံးသွားပြီဖြစ်၍ ပြန်လည်ထူထောင်ရန်ကား မလွယ်ကူတော့ချေ။

**သူမရှိခင် ဝင်ရောက်တိုက်ခိုက်သွားသူမှာ** ပျံလွှားခေါ်းဝမ်ကောလီဖြစ်ကြောင်း တပည့်တစ်ယောက်က သွေးဖြင့်စာရေးကာ ဖော်ပြထားခဲ့သလို...

သူ့ကို တောင်ကြားထဲတွင်ရှိနေစဉ် နယ်စား၏ရဲမက်များ လာရောက်ဖမ်းဆီးကြခြင်းမှာလည်း ပျံလွှားခေါ်းဝမ်ကောလီ၏ သတင်းပေးမှုကြောင့်ဟုပင် ယန်ဟူကျင်း ထင်မြင်ယူဆမိပေသည်။

သို့ဖြစ်၍လည်း ခြင်္သေ့နက်ယန်ဟူကျင်းမှာ ပျံလွှားခေါ်းဝမ်ကောလီအပေါ် ခွင့်မလွှတ်နိုင်အောင်ဖြစ်ခဲ့ရ၏။

သို့ဖြင့် နာကျည်းစိတ်များဖြင့် တစ်လခန့်ကျော်မြင့်သည်တွင် လက်မြင့်တွင်ရထားသော မြားဒဏ်ရာက လုံးဝ သက်သာပျောက်ကင်း၍သွား၏။



သည်တော့မှ လှုပ်ရှားရန် အချိန်တန်ပြီဟုယူဆကာ မိတ်ဆွေဖြစ်သူကို ကျေးဇူးတင်စကားပြောလျက် ခြင်္သေ့နက် ယန်ဟူကျင်း ထိုအိမ်လေးမှ ပြန်လည်ထွက်ခွာ၍ သွားခဲ့လေသည်။

ပျံလွှားခေါ်းဝမ်ကောလီကဲ့သို့ ထက်မြက်သော ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ကို မျက်ဆိုင်တိုက်ခိုက်ပြီး ကလဲ့စားချေရန်မှာ လွယ်ကူသောကိစ္စတစ်ခုမဟုတ်ချေ။

လူကောင်းပကတိ အနေအထားဖြင့်ပင် အစွမ်းကုန်တိုက်ခိုက်ရမည်ဖြစ်ရာ ဒဏ်ရာမပျောက်ကင်းသေးဘဲ သွားရောက်ရင်ဆိုင်ပါက ကိုယ့်သေတွင်း ကိုယ်တူးသလိုမျိုး ဖြစ်၍သွားပေလိမ့်မည်။

ထို့သို့ တွေးဆမိသောကြောင့်လည်း ပါးနပ်သော ခြင်္သေ့နက်ယန်ဟူကျင်းက လက်မြင့်မှဒဏ်ရာ လုံးဝသက်သာပျောက်ကင်းသည်အထိ ကုသရင်း ပြည့်ပြည့်ဝဝ အားမွေးခဲ့ခြင်းပင် ဖြစ်သည်။

ယခုမူ လက်မြင့်မှဒဏ်ရာ ပျောက်ကင်းသက်သာသွားပြီ ဖြစ်သလို အားလည်းပြန်ပြည့်ဝသွားပြီဖြစ်၍ ပျံလွှားခေါ်းဝမ်ကောလီအား ပြန်ကလဲ့စားချေရန် ဆွဲဖူးမြို့သို့ ဦးတည်ထွက်ခွာ၍လာခဲ့သည်။

ပျံလွှားခေါ်းဝမ်ကောလီအား လူသိများသော ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဖြစ်သောကြောင့် ဝမ်ကောလီ၏

နေအိမ်ကို စုံစမ်းရသည်မှာ သူ့အတွက် အခက်အခဲမရှိလှပါချေ။

လမ်းတွင်တွေ့သော ပဲပြားသည်တစ်ယောက်ကို မေးကြည့်သည်နှင့်ပင် ပျံလွှားဓားဝမ်ကောလီ၏နေအိမ်ကို ယန်ဟူကျင်း တိတိကျကျ သိခွင့်ရလိုက်ပေ၏။

အချိန်ကား နေ့လယ်ခင်း လင်းလင်းချင်းချင်းရှိနေသေး၍ အကြံသမားခြင်္သေ့နက်ယန်တူကျင်းက သူ့အကြံကိုအကောင်အထည်ဖော်ရန် မကြိုးစားခဲ့ပါချေ။

နေအိမ်ကိုသာ မမှားယွင်းရအောင် သေချာမှတ်သားထားပြီးနောက် တစ်နေ့လုံး အရက်ဆိုင်တစ်ခုတွင် ဝင်၍ အချိန်ဖြုန်းနေလိုက်၏။

ထို့နောက် ညလူခြေတိတ်ချိန်ရောက်မှ အရက်ဆိုင်မှထွက်ကာ မြို့လယ်လမ်းမအတိုင်း အေးအေးလူလူပင် လျှောက်၍လာခဲ့၏။

သူ ဝင်သောက်နေခဲ့သော အရက်ဆိုင်မှာလည်း သူ့ကိုနှင်မထုတ်ရဲသောကြောင့် သူ ဆိုင်ပြင်ထွက်လာမှပင် အရက်ဆိုင်တံခါးကို ပိတ်လိုက်ကြ၏။

အချိန်ကားမနည်းတော့ ညဉ့်နက်သန်းခေါင်အချိန်သို့ပင် ရောက်နေချေပြီ၊ ကောင်းကင်ပြင်၌ လက တစ်ဝက်လောက်သာနေသည်ဖြစ်ရာ ယဲ့ဖူးမြို့လေးမှာ အေးချမ်းသောလရောင်



အောက်တွင် ငြိမ်သက်တိတ်ဆိတ်စွာပင် အိပ်မောကျ၍နေလေသည်။

မြို့ဈေးလယ်လမ်းမအဖြတ်တွင် ဆိတ်ငြိမ်နေသောမြို့ဈေးကိုကြည့်ပြီး မနက်ခင်းက စည်ကားခဲ့သည်များကိုပင် ယန်ဟူကျင်းပြန်လည်မြင်ယောင်လိုက်မိ၏။

ဈေးသည်များ၊ ဈေးဝယ်များ၊ အော်ဟစ်ရောင်းချသံများ၊ ရယ်မောသံများ၊ ဈေးဆစ်သံများဖြင့် ဆူညံနေသည့် မြို့ဈေးကြီးမှာ ယခုတော့လည်း အပ်ကျသံကြားရလောက်အောင်ပင် ငြိမ်သက်ခြင်းတို့လွှမ်းမိုးနေချေပြီ။

ဈေးကိုအလွန်တွင် ဈေးစောင့်ဖြစ်ပုံရသော လူကြီးတစ်ယောက်က မီးအိမ်ကိုမြှောက်လျက် တောင့်ချိုးတစ်ခုမှ ပေါ်ထွက်လာ၏။

သူ့ကိုမြင်သော်လည်း အဘိုးကြီးက ထူးထူးခြားခြားစိတ်ဝင်စားဟန်မပြပါချေ၊ သူ့ကို သာမန်ကာလျှံကာ တစ်ချက်မျှသာကြည့်ပြီးနောက် တလှုပ်လှုပ်ဖြင့်ဆက်လျှောက်သွားလေသည်။

ဒါက သဘာဝကျပါသည်၊ လောင်းကစားဝိုင်းများမှ ထပြန်လာသူများ၊ အရက်ဆိုင်မှထပြန်လာသူများကို ဤအချိန်တွင် တွေ့ရတတ်သလို ဆောင်းကြာမြိုင်ကို သွားလာတတ်သူ

များလည်း ရှိသောကြောင့် ဈေးစောင့်အကိုးကြီးက သူ့ကို ထူးထူးခြားခြား စိတ်ဝင်စားဟန် မပြခြင်းပင် ဖြစ်ပေလိမ့်မည်။

ထို့နောက် ခြသေ့်နက် ယန်ဟူကျောင်းက မြို့ဈေးကိုကျော်ပြီး သိုင်းကျောင်းတစ်ခု၏ဘေး လမ်းကြားထဲသို့ ချိုးကွေ့ဝင်လိုက်၏။

ထိုလမ်းထဲတွင် ပျံလွှားဓား ဝမ်ဖေလီ၏နေအိမ် ရှိနေသည်ကို ယန်ဟူကျောင်း သေသေချာချာ မှတ်သားထားခဲ့လေသည်။

နောက်တော့ အဆိုပါအိမ်ရှေ့ ရောက်သည်တွင် ခြသေ့်နက် ယန်ဟူကျောင်းက ပေါ့ပါးစွာဖြင့်ပင် အုတ်ခြံစည်းရိုးကိုခုန်ကျော်ဝင်လိုက်၏။

ပြီးလျှင် ကိုယ်ဖော့ပညာကိုအသုံးပြု၍ အိမ်ခေါင်မိုးပေါ်သို့ခုန်တက်လိုက်၏။ နေအိမ်တွင်းသို့ဝင်ရောက်ရန်မှာ ခေါင်မိုး အုတ်ကြွပ်ပြားကိုခွာပြီး ဝင်ရောက်ခြင်းထက် ပိုမိုလွယ်ကူသည့် နည်းလမ်းမရှိ။

သို့ဖြစ်၍ ခြသေ့်နက်ယန်ဟူကျောင်းက အုတ်ကြွပ်ပြားများမှ တစ်ချပ်ကို ဆွဲဖယ်လိုက်ရာ လူတစ်ယောက် ဝင်ဆံ့သည့် အပေါက်ငယ်တစ်ခုဖြစ်ပေါ်လာ၏။

ကျွမ်းကျင်မှုကြောင့် ဟုတ်တိပတ်တိ အသံမထွက်လိုက်ဘဲ ယန်ဟူကျောင်း အိမ်ထဲကိုရောက်ရှိသွား၏။



သူရောက်ရှိသွားသည့်အခန်းထဲ၌ မီးအိမ်တစ်ခု ထွန်းညှိထား၍ အနေတော်အသင့် လင်းနေ၏။

သို့ဖြစ်၍ ကြိမ်ပုခက်အတွင်း၌ ကလေးငယ်တစ်ယောက်ကို ယန်ဟူကျောင်း မြင်လိုက်ရရာ သူ့ကိုယ်သူ သတိမထားမိသေးခင်မှာပင် ထိုနေရာကိုရောက်သွားပြီးဖြစ်၏။

ကလေးငယ်က ခြောက်လသားခန့်မျှသာ ရှိပေဦးမည်။ အနီးကိုကပ်ကြည့်ရာ မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း တွေ့လိုက်ရ၏။

'ဒါဟာ ဒင်းရဲ့သမီးပဲဖြစ်ရမယ်'

ကလေးငယ်ကို မြင်တွေ့လိုက်ရသည့် အခါမှာပင် ယန်ဟူကျောင်း၏ မျက်လုံးထဲမှာ သားလေးကို ပြန်မြင်ယောင်မိလိုက်သလို မူလ စိတ်ကူးထားသည့် ရည်ရွယ်ချက်များကလည်း ပြောင်းလဲသွား၏။

'အင်း...ဟုတ်ပြီ၊ ဒင်းကို ခုနေသာ လုပ်ကြံရင် အောင်မြင်ချင်မှ အောင်မြင်မှာ၊ အကယ်၍ အောင်မြင်သည့်ပဲထား...သူ [illegible]လိုက်ရမှာမဟုတ်ဘူး၊ ဒီကလေးကို ငါခိုးယူသွားရင် ပို[illegible]မယ်၊ ဒါမှ ငါ့သားလေးသေဆုံးလို့ ခံစားရတဲ့ခံစားမှုမျိုး ဒင်းပြန်ပြီးခံစားရမယ်၊ ဒီထက်ပိုကောင်းတာက ဒီကလေးကို ကြီးပြင်းလာအောင်မွေးထားပြီး ကြီးလာမှ သူ့အဖေတစ်ယောက်ကို ပြန်ရန်ဘက်ခိုင်းရမယ်၊ ဟာ...ဟုတ်တယ်၊ ဒီထက်ကောင်းတဲ့နည်းလမ်း မရှိတော့ဘူး'

ခြသေ့်နက် ယန့်ဟူကျင်းက ကိုယ့်စိတ်ကူးနှင့်ကိုယ်သဘော ကျလွန်းသောကြောင့် နှုတ်မှ အသံထွက်တော့မတတ်ပင်ဖြစ် သွား၏။

ပြီးမှ အချိန်မီပြန်ထိန်းကာ အနှီးဖြင့် ပတ်ထားသည့် အိပ်မောကျနေသည့် ကလေးငယ်ကို အသာအယာပွေ့ချီယူ သွက်၏။

ကလေးငယ်ကိုရသည်နှင့် ယန့်ဟူကျင်းက အိမ်ထဲ၌ဆက် မနေတော့ပဲ စောစောကဝင်လာသည့်အပေါက်မှပင်ပြန်ထွက် လာခဲ့လေ၏။

ယဲ့ဖူးမြို့လေးကတော့ ထိုအဖြစ်အပျက်ကိုမသိသည့်အလား လရောင်အောက်၌ တိတ်ဆိတ်မြိတ်ဆိတ်လျက်သာ။



တကယ်တော့ ထိုအချိန်တွင် ပျံလွှားခေါ် ဝမ်ကောလီမှာ ဒိုက်နာ၍ အိမ်သာတက်နေခြင်းမျှသာဖြစ်၏။

အတော်ကြာပြီးမှ ဝမ်ကောလီက နေအိမ်ထဲကိုပြန်ဝင်လာ ခဲ့၏၊ ယန့်ဟူကျင်း၏တွက်ကိန်းက မှန်ပါသည်။

သူ ယူပြေးသွားသည့်ကလေးငယ်မှာ ဝမ်ကောလီ၏သမီး ငယ်လေးပင် ဖြစ်၏၊

ဝမ်ကောလီ၏ဇနီးသည်မှာ သမီးငယ်ကိုမွေးပြီး ဆုံး သွားသောကြောင့် သနားစရာကလေးငယ်မှာ လူ့လောကထဲ ရောက်ရောက်ချင်းပင် မိခင်မဲ့ဘဝကို စတင်ရင်ဆိုင်လိုက်ရလေ သည်။

ခုတော့ ပိုကံဆိုးစွာဖြင့် အနက်ရောင်ထိပ်တန်းသိုင်းသမား ခြသေ့်နက်ယန့်ဟူကျင်း၏လက်ထဲပါသွားပြန်ချေပြီ။

သို့သော် ခြသေ့်နက် ယန့်ဟူကျင်းမသိလိုက်သောအချက် တစ်ချက်တော့ရှိသည်၊ ယင်းကားတစ်ခြားမဟုတ်။

သူဝင်ရောက်ခဲ့သော အခန်း၏တစ်ဘက်ခန်းတွင် သူ၏ သားငယ်သည်လည်း အေးအေးချမ်းချမ်း အိပ်မောကျလျက် ရှိသည်ဆိုသောအချက်ပင်ဖြစ်၏။

မှန်ပါသည်၊ စိတ်ကောင်းရှိသောအဖြူရောင် သိုင်းညာ ရှင်ပျံလွှားခေါ် ဝမ်ကောလီက ဖူးဝမ်ကို ကတိပေးခဲ့သည့်

အတိုင်းပင် ယန့်ဟူကျင်းနှင့်ဖူးဝမ်တို့၏သားလေးကိုလည်းသူ့သားရင်းတစ်ယောက်လိုပင် သဘောထားပြီးပြုစုခဲ့ပေ၏။

သူ့သမီးလေးထက် အနည်းငယ်ပိုကြီးသော ထိုကလေးငယ်မှာ ကြီးလာလျှင် သူ့သမီးအတွက် ကစားဖော်လည်းဖြစ်လာမည်ဟု တွေးဆမိသောကြောင့် မိတဆိုးသမီးလေး၏အထီးကျန်ဖြစ်မည့်အရေးအတွက်လည်း ဝမ်ကောလီ အနည်းငယ်စိတ်အေးခဲ့ရလေ၏။

သို့သော်ပျံလွှားခေါ် ဝမ်ကောလီ၏ကျေနပ်မှုများမှာမနက်မိုးလင်းချိန်မှာတော့ လုံးဝပျက်ပြယ်လွင့်စဉ် သွားခဲ့ရလေသည်။

အကြောင်းမူ ယန့်ဟူကျင်းနှင့် ဖူးဝမ်တို့၏သားလေးကာမူနေရာတွင်ပင်ရှိနေခဲ့ဖြစ်သော်လည်း သူ၏ ရင်သွေးသမီးငယ်လေးမှာမူ ကြိမ်ပုခက်ထဲမှာ မရှိတော့ဘဲ ပျောက်ချင်းမလှပျောက်ဆုံးနေသောကြောင့်ပင်ဖြစ်၏။

'ဟင်…ငါ့သမီးလေးမ မရှိတော့ပါလား'

တစ်ကြိမ်မျှမခံစားရလေးဘူးသော ခံစားမှုမျိုးဖြင့်ပျံလွှားခေါ်ဝမ်ကောလီမှာ ဆောက်တည်ရာ မရဟု ဆိုရလောက်အောင်ပင် ပြင်းစွာတုန်လှုပ်၍သွား၏။

အခန်းထဲတွင်လည်း ရှင်းလင်း၍နေသောကြောင့် ကလေးငယ်ပုခက်ထဲမှ ဖောက်ကိုပြုတ်ကျခြင်းမှာလည်း မဖြစ်နိုင်ချေ



'ဘယ်လိုဖြစ်တာလဲ ငါ့သမီးလေးပျောက်သွားပုံက ဆန်းလှချေလား'

ဝေခွဲမရဖြစ်နေရှာသော်လည်း မော့ကြည့်လိုက်သော ပျံလွှားခေါ်ဝမ်ကောလီမှာ အိမ်ခေါင်းမိုးပေါ်မှ အုတ်ကြွပ်ပြားတစ်ချပ်လစ်ဟာပြီး အပေါက်တစ်ခုဖြစ်ပေါ်နေသည်ကို တွေ့လိုက်ရသည်တွင် ခေါင်းနပန်းကြီးသွားသလို တစ်စုံတစ်ရာကိုလည်းဆက်စပ်ပြီးစဉ်းစားမိသလို ဖြစ်သွား၏။

'အပေါ်က အုတ်ကြွပ်ပြားတစ်ချပ်လပ်နေပါလား၊ ဒါဆိုလဲ ဒီကနေ လူတစ်ယောက်ဝင်ပြီး သမီးလေးကို ခိုးသွားတာပဲဖြစ်ရမယ်'

ထိုသို့ စဉ်းစားမိပြန်တော့လဲ ပျံလွှားခေါ်ဝမ်ကောလီမှာ စိတ်ရှုပ်ထွေးပြီး ပို၍ ဦးနှောက်ခြောက်ရပြန်၏။

ထိုခိုးဝင်လာသူမှာ တစ်ခြားဘာပစ္စည်းမှ မယူဘဲ အဘယ်ကြောင့် လသားအရွယ်သူ၏သမီးငယ်လေးကိုမှ ရက်စက်စွာခိုးယူသွားရလေသနည်း။

နောက်ပြီး ထိုမြင့်မားသောနေရာမှ ဝင်ရောက်လာခြင်းကိုထောက်၍ တရားမှာ သာမန်သူခိုးမျိုးမဟုတ်ဘဲ ကိုယ်ဖော့ပညာမြင့်မားလှသော သိုင်းပညာရှင်တစ်ယောက်ဖြစ်မည်ဟုလည်း ဝမ်ကောလီတွက်ဆမိလိုက်သည်။

'ဒီလို ထိပ်တန်းကိုယ်ဖော့ပညာရှင်တစ်ယောက်က ဘာ့ကြောင့် သူခိုးဖြစ်နေရတာလဲ နောက်ပြီး ဝင်ခိုးတော့လည်း ပစ္စည်းဥစ္စာကို ခိုးတာမဟုတ်ဘူး ကလေးကိုမှရွေးပြီးခိုးသွားတယ်၊ အို....မဖြစ်သေးပါဘူး အပြင်ထွက်ပြီးရှာဦးမှပဲ'

တစ်ဦးတည်းသော ရင်သွေးငယ်သမီးလေး ပျောက်ဆုံးသွားသောကိစ္စဖြစ်၍ ဝမ်ကောလီမှာ မည်သို့မျှ ရတက်အေးနိုင်ခြင်း မရှိခဲ့ပါချေ။

သို့ဖြစ်၍ ဝမ်ကောလီက ယန်ဟူကျင်းတို့၏သားငယ်လေးကို ဘေးအိမ်မှ ဖိသားစုထံ ခေတ္တအပ်နှံကာ ယဲ့ဖူးမြို့ထဲတွင် လိုက်လံရှာဖွေစုံစမ်းကြည့်ခဲ့၏။

သို့သော် သူ၏ ကြိုးစားမှုက အရာမထင်၊ တစ်နေကုန်ပြီး ညနေလာစောင်းသွား၏၊ ကလေးငယ်ကိုပြန်တွေ့ရန်ဝေးစွ၊ စိတ်လှုပ်ရှားလောက်စရာ အရေးပါသောသတင်းပင် မရခဲ့ပါချေ။

သို့ဖြစ်၍ ဝမ်ကောလီမှာ စိတ်ပျက်လက်ပျက်ဖြင့်ပင် နေအိမ်သို့ ပြန်လာခဲ့၏။

သူ့အဖြစ်ကို ကြားသိရသော ခင်မင်ရင်းနှီးသူများ အားလုံးသည်လည်း သူနှင့်ထပ်တူပင် စိတ်မကောင်းဖြစ်ကုန်ကြ၏။



သို့သော် ပျံလွှားခေါ်ဝမ်ကောလီကမူ စိတ်ဓာတ်ခိုင်မာသော သိုင်းပညာရှင် ယောကျ်ားကောင်း တစ်ယောက်ပီပီ လွယ်လွယ်ဖြင့် စိတ်မလျှော့ခဲ့ပါချေ။

တတ်နိုင်သလောက် အခြားမြို့ရွာများသို့ပါ သွားရောက် စုံစမ်းရှာဖွေရန် ဆုံးဖြတ်ချက်ချလိုက်တော့၏။

(၆၆၂)
[illegible]
4 4 4 5
662

## (၅)

ကာလယန္တရားဟူသည် ရပ်နားနေသည်မရှိ၊ ရွေ့လျား ပြောင်းလဲနေတတ်သည့်သဘောရှိသည့်အားလျော်စွာ နွေ၊မိုး၊ ဆောင်းတည်းဟူသော ရာသီစက်ဝန်းများ အတပ်ထပ်အလီလီ လည်ပတ်ပြီးသကာလ တစ်ဆယ့်ရှစ်နှစ်မျှသောအချိန်ကာလကို ပင် ကျော်လွှားလွန်မြောက်ခဲ့ပြီဖြစ်၏။

ကံကြမ္မာ၏ ရက်ရက်စက်စက် ကျီစယ်နှောက်ပြောင်မှု ကြောင့် သမီးရင်းကို ပြန်မတွေ့ရတော့သည့် ဝမ်ကောလီမှာ ယန်ဟူကျင်းနှင့် ဖူးဝမ်တို့၏ သားငယ်လေးကိုသာ သားရင်း နှင့်မခြား အချစ်ပိုလျက် ပြုစုစောင့်ရှောက်ခဲ့ရာ ယခုဆိုလျှင်



တစ်ဆယ့်ကိုးနှစ်အရွယ် ချောမောခန့်ညားသော လူငယ်လေး တစ်ယောက်ပမာဖြစ်ကို ရောက်ရှိခဲ့ပြီဖြစ်၏။

တစ်ရွာမပြောင်း သူကောင်းမဖြစ်ဟူသောစကားကို လက် မခံသော ဝမ်ကောလီက ယဲ့ဖူးမြို့လေးမှာပင် ဆက်၍အခြေ ချနေထိုင်ရင်း ကလေးငယ်ကို ကျွေးမွေးစောင့်ရှောက်ခဲ့သည် ဖြစ်ရာ ကလေးငယ်မှာလည်း သူ့လိုပင် ယဲ့ဖူးမြို့လေးကို ခင် တွယ်၍ နေခဲ့ချေပြီ။

ကလေးငယ်ကို သားအရင်းမဟုတ်ဟု မသိစေလိုသော ကြောင့် ဝမ်ကောလီက သူ့သားအဖြစ်သာ ကြီးပြင်းစေခဲ့ပြီး ဝမ်ပိုဝေဟူသော အမည်ကိုလည်း ပေးထားခဲ့၏။

သူ့ကိုခင်မင်လေးစားသော အိမ်နီးနားချင်းများကလည်း နှုတ်လိုသောကြောင့် ဝမ်ပိုဝေမှာ သူ့ကိုသာဖခင်ရင်းဟု ထင် မှတ်၍နေရှာ၏။

'သားရေလူလေး'

'ခင်ဗျာ အဖေ'

'ထမင်းစားကြရအောင်လားကွာ'

ဝမ်ကောလီကို အိမ်နောက်ဖေးမြကွက်လပ်ကို လျှောက် လာရင်း အထက်ပါအတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

ခြံထောင့်တစ်နေရာမှာတော့ အသက်နှစ်ဆယ်နီးပါးမျှရှိသော လူငယ်တစ်ယောက်မှာ ပေါက်ဆိန်တစ်လက်ဖြင့် ထင်းခြမ်းများခွဲရင်း အလုပ်ရှုပ်လျက်ရှိနေပေသည်။

သူ၏မျက်နှာပေါ်တွင်ရော ကိုယ်ပေါ်ရှိအဝတ်အစားများတွင်ပါ ချွေးများနစ်နေသော လူရွယ်ကား တစ်ခြားမဟုတ်၊

အနက်ရောင်သိုင်းပညာရှင်တစ်ယောက်၏ ရင်သွေးပင်ဖြစ်လင့်ကစား သူ၏ပြုစုထိန်းသိမ်း စောင့်ရှောက်မှုကြောင့် လူလိမ္မာလေးတစ်ယောက်ဖြစ်လာခဲ့သော မွေးစားသားဝမ်ပိုဝေပင်ဖြစ်ပေသည်။

ဝမ်ပိုဝေကား မိခင်နှင့် မျက်နှာပေါက်ချင်း ဆင်သောကြောင့် ယောကျ်ားလေးတစ်ယောက်အနေဖြင့် အခုတော့ကို ချောမောခန့်ညားသည်ဟု ဆိုနိုင်ပေသည်။

ထို့ပြင် ငယ်စဉ်ကတည်းက ကြံ့ခိုင်တောင့်တင်းအောင် ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ကာ သိုင်းပညာ စတင်လေ့ကျင့်သင်ကြားခဲ့သူဖြစ်၍ မြင့်မားသော အရပ်အမောင်းနှင့် လိုက်ဖက်ညီစွာပင် ကျစ်လစ်သန်မာ တောင့်တင်းသောကိုယ်ခန္ဓာကိုလည်း ပိုင်ဆိုင်၍ထားပေ၏။

ဝမ်ကောလီ၏ သိုင်းပညာ သင်ကြားပေးထားမှုကြောင့် ယခုဆိုလျှင် ထက်မြက်သောသိုင်းပညာရှင်လူရွယ်တစ်ယောက်အဖြစ်ကိုလည်း ရောက်ရှိနေချေပြီ။



လိမ္မာမကသေး၊ ရဲရင့်ပြီးမဟုတ်မခံစိတ်ရှိကာ လူတစ်ဖက်သားအပေါ် သနားကြင်နာစိတ်လည်း ရှိသူဖြစ်ရာ သူအပင်ပန်းခံ မွေးရကျိုးနပ်သော မွေးစားသား တစ်ယောက်ဟု ဝမ်ကောလီမကြာခဏတွေးမိတိုင်း ပီတိဖြစ်ရမြဲပင်။

ရက်စက်ကြမ်းကြုတ်ခြင်းနှင့် ရန်လိုသော ဖခင်သွေးမပါဘဲ ရဲရင့်ပြတ်သားပြီး သိမ်မွေ့နူးညံ့သော မိခင်၏ သွေးပါလာခြင်းမှာ ဝမ်ပိုဝေ ကံကောင်းခြင်းဟု ဝမ်ကောလီ[illegible]၏။

ငယ်စဉ်ကတည်းက လူတော်လူကောင်းလေး တစ်ယောက်ဖြစ်ဖြစ်အောင် ဂရုတစိုက်သွန်သင်ခဲ့မှုကလည်း တစ်စိတ်တစ်ပိုင်းအားဖြင့်တော့ ပါကောင်း ပါပေလိမ့်မည်။

'အဖေ စားချင်စားနှင့်ပါလား'

'ဘာဖြစ်လို့လဲ လူလေးရ'

'ကျွန်တော် ဒီထင်းခြမ်းတွေကို လက်စနဲ့ကုန်အောင်ခွဲလိုက်ချင်သေးတယ်၊ ပြီးမှပဲ စားတော့မလားလို့'

ချွေးများရွှဲနေသော်လည်း လန်းလန်းဆန်းဆန်း ရှိနေဆဲဖြစ်သည့် ဝမ်ပိုဝေက ခပ်ပြုံးပြုံးဖြင့်ပင် သူ့ကို ပြန်ပြောလာသည်။

မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ ငယ်စဉ်ကတည်းက စနစ်တကျဖြင့်လုပ်တတ်သည်ကို သိထားပြီးဖြစ်၍ ပျော်လွှားစွာ ဝမ်ကောလီက ဝမ်ပိုဝေကို ဇွတ်ခေါ်ရန် မကြိုးစားတော့ပါချေ။

'အေးလေ ကောင်းပြီ၊ ဒါဆိုရင် ဖေဖေ့အခန်းဝိုင်းမှာ စားရင်းစောင့်မယ်၊ ဖြည်းဖြည်းစားမှာဆိုတော့ သားရောက်လာရင် မီဦးမှာပါ'

'ဟုတ်ကဲ့ ဖေဖေ၊ ဟို...ကျွန်တော်က ချေးတွေ သံတွေနဲ့ဆိုတော့ ထင်းခွဲပြီးရေချိုးရဦးမယ် နော် အဖေ'

'အေးပါ လူလေးရာ အဖေသိပါတယ်၊ ရေချိုးရင် ချေးတွေမသုတ်ဘဲ မချိုးနဲ့ မကောင်းဘူး၊ ချေးတွေအရင်စင်အောင် သုတ်ပြီးမှ ခေါင်းလျှော်ချိုး သွားသား'

'ကောင်းပါပြီ ဖေဖေ'

ဝမ်ပို့ဝေက ခေါင်းညိတ်ပြလျက် တလေးတစား ပြန်ဖြေသည်၊ ထို့ကြောင့် ဝမ်ကောလီ အိမ်ထဲပြန်ဝင်လာခဲ့၏။

ဘိုဆောင် ထမင်းမစားလိုသေး၍ ဆေးပညာကျမ်းစာအုပ်တစ်အုပ်ကိုသာ အပျင်းပြေထိုင်ကာ ဖတ်ရှုနေလိုက်သည်။

ထိုအချိန်လောက် ကြာမှာတော့ သူ့နားကို ဝမ်ပို့ဝေ ရောက်လာ၏၊ ဝမ်ပို့ဝေမှာ ရေချိုးပြီး၍ အဝတ်သစ် အစားသစ်များ လဲလှယ်ဝတ်ဆင်ထားပြီ ဖြစ်၏။

'အခု ထမင်းစားလို့ရပြီလား'

'ဪ...သားတော့ ရေချိုးပြီးသွားပြီကိုး'

'ဟုတ်ကဲ့'



ထမင်းစားခန်း ရောက်သည့် အခါမှာတော့ ပူနွေးသော ဟင်းလျာနှင့် ထမင်းများကို စားပွဲပေါ်တွင် ခူးခပ်ပြင်ဆင်ထားပြီးဖြစ်သည်ကိုပင် တွေ့လိုက်ရကာ ဝမ်ကောလီ အံ့ဩသွားသည်။

'အောင်မာ လူလေးက ထမင်းတွေဟင်းတွေတောင် ခူးပြီးသွားပြီကိုး'

'ဟုတ်တယ်အဖေ အဆင်သင့်စားရုံပါပဲ'

'အေးကွာ အဖေလဲ အပျင်းပြေဆိုပြီး ဆေးကျမ်းထိုင်ဖတ်လိုက်တာ စိတ်ပါသွားတာနဲ့ ထမင်းစားဖို့ကိုတောင် မေ့သွားတယ်'

ဝမ်ကောလီက ပြောလိုက်ရာ ဝမ်ပို့ဝေက သဘောကျသလိုမျိုး ပြုံး၏၊ ပြီးလျှင် သားအဖနှစ်ယောက် ထမင်းစ၍ စားသောက်လိုက်ကြသည်။

'လူလေး'

'ခင်ဗျာ အဖေ'

'လူလေး သိုင်းကွက်တွေ နေ့တိုင်းကျင့်တယ်မဟုတ်လား'

'ဟုတ်ကဲ့ ကျင့်ပါတယ်အဖေ'

'အတွင်းအားကျင့်စဉ်ရော ညဘက် ချိန် လေ့ကျင့်ဖြစ်ရဲ့လား'

‘ကျင့်ဖြစ်ပါတယ်အဖေ၊ ကျွန်တော် မပျက်ကွက်ပါဘူး’

ဝမ်ပိုဝေက မဆိုင်းမတွ ပြန်ဖြေလာသည်တွင် ဝမ်ကောလီက အသိအမှတ်ပြုသလိုမျိုး ခေါင်းတစ်ချက်ညိတ်လိုက်၏။

‘အေး….ကောင်းတယ် လူလေး၊ သိုင်းလောကသားတစ်ယောက်ဟာ သိုင်းပညာတတ်မြောက်ထားရုံနဲ့ ပြီးပြည့်စုံပြီလို့ မခေါ်နိုင်ဘူး၊ အတွင်းအားပြည့်ဝဖို့ကလဲ အရေးကြီးတယ်၊ သိုင်းပညာအဆင့်မြင့်ပြီး အတွင်းအား မပြည့်ဝဘူးဆိုရင် ထိုက်သင့်သလောက် အကျိုးသက်ရောက်မှု ရှိမှာမဟုတ်ဘူး…. အေး….အတွင်းအားက ပြည့်ဝ နက်ရှိုင်းနေမယ်ဆိုရင်တော့ သစ်ကိုင်းကိုင်ပြီး တိုက်ရင်တောင် ဓားသမားကို အနိုင်ယူနိုင်တယ်’

‘ဟုတ်ကဲ့ အဖေပြောဖူးလို့ ဒီစကားတွေကို ကျွန်တော် အမြဲမှတ်သားထားပါတယ်၊ ဒါပေမယ့် အထွင်းအားကို ချက်ချင်း ထိပ်တန်းအဆင့်မျိုး ပိုင်ဆိုင်လာအောင် လုပ်လို့မရဘူးမဟုတ်လား အဖေ’

‘အေး….ဒါတော့မှန်တယ် လူလေး၊ အတွင်းအား ထိပ်တန်းအဆင့်ရောက်ချင်တယ်ဆိုရင်တော့ သမရိုးကျနည်းအတိုင်းလေ့ကျင့်မယ်ဆိုရင် နှစ်ပေါင်းများစွာလေ့ကျင့်မှဖြစ်မယ်…. ဒါပေမယ့်….’

‘ဘာ ဒါပေမယ့်လဲ အဖေ’



ဝမ်ကောလီက စကားကိုအရှိန်ကောင်းတုန်းခေတ္တရပ်နားလိုက်ရာ ဝမ်ပိုဝေက သိလိုစိတ်ပြင်းပြဟန်ဖြင့် ခပ်သောသော မေးလေ၏။

သည်တော့မှ ပျံ့ဝှားဝှား ဝမ်ကောလီက မွေးစားသား ဖြစ်သူ ဝမ်ပိုဝေ၏ မျက်နှာကိုကြည့်ပြီး ဆက်ပြောလိုက်လေသည်။

‘ဒါပေမယ့် သမရိုးကျမဟုတ်တဲ့နည်းလမ်းမျိုးနဲ့တော့ နှစ်ရှည်လများ မကျင့်ဘဲ ချက်ချင်း အတွင်းပြည့်ဝသွားတာမျိုး ဖြစ်နိုင်တယ်’

‘ထူးခြားတဲ့ အတွင်းအားဆေးလုံးသောက်ခွင့်ရသွားတာမျိုးကို ပြောတာလား အဖေ’

‘ဟုတ်တယ်လူလေး၊ အတွင်းအားဆေးလုံးသောက်လိုက်တာတို့….သိပ်ပြီးထူးခြားတဲ့ အစားအသောက်မျိုးကို စားသောက်လိုက်ရတာတို့ကြောင့်ပဲ ချက်ချင်းအတွင်းအားပြည့်ဝသွားနိုင်တယ်’

‘ဒီလိုမျိုးကြုံကြိုက်ဖို့ဆိုတာက တော်တော်ကြီးကို ခဲယဉ်းတယ်မဟုတ်လား အဖေ’

စဉ်းစားဆင်ခြင်ဉာဏ်ရှိသည့် ဝမ်ပိုဝေက တွေးတွေးဆဆဖြင့် ပြန်မေးလာသကြောင့် ဝမ်ကောလီက ဝန်ခံသလိုမျိုး ခေါင်းညိတ်ပြလိုက်၏။

'မှန်တယ်လူလေး၊ အဲဒီလိုနဲ့ အရှိန်မြင့်မားတဲ့ အတွင်းအားကို ပိုင်ဆိုင်သွားတဲ့လူတွေ သိုင်းလောကမှာ ရှိပေမယ့် ရာခိုင်နှုန်းအားဖြင့် နည်းလွန်းလှသလို ဒီအခွင့်အရေးကိုကြုံကြိုက်ဖို့ကလဲ အင်မတန်မှ ခဲယဉ်းပါတယ်'

'တော်တော်ကြီးကို ကံကောင်းလွန်းမှ ဒီအခွင့်အရေးမျိုး ရမယ်ထင်တယ်'

'သေချာတာပေါ့ လူလေးရာ၊ အင်မတန်မှ အခွင့်အရေးနည်းပါတယ်ဆိုမှ ကံမကောင်းတဲ့ ဘယ်လိုလုပ်ရနိုင်ပါ့မလဲ'

'ကျွန်တော်က ဒီအခွင့်အရေးမျိုးကို မမျှော်လင့်ပါဘူး အဖေ၊ အတွင်းအားကျင့်စဉ်ကို နေ့တိုင်းလေ့ကျင့်သွားတာပဲ ကောင်းပါတယ်'

'အေးပေါ့ လူလေးရာ၊ ဒီနည်းက ချက်ချင်း ထိပ်တန်းအတွင်းအားကို မပိုင်ဆိုင်နိုင်ပေမယ့် အသေချာဆုံးသောနည်းလမ်းပဲလေ'

ထိုနောက် သားအဖနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်မောလိုက်မိကြ၏၊ ပြီးမှ ဝမ်ကောလီက တစ်စုံတစ်ခုကို သတိရသွားပြီး....

'အင်း....ပြီးတော့ တစ်ခုရှိသေးတယ်'

'ဘာများလဲ အဖေ'



'ခုဆို အဖေသင်ကြားပေးထားလို့ လူလေးရဲ့သိုင်းပညာက တော်တော်လေးကို မြင့်မားနေပြီ၊ ဒါပေမယ့် ခက်တာက လူလေးမှာ အတွေ့အကြုံ မရှိဘူးဖြစ်နေတယ်'

'အတွေ့အကြုံ....'

'ဟုတ်တယ်လူလေး၊ သိုင်းပညာတော်ပေမယ့် တစ်ယောက်တည်းသာ လေ့ကျင့်ထားပြီး ရန်သူနဲ့ ရင်ဆိုင်တိုက်ခိုက်ဖူးတဲ့ အတွေ့အကြုံရှိမထားရင် ဖြုန်းခနဲ ရန်သူနဲ့ရင်ဆိုင်တဲ့အခါကျတော့ ကြောင်တက်တက်ဖြစ်နေလိမ့်မယ်....ပြောမယ်ဆိုရင် လူလေးက အဖေနဲ့ ဟန်ပြသဘောမျိုး ကစားတာလောက်ပဲရှိတယ်လေ၊ ဒါကို အတွေ့အကြုံလို့ပြောလို့မရဘူး'

သူ့စကားကြောင့် ဝမ်ပိုဝေ မျက်မှောင်ကြုတ်သွားသည်၊ ထိုကြောင့် ဝမ်ပိုဝေ အဓိပ္ပာယ်ကောက်မလွဲစေရန် ဝမ်ကောလီကပင် ဆက်ပြောလိုက်ရပြန်၏။

'တစ်ခုဒါတော့ရှိတယ်နော်၊ အဖေကဒီလိုပြောလိုက်လို့အတွေ့အကြုံရအောင်လို့ဆိုပြီး လူလေးကလမ်းပေါ်မှာတွေ့တဲ့လူတွေကို လျှောက်စိမ်ခေါ်ပြီး တိုက်ခိုက်နေလို့မဖြစ်ဘူး၊ အဖေက ဒီသဘောမျိုးပြောတာမဟုတ်ဘူး'

'ဒါဆိုကျွန်တော်က'

'လူကို အသေအကြေ တိုက်ဖို့မဟုတ်ဘဲ ပညာချည်းသက်သက်ယှဉ်ပြိုင်တဲ့သိုင်းပြိုင်ပွဲမျိုးတွေမှာ လူလေးပြိုင်ရမယ်၊ ဒါမှပြိုင်ဘက်များများ ရင်ဆိုင်ဖူးလာတာနဲ့အမျှ လူလေး

အတွေ့အကြုံကြွယ်ဝလာပြီး သိုင်းကွက်တွေပိုကြွယ်လာမယ်၊ ပြီးတော့အရေးရှိယ်အကြောင်းရှိယ်ဆိုရင် ဘယ်သိုင်းကွက်ကိုထုတ်သုံးရမယ်၊ မတော်တဆကိုယ့်ထက်ပိုမြင့်တဲ့သိုင်းပြိုင်ဘက်နဲ့တွေ့ရင် ဘယ်လိုလွတ်မြောက်အောင် ရှောင်ထွက်ရမယ်၊ ဒါမှမဟုတ် ပရိယာယ်သုံးပြီး အငိုက်ဖမ်း အနိုင်ယူရမယ်ဆိုတာတွေကို လူလေးတဖြည်းဖြည်းနားလည် သဘောပေါက်လာမယ်'

'ကျွန်တော် သဘောပေါက်ပါပြီ ဖေဖေ၊ အပျော်တမ်းသိုင်းပြိုင်ပွဲတွေရှိရင်ပဲဖြစ်ဖြစ် ကျွန်တော် ဝင်ပြိုင်ပါ့မယ်၊ လောလောဆယ်တော့ ဒီမြို့ကသိုင်းကျောင်းတွေသွားပြီး အဲဒီကလူတွေနဲ့ အတွေ့အကြုံရအောင် ကစားကြည့်မယ် ဘယ်လိုလဲဖေဖေ ဒီအစီအစဉ်ကောင်းတယ်မဟုတ်လား'

ဝမ်ပိုဝေက အားတက်သရော ပြန်မေးလာသည်တွင် ပျံလွှားဓား ဝမ်ကောလီခေတ္တမျှ စဉ်းစားလိုက်သည်၊ ထိုအစီအစဉ်က ကောင်းသည်ဟု ဆိုရမည်ဖြစ်သော်လည်း ခြေလွန်လက်လွန်ဖြစ်မသွားအောင်တော့ အထူးဂရုစိုက် ယှဉ်ပြိုင်ရန်လိုအပ်မည်ဖြစ်သည်၊

'အေး....လူလေးပြောတာ ကောင်းပါတယ်၊ ဒါပေမယ့် သိုင်းကျောင်းက သင်တန်းသားတွေမပြောနဲ့ဆရာဘွဲ့တောင်မှ လူလေးရဲ့ပြိုင်ဘက်ဖြစ်ပါ့မလားလို့ အဖေ ဉ်းစားနေတာ လူလေးက တကယ်သိုင်းပညာစွမ်း ထုတ်လိုက်ရင် ဒီမြို့က



ဘယ်သိုင်းကျောင်းကမှ လူလေးကို နိုင်မှာမဟုတ်ဘူး၊ ဒါကိုတော့ အဖေကောင်းကောင်းအာမခံရဲတယ်'

'ဟုတ်ကဲ့ အဖေပြောတာကို ကျွန်တော်ယုံကြည်ပါတယ်၊ ဒါပေမယ့် စိတ်ချပါဖေဖေ ကျွန်တော်က လက်လွန်ခြေလွန်မဖြစ်အောင်ထိန်းသိမ်းပြီး ယှဉ်ပြိုင်မှာပါ၊ သူတို့အားလုံးကလည်း ကျွန်တော်နဲ့ ခင်မင်ရင်းနှီးသည်မဟုတ်သည့်တိုင် မျက်မှန်းတန်းမိနေကြပြီဖြစ်လို့ ဘာပြဿနာမှရှိမှာ မဟုတ်ပါဘူး'

'အေးအေး....ဒါဆိုရင်တော့ ကောင်းပါတယ်လူလေးရာ'

မွေးစားသား ဝမ်ပိုဝေ၏စကားကြောင့် ဝမ်ကောလီတဝင်ကျသွားသလို စိတ်အေးချမ်းသွားသည်၊ သူ၏သားဝမ်ပိုဝေမှာ လိမ္မာသောလူတော်လေးတစ်ယောက်ဟု သူသိထားသည်မဟုတ်ပါလော၊

* * *

( ၆ )

နေရာကား တောင်ကျွန်းတွင်ဖြစ်သည်။

သာယာလှပသော ညနေခင်းအချိန်ဖြစ်၍ လေကညင်သာစွာတိုက်ခတ်၍နေသည်၊ ကျွန်းစပ် ကျောက်ဆောင်ကြီးများ၏ အနက် တစ်ခုသောကျောက်ဆောင်ပေါ်မှာတော့ ချောမော လှပသည့် မိန်းမပျိုလေး တစ်ယောက်မှာ အေးအေးလူလူ ထိုင်၍ ပင်လယ်ပြင်ကိုငေးကြည့်လျက်ရှိနေပေသည်။

မိန်းမပျိုလေးမှာ ပန်းနုရောင် အင်္ကျီလေးကို ဝတ်ဆင်ထားရာ ဖြူနုဝင်းပသော အသားအရေမှာလည်း အင်္ကျီအရောင်နှင့် [illegible] လိုက်ဖက်၍နေလေသည်။



အသက်အားဖြင့် တစ်ဆယ့်ရှစ်နှစ် ဝန်းကျင်ခန့်သာ ရှိဦးမည် ဖြစ်သောကြောင့် မိန်းမပျိုလေး၏ မျက်နှာမှာ လှပမှု ဝပြောင်ပျိုမြစ်နုနယ်မှုပါ ယှဉ်တွဲပေါ်လွင်၍နေပေသည်။

မှန်ပါသည်၊ မိန်းမပျိုလေးမှာ ပြည်မရှိမြို့ကြီးများမှ ဟိတ်ဟန်ကြီးသော သူဌေးသမီးများကဲ့သို့ အကောင်းစား အဝတ်အစားများ ဝတ်ဆင်ထားခြင်း မရှိသည့်အပြင် မျက်နှာတွင်လည်း ဘာမှလိမ်းခြယ်ပြုပြင်ထားခြင်းမရှိပေချေ။

ထိုတိုင် ပြုပြင်မှု ကင်းမဲ့သော မျက်နှာနုနုလေးကပင်လျှင် သဘာဝအတိုင်း ရှင်းသန့်ဝင်းပကာ လှပ၍ နေလေသည်။

ထို့ပြင် အသေအချာ ဂရုထား ကြည့်မည်ဆိုလျှင်တော့ မိန်းမပျိုလေး၏မျက်နှာမှာ နူးညံ့သိမ်မွေ့မှု နည်းပြီး အနည်းငယ်အေးစက်မာကြောသောအရောင်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

ဒါကလဲ ပြောရမည်ဆိုလျှင် သူမ၏ အပြစ် မဟုတ်ပါချေ၊ ထိုသို့ ကြင်နာစိတ်နည်းပြီး ရက်စက်တတ်အောင် ငယ်စဉ်ကတည်းက အထူးတလည် လေ့ကျင့် သင်ကြားပေးထားသော မွေးစားဖခင်ကြောင့်ပင်ဖြစ်သည်။

မှန်ပါသည်၊ အဆိုပါ ပန်းနုရောင်ဝတ်စုံနှင့် မိန်းမပျိုလေးသည်ကား တခြားမဟုတ် ပျံလွှားဓားဝဲ [illegible] ဆုံးသွားသော သမီးလေးပင်ဖြစ်ပေသည်။

အဆိုပါကလေးငယ်ကို ခိုးပြီးနောက် ပြည်မတွင် ဆက်နေလျှင် ရှာတွေ့သွားမည်စိုး၍ ခြသေ့်နက်ယန်ဟူကျင်းက တောင်ကျွန်းကို ထွက်ပြေးလာခဲ့၏။

တောင်ကျွန်းတွင်တစ်ချိန်ကသူ၏ဆရာဖြစ်ဖူးသော တောင်ကျွန်းဘွားဘွားယိဖေးက ရှိနေသောကြောင့် အစစအရာရာ အဆင်ပြေ၍ သွားခဲ့၏။

နောက်တော့ မူလက ရည်ရွယ်ချက်အတိုင်းပင် ပျံလွှား ဒေးဝမ်ကောလီ၏ ချစ်စဖွယ် သမီးငယ်ကလေးကို ယန်စေးချီဟု အမည်ပေးပြီးနောက် သူ့လိုအနက်ရောင်သိုင်းပညာရှင် တစ်ယောက်ဖြစ်လာအောင် ခြသေ့်နက်ယန်ဟူကျင်းက ကြိုးစား၍ လေ့ကျင့်ပေးခဲ့၏။

တောင်ကျွန်းဘွားဘွား ယိဖေးကလည်း ယန်စေးချီကို ချစ်ခင်သဖြင့် တတ်နိုင်သလောက် ဂရုစိုက်သည့်အပြင် သိုင်းပညာကိုသင်ကြားပေးခဲ့သည်။

သို့ဖြစ်၍ တစ်ဆယ့်ရှစ်နှစ်အရွယ်ရောက်ချိန်မှာတော့ ယန်စေးချီမှာ ချောမောလှပသော မိန်းမပျိုလေးတစ်ယောက် အဖြစ် ရောက်ရှိလာသည့်နည်းတူ သိုင်းပညာတွင်လည်း အတော်ကိုမြင့်မားသောအဆင့်ကို ရောက်ရှိနေခဲ့ပေ၏။

ရွယ်တူသိုင်းပညာရှင်တစ်ယောက်ကို မဆိုထားနှင့် သိုင်းလောကတွင်ကျင်လည်နေသော တော်ရုံအဆင့်မြင့်သိုင်းပညာ



ရှင်တစ်ယောက်ပင်လျှင် ယန်စေးချီ ကိုယှဉ်ရန် ခဲယဉ်းမည်ဖြစ်သည်။

သို့သော် ပြောမည်ဆိုလျှင် ဝမ်းနည်းစရာတစ်ခုတော့ရှိပေသည်၊ ယင်းကား ယန်စေးချီမှာ ချောမောလှပသော ရုပ်ရည်နှင့် မလိုက်ဖက်စွာပင် စိတ်ထားကကြမ်းတမ်း၍ ကြင်နာစိတ်နည်းပါးနေခြင်းပင်ဖြစ်၏။

တကယ်တော့ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးဟူသောစကားက မှန်ပါသည်၊ လသားသမီးအရွယ်ကတည်းက အနက်ရောင်သိုင်းသမားများဖြစ်သောခြသေ့်နက် ယန်ဟူကျင်းနှင့်တောင်ကျွန်းဘွားဘွားယိဖေးတို့လက်ထဲတွင်သာ ကြီးပြင်းလာခဲ့သော ယန်စေးချီသည် အဘယ်မှာလျှင် စိတ်ထားနူးညံ့သိမ်မွေ့သူဖြစ်ပါတော့မည်နည်း။

တောင်ကျွန်းပေါ်တွင် အခြားသောလူများမရှိဘဲ ယန်ဟူကျင်းနှင့် တောင်ကျွန်းဘွားဘွားတို့နှင့်သာ နေ့စဉ်တွေ့မြင်ပြီး ထိုနှစ်ယောက်၏ ဆုံးမစကားများကိုသာလျှင် ယန်စေးချီ နာခံနေခဲ့ရသည်။

သို့ဖြစ်၍ နှစ်ပေါင်းများစွာ ကြာမြင့်လာသည့်အခါတွင် ထိုစကားများကို နားရည်ဝပြီးသကာလ တိုက်ချင်ခိုက်ချင်စိတ်များသာ ရင်ထဲတွင် ကြီးစိုးမင်းမူ၍လာခဲ့၏။

အဖြူရောင်သိုင်းပညာရှင်တစ်ယောက်ဖြစ်သော ဝမ့်ကောလီ၏သမီးဖြစ်သော်လည်း ထိုသွေးမှာ ခြသေ့်နက်ယန်ဟူ

ကျွင်းတို့၏ ပညာသားပါပါ အရောင်ဆိုးခဲ့မှုကြောင့် ဖြူစင် မလာတော့တဲ့ မည်းညစ်ခဲ့ရပြီဖြစ်၏။

'သမီး ဘာတွေ စဉ်းစားနေတာလဲ'

နောက်မှပေါ်ထွက်လာသော စကားသံကြောင့် ယန်စေး ချိုက ဖြတ်ခနဲလှည့်ကြည့်လိုက်ရာ သူ့အနားရောက်လာသော တောင်ကျွန်းဘွားဘွားယိဖေးကို တွေ့လိုက်ရသည်။

ဘွားဘွားယိဖေး၏ ကိုယ်ဖော့ပညာကြာမြင့်စွာလေ့လာသည့် အပြင် သူမကိုယ်တိုင်ကလည်း ပင်လယ်ပြင်ကိုငေးကြည့်ကာ စိတ်လွင့်မျောနေသောကြောင့် လူတစ်ယောက်လုံး အနား ရောက်လာသည်ကိုပင် ယန်စေးချို သတိမထားမိလိုက်ခြင်းဖြစ် သည်။

'ကြော်....ဘွားဘွားပါလား ဘာရယ်မဟုတ်ပါဘူး ဘွား ဘွား၊ ပင်လယ်ပြင်ကို ပျင်းပျင်းနဲ့ငေးကြည့်နေတာပါ၊ ဟင်း.... ဘွားဘွားသာ လုပ်ကြံမယ်ဆိုရင် သမီးခုလောက်ဆို အသက် တောင်ရှိတော့မှာမဟုတ်ဘူး ဘွားဘွား ကပ်လာတာကိုတောင် မသိလိုက်တဲ့အတွက် ရှက်မိပါတယ်'

'ဒါဟာ သမီးရဲ့သံဖျင်းမှုကြောင့် မဟုတ်ပါဘူးလေ၊ ကျောက်ဆောင်ဆိုတာက ခြေသံကြားရအောင်မျိုး မဟုတ်ဘူး၊ နောက်ပြီး သမီးကလည်း ဒီနေရာမှာ ရန်သူမရှိနိုင်ဘူးဆိုတာ ကို တွေးမိလို့ အေးအေးဆေးဆေးနေလိုက်လည်း ပါမှာပါ'



ဘွားဘွားယိဖေးက ထိန်းသိမ်းစွာ ပြန်ပြောလာသော ကြောင့် ယန်စေးချို အရှက်ပြန်ပြေသွားသလို ခံစားလိုက်ရ သည်။

'ဒါနဲ့ ဘွားဘွားက သမီးကိုလိုက်ရှာနေတာလား'

'ဆိုပါတော့ကွယ်'

'သမီးကို ဘာခိုင်းမလို့လဲ ဘွားဘွား'

'ဘာမှ ခိုင်းစရာမရှိပါဘူး သမီးရယ်၊ ညစာစားရအောင် လာခေါ်တာပါ'

'သမီး ဗိုက်မဆာသေးလို့ မပြန်ချင်သေးတာပါ'

'အေးလေ ဘွားဘွား ထင်တော့ထင်သားပဲ'

တောင်ကျွန်းဘွားဘွားယိဖေးက အလိုက်သင့်ပြောရင်း သူမအနားနားတွင်ဝင်ထိုင်သည်။ သည်တော့မှ ယန်စေးချိုက ဘွားဘွားယိကို စောင်းငဲ့ကြည့်ရင်းမေးလိုက်သည်။

'ဘွားဘွား ပြည်မက ပျော်စရာကောင်းသလားဟင်'

'မဆိုးပါဘူး ဒီမှာလိုမဟုတ်ဘဲ လူတွေများပြီး စည်ကား တယ်၊ အစားအသောက်ကအစ အသုံးအဆောင်ပစ္စည်းတွေ အဆုံး အသစ်အဆန်းတွေရှိတယ် ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲ ဘွားဘွား'

'ဒီတောင်ကျွန်းမှာလို အေးချမ်းမှုတော့မရှိဘူး၊ ဒါကြောင့် မျက်စိရှုပ် နားဆူတဲ့ဒဏ်ကို သမီးခံနိုင်မယ်မထင်ဘူး'

ဘွားဘွားယိဖေးက ခပ်ပြုံးပြုံးဖြင့် ထင်မြင်ချက်ပေးလာသည်၊ ဘွားဘွားယိဖေး မည်သို့ပင်ဆိုသည်ဖြစ်စေ ကလေးဘဝကတည်းက ပြည်မနှင့်အလှမ်းကွာဝေးသော ဤတောင်ကျွန်းပေါ်တွင်သာ ကြီးပြင်းလာခဲ့ရသည့် ယန်စေးချီမှာ လူငယ်တို့၏ သဘာဝအတိုင်း ပြည်မကို ရောက်ဖူးချင်စိတ်များ ပေါ်ပေါက်နေသည်ကား အမှန်ပင်။

သို့ဖြစ်၍ ယန်စေးချီက....

'အင်း.... ဘာပဲဖြစ်ဖြစ် ပြည်မဆိုတာကြီးကို တစ်ခါမှ မရောက်ဘူးသေးတော့ တစ်ကြိမ်လောက်တော့ ရောက်ဖူးချင်တာပဲ ဘွားဘွားရဲ့'

'ဒါသဘာဝကျပါတယ်လေ၊ အမြဲတမ်း ဆိတ်ငြိမ်တဲ့နေရာမှာ နေလာတော့လဲ စည်ကားပြီး မရောက်ဘူးသေးတဲ့ အရပ်ဒေသတစ်ခုကို သွားကြည့်ချင်တာ သဘာဝကျပါတယ်၊ သမီးဆန္ဒက မကြာခင်ပဲ ပြည့်ဝတော့မှာပါ'

'ရှင် သမီးဆန္ဒက မကြာခင်ဘဲ ပြည့်ဝတော့မှာ ဟုတ်လား ဘွားဘွား'

ကြားလိုက်ရသောစကားက မယုံကြည်နိုင်စွာ ကောင်းနေသဖြင့် ယန်စေးချီက သေချာအောင်ထပ်မေးလိုက်သည်။

တောင်ကျွန်းဘွားဘွားယိဖေးက ခေါင်းကို ညင်သာစွာ ညိတ်ပြလိုက်သည်၊ ပြီးတော့မှ....



'ဟုတ်တယ်သမီး၊ မင်းရဲ့အဖေက မကြာခင်မှာ မင်းကို ပြည်မကို ခေါ်သွားတော့မယ်လို့ ပြောတာပဲ'

'ဟင်....ဟုတ်လား ဝမ်းသာလိုက်တာ ဘွားဘွားရယ်၊ ဖေဖေက သမီးရောက်ဖူးချင်နေတာကို ရိပ်စားမိလို့ တမင်လိုက်ပို့ပေးပြီး လည်ပတ်ခိုင်းတဲ့သဘောပေါ့နော်'

ယန်စေးချီက ဝမ်းသာအားရဖြင့် တင်မြင်ချက်ကို ပြောလိုက်ရာ တောင်ကျွန်းဘွားဘွားယိဖေးက တစ်ချက်တည် သွားသည်။

'အင်း....အသည်အပတ်သက်သက်တော့မဟုတ်ဘူး၊ မင်းကို တာဝန်မွေးစရာလဲရှိနေတယ်'

'တာဝန်ပေးစရာ ဟုတ်လား၊ ဘာတွေတာဝန်ပေးမှာလဲ ဘွားဘွား'

'ဒီအကြောင်းတွေကို ဘွားဘွားသိထားပေမယ့် ဘွားဘွား ပြောမပြချင်ဘူး၊ သမီးရဲ့အဖေကိုယ်တိုင် ရှင်းပြတာပဲပိုကောင်းပါတယ်၊ နောက်ပြီး သူပြောမပြထားတဲ့ ကိစ္စတစ်ရပ်ကို ဘွားဘွားက ကြိုပြီး ပြောပြမလော့ချင်ဘူးလေ....ဒါကြောင့် ပြည်မကိုမသွားခင် သမီးကို သမီးအဖေက ဒီကိစ္စနဲ့ပတ်သက်ပြီး ပြည့်ပြည့်စုံစုံပြောပြပါလိမ့်မယ်'

'ဘွားဘွားက နည်းနည်းပါးပါးလောက်တောင် ပြောမပြနိုင်ဘူးလား'

ယန်စေးချီက ဓုတ်စွန်းတစ်စ သိရသိသိဂြ ား ချိုးသစ်လိုက်သော်လည်း တောင်ကျွန်းဘွားဘွား ယိုဖေးက သူ့ဆင်တားသည်ထက်ပင် ပို၍စိတ်ပြတ်သားနေပေ၏။ ခေါင်းကို ဖြည်းလေးစွာခါယမ်းရင်းမှ....

'မဖြစ်ဖူးသမီး၊ ဘွားဘွားပြောမပြနိုင်ဘူး၊ သိပ်မကြာခင် မှာပဲ သမီးပြည့်ပြည့်စုံစုံသိရတော့မှာပဲဟာ ဘာကြောင့် သမီးက ဒီလောက်ဆန္ဒစောနေရတာလဲ'

'ကောင်းပါပြီ ဘွားဘွား၊ ဒါဆိုရင်လဲ ဖေဖေပြောပြဖို့ပဲ သမီးနားထောင်ပါတော့မယ်၊ ဒါနဲ့ ဘွားဘွားရော သမီးတို့နဲ့တူတူ ပြည်မကိုလိုက်မှာမဟုတ်လား'

'မလိုက်ဘူး သမီးရဲ့၊ သမီးတို့သားအဖနှစ်ယောက်ပဲသွားကြမှာ'

'ဟင်....ဒါဆို ဒီတောင်ကျွန်းမှာ ဘွားဘွားတစ်ယောက်တည်းကျန်ခဲ့တော့မှာပေါ့'

'ဒါကဘာဆန်းလဲ သမီးရယ်၊ ဘွားဘွားတစ်ယောက်တည်းလဲ နေတတ်ပါတယ်၊ အေးလေ နောက် သိပ်ပျင်းရင်လဲ ဘွားဘွား ပြည်မကိုလိုက်လာခဲ့မှာပေါ့'

တောင်ကျွန်း ဘွားဘွား ယိုဖေးက မယုတ်မလွန်ပြော၏။ ထိုကြောင့် ယန်စေးချီက မျက်မှောင်တစ်ချက်ကြုတ်၍ပြန်မေးလိုက်၏။



'ဘွားဘွားပြောပုံအရဆိုရင် သမီးတို့က ပြည်မှာ အချိန်အတော်ကြာကြာ နေရမယ့်သဘောပေါ့'

'မှန်တယ်သမီး၊ ကိစ္စမပြီးပြတ်မချင်း ပြည်မှာနေကြရမှာ၊ အဲ....သမီးအဖေက ပြည်မှာပဲ နေချင်မှာတောင် နေတော့မယ့်သဘောရှိတယ်၊ ကဲပါလေ... နေတော်တော်စောင်းသွားပြီ ပြန်ကြစို့'

'ဟုတ်ကဲ့'

ဘွားဘွားယိုဖေးက စကားကို ရုတ်တရက်ဖြတ်လိုက်၍ ယန်စေးချီ မေးချင့်မရဲဖြစ်သွား၏။

သို့သော် သူမ ဘာမှမတတ်နိုင်ပါချေ၊ ဘွားဘွားယိုဖေးနှင့်အတူ ကျောက်ဆောင်ပေါ်မှဆင်းကာ ကျွန်းအတွင်းပိုင်းကိုသာ လျှောက်ဝင်ခဲ့ရလေ၏။

* * *

## ( ၇ )

ဘွားဘွားယိဖေးထံမှမပြည့်စုံသည့်စကားကိုကြားထားပြီး ကတည်းက ဖခင်ဖြစ်သူ ဖွင့်ဟလာမည့်ရက်ကိုသာ ယန်စေးချီ မျှော်လင့်စောင့်စားနေမိ၏။

မှန်သည့်အတိုင်း ဝန်ခံရမည်ဆိုလျှင် သူ ကြားသာကြားဖူးပြီး မရောက်ဖူးသေးသည့် ပြည်မကိုသွားရမည်ဆို၍ စိတ်လှုပ်ရှားမိသလို ပျော်လည်းပျော်ရ၏။

သို့သော် ပြည်မကိုသွားခြင်းမှာ အလည်အပတ်သဘောမျိုးမဟုတ်၊ အရေးကြီးသည့်ကိစ္စများ ဆောင်ရွက်စရာရှိနေသည်ဟု ဘွားဘွားယိဖေး၏ နောက်ဆက်တွဲ စကားများ



ကြောင့် ယန်စေးချီမှာ ပျော်ဖို့ပင်မေ့ပြီး ထိုအကြောင်းအရာကိုသာ ခေါင်းထဲတွင်စွဲကာ သိချင်စိတ်က ပြင်းပြနေခဲ့မိလေသည်။

ယနေ့တော့ သူမ၏ မျှော်လင့်ချက် ပြည့်ဝပြီဖြစ်သည်၊ အကြောင်းမူ မြေညီကွက်လပ်တစ်ခု၌ ဖခင်သင်ကြားပေးထားသည့် သိုင်းကွက်များ၊ စိတ်ပါလက်ပါ လေ့ကျင့်နေဆဲမှာပင် သူမနားကိုရောက်လာပြီး ဖခင်ဖြစ်သူ ယန်ဟူကျင်းက စကားစလာသောကြောင့်ဖြစ်၏။

'သမီး သိုင်းလေ့ကျင့်တာပြီးပြီလား'

'ပြီးပါပြီ ဖေဖေ၊ ဘာဖြစ်လို့လဲ'

'ဒါဆို ဖေဖေနဲ့အိမ်ထဲကိုလိုက်ခဲ့ဦး၊ သမီးကို အရေးကြီးတဲ့စကားတွေ ပြောပြစရာရှိနေတယ်'

'ဟုတ်ကဲ့ပါ ဖေဖေ'

ထိုမျှလောက်ဆိုသည်နှင့် သူမကို ဘာပြောတော့မည်ဟု ယန်စေးချီ သဘောပေါက်ပြီဖြစ်၏။

သို့သော် လှုပ်လှုပ်ရှားရှားမဖြစ်စေအောင်ထိန်း၍ ဖခင်ဖြစ်သူနောက်မှကပ်ကာ အိမ်ထဲသို့လိုက်ဝင်ခဲ့၏။

အိမ်ထဲမှာတော့ တောင်ကျွန်းဘွားဘွား ယိဖေးလည်းထိုင်ပြီး လက်ဖက်ရည်ကြမ်းသောက်နေသည်ကို တွေ့ရ၏။

ဘွားဘွားယိဖေးက သူမကိုတွေ့သည်တွင် တစ်ချက် ပြုံးပြလာသောကြောင့် ယန်စေးချီကလည်း ပြန်လည် ပြုံးပြလိုက်သည်။

ပြီးလျှင် ကြမ်းခင်းပေါ်တွင်ပင် ထိုင်လိုက်ကြသည်။

ထိုအခါကျမှ ဖခင်ဖြစ်သူ ယန်ဟူကျင်းက သူမကိုစေ့စေ့ကြည့်၍ စကားစလာ၏။

'သမီးကိုအဖေအရင်ကတည်းက ပြောသင့်ပေမယ့် အသက်ငယ်သေးတာရယ်၊ ပြီးတော့သိုင်းပညာလဲ စိတ်တိုင်းကျမထက်မြက်သေးတာရယ်ကြောင့် မပြောပြဘဲ ထားခဲ့တာ၊ ခုတော့ သမီးအသက် မငယ်တော့တဲ့အပြင် အဖေနဲ့ ဘွားဘွားယိရဲ့ သိုင်းပညာအမွေပေးမှုကြောင့် တော်ရုံသိုင်းလောကသားတွေကို ကောင်းကောင်းအနိုင်ယူနိုင်တဲ့ အနေအထားမျိုးမှာရှိနေပြီ၊ ဒါကြောင့် သမီးကို ဖေဖေပြောပြသင့်ပြီလို့ ထင်တယ်'

ပြည်မကိုသွားရန်ကိစ္စ ပြောပြုကိမ့်မည်ဟု မျှော်လင့်ထားသော ယန်စေးချီမှာ သူထင်ထားသည့် အတိုင်း ဖြစ်မလာ၍ စိတ်ထဲဇဝေဇဝါဖြစ်သွား၏။

သို့သော် ဘာမှထုတ်မမေးရဲသောကြောင့် အံ့ဩနေသည့်ကြားမှပင် ဟန်မပျက် ပြန်ပြောလိုက်ရသည်။

'ဟုတ်ကဲ့ ပြောပါဖေဖေ သမီးနားထောင်နေပါ့မယ်'

'သမီးအမေကို သမီးသိလား'



'သမီးကို မွေးမွေးချင်းပဲ သေဆုံးသွားတယ်လို့ ဖေဖေပြောပြထားဖူးပါတယ်၊ မေမေ့နာမည်ဖူးဝမ်ကလွဲပြီးတစ်ခြားဘာမှမသိပါဘူး'

'အေး တကယ်တော့ သမီးအမေဟာ သမီးကိုမွေးပြီးပြီးချင်း သူ့ဟာသူသေရိုးသားရိုး သေဆုံးသွားခဲ့တာ မဟုတ်ဘူး'

'ဟင်....ဒါဖြင့်'

'တစ်စုံတစ်ယောက်ရဲ့ လုပ်ကြံမှုကြောင့် သေဆုံးခဲ့ရတာ'

'ရှင်'

ဖခင်ဖြစ်သူထံမှ လုံးဝမထင်မှတ်သော စကားမျိုး ကြားလိုက်ရသောကြောင့် ယန်စေးချီမှာ ပြင်းစွာတုန်လှုပ်သွားလေသည်။

မူလက သူမကိုမွေးရင်း သေရိုး သားရိုး သေဆုံးသွားသည်ဟုသိထား၍ မိခင်ဖြစ်သူအတွက်စိတ်မကောင်းစွာ ခံစားခဲ့ရသော်လည်း ထူးထူးခြားခြားတော့ မဖြစ်ခဲ့ပါ။

ယခုမူ ထိုသို့မဟုတ်ဘဲ တစ်စုံ တစ်ယောက်၏ လုပ်ကြံမှုကြောင့် သေဆုံးသွားခြင်းဟု ကြားသိလိုက်ရသည့် အခါမှာတော့ မူလကပင် စိတ်ဆတ်ပြီးဒေါသသွေးများ ဆူဝေ၍သွားလေသည်။

'မေမေက တစ်စုံတစ်ယောက်ရဲ့လုပ်ကြံမှုကြောင့် သေဆုံးသွားတာ ဟုတ်လားဖေဖေ'

'ဟုတ်တယ်သမီး၊ ဒီလို အရင်က ပြောမပြခဲ့သေးတာက အကြောင်းရှိတယ်၊ အကယ်၍ ဖေဖေက အမှန်အတိုင်း ပြောပြလိုက်ရင် သမီးက ကလဲ့စားချေလိုစိတ် ပြင်းပျသွားမယ်၊ ဒါကြောင့် သိုင်းပညာမပြည့်စုံသေးခင် ဒီကနေ အလစ်မှာ ပြည်မကိုထွက်သွားပြီး ရန်သူကို ကလဲ့စားချေဖို့ ကြိုးစားရင် သိုင်းပညာမပြည့်စုံသေးတာကြောင့် သမီးပဲ ဒုက္ခရောက်သွားမှာစိုးလို့ ဖေဖေကပြောမပြခဲ့တာပဲ'

'ဟင်....ဒါဆို မေမေ့ကိုလုပ်ကြံတဲ့သူက ပြည်မမှာ သက်ရှိထင်ရှားရှိနေသေးတယ်ပေါ့၊ ဟုတ်လားဖေဖေ'

'ဟုတ်တယ် သမီး'

'သူက ဘယ်သူလဲ'

'ထိပ်တန်း သိုင်းပညာရှင် တစ်ယောက်ပဲ၊ သူ့နာမည်က ပျံလွှားဧရာဝမ်ကောလီတဲ့'

'ပျံလွှားဧရာဝမ်ကောလီ'

နာကျည်းမုန်းတီးစိတ်တပြည့် ဖြင့် ထိုအမည်ကို ယန်စေးချိုက ရေရွတ်ရင်း စွဲမြဲစွာလည်း မှတ်သားထားလိုက်သည်၊

သူမမှာ ငယ်ကလေးအရွယ်ကပင် တောင်ကျွန်းတွင်သာ နေထိုင်ပြီး ကြီးပြင်းလာသူဖြစ်၍ ပျံလွှားဧရာဝမ်ကောလီအား



ဖြူသလား မည်းသလား ပိန်သလား ဝသလား မြင့်သလား ပုသလားမသိပါချေ။

သို့သော် သူမ၏မိခင်ကို သတ်ဖြတ်ခဲ့သူဟူသော ဖခင်ဖြစ်သူ၏ပြောစကားတစ်ခွန်းတည်းဖြင့်ပင် နာကျည်းစွာ မုန်းတီး၍ သွားလေသည်။

'သမီးကို ဒီထက်ပြည့်စုံအောင်ပြောပြပါဦးဖေဖေ၊ ဒါမှ ရှင်းရှင်းလင်းလင်း သိရမှာ'

'ပြောရမယ်ဆိုရင်ပေါ့၊ သမီးခြောက်လ သမီးလောက်မှာ အဲဒီပျံလွှားဧရာဝမ်ကောလီက ဖေဖေတို့မိသားစုကို ဝင်သတ်ခဲ့တယ်၊ သူ့ရဲ့အပေါင်းအပါတွေလဲ ပါတယ်၊ ဒါကြောင့် အဲဒီတိုက်ပွဲမှာ ဖေဖေအနိုင်မရခဲ့ဘူး၊ သမီးကိုကာကွယ်ပေးနိုင်တဲ့အပြင် ကိုယ်တိုင်လဲ ဒဏ်ရာတွေရသွားခဲ့တယ်၊ ဒါပေမယ့် သမီးကိုတော့ ရအောင်ခေါ်ပြီး ထွက်ပြေးလွတ်မြောက်လာခဲ့တယ်၊ အဲဒီကတည်းက ဒီတောင်ကျွန်းမှာလာပြီး တိတ်တဆိတ်ပုန်းအောင်းဇာတ်မြုပ်နေခဲ့တာ သမီးတစ်သက်ပဲဆိုပါတော့'

'ဟုတ်တယ်သမီး သမီးရဲ့အဖေ ဒီတောင်ကျွန်းကိုရောက်လာတော့ ဒဏ်ရာကပျောက်တောင် မပျောက်သေးဘူး၊ ဒါကြောင့်ဘွားဘွားကပဲ ပျောက်အောင် ကုသပေးခဲ့ရတယ်'

ငြိမ်သက်စွာ နားထောင်နေသော တောင်ကျွန်းဘွားဘွား ယိမ်ဖေးကပါ ဘုန်းပုံးချွန်း ဝင်ဖြည့်စွက်ပြောလာ၏၊ ထို့

ကြောင့် ထိုစကားများအားလုံးမှာ အဖြစ်မှန်များ ဖြစ်မည်ဟု ယန်စေးချိ သံသယကင်းရှင်းစွာဖြင့် ယုံကြည်လက်ခံ၍ သွားမိသည်။

တစ်ဆက်တည်းမှာပင် သူ့မိခင်ကိုရက်စက်စွာ သတ်ဖြတ်ခဲ့ပြီး ဖခင်ကိုလည်းပြင်းထန်စွာ ဒဏ်ရာရစေခဲ့သော ပျံလွှားဝေးဝမ်ကောလီဆိုသည့် သိုင်းပညာရှင်ကြီးကိုလည်း မည်သို့မျှ ခွင့်မလွှတ်နိုင်အောင်ဖြစ်၍သွားလေ၏။

‘တော်တော်ခံပြင်း ဒေါသထွက်စရာကောင်းတာပဲဖေဖေ၊ ဒါနဲ့ဖေဖေ ဒီလောက်တောင် နှစ်တွေကြာပြီး ဘာကြောင့် သူ့ကိုပြန်ပြီး ကလဲ့စားချေဖို့မကြိုးစားခဲ့တာလဲ’

‘ပြောမယ်ဆိုရင် သမီးကိုယ်တိုင် သမီးအမေအတွက်ကလဲ့စားပြန်ချေတာက ပိုကောင်းမယ်ထင်လို့ အဖေက ကလဲ့စားမချေသေးပဲ စောင့်ဆိုင်းနေခဲ့တာပါ၊ အကယ်၍သမီးအရွယ်မရောက်ခင်မှာ ဖေဖေက အဲဒီပျံလွှားဝေး ဝမ်ကောလီကို ကလဲ့စားချေလိုက်ပြီပဲထားပါတော့ အရွယ်ရောက်လို့ သမီးဒီအကြောင်းတွေသိလာတဲ့အခါကျရင် အမေ့အတွက်ကလဲ့စားချေစရာလူမရှိတော့တဲ့အတွက် မချင့်မရဲနဲ့ တစ်သက်လုံးခံစားသွားရလိမ့်မယ်၊ ပြီးတော့ တာဝန်ကျေတဲ့ သမီးတစ်ယောက်လဲဖြစ်စေချင်လို့ သူ့ကိုခုချိန်ထိ ဖေဖေပြန်ပြီးကလဲ့စားမချေသေးတာပါ’



‘သမီး သဘောပေါက်ပါပြီ ဖေဖေ၊ သမီး ကလဲ့စားချေစရာမကျန်တော့မှာစိုးလို့ ဖေဖေက ကလဲ့စားမချေသေးတာပေါ့ ဒီလိုမဟုတ်လား’

‘သိပ်ဟုတ်တာပေါ့သမီးရယ်၊ သူ့ကို ကလဲ့စားချေရမှ သမီးဟာ မိခင်အတွက် တာဝန်ကျေတဲ့ သမီးကောင်းတစ်ယောက်ဖြစ်လာမှာ ဖြစ်သလို ရင်ထဲမှာ ခံစားနေရတဲ့ တင်းကြပ်မှုတွေလဲ ပြေပျောက်သွားလိမ့်မယ်’

ဖခင်ဖြစ်သူ၏ အမျှော်အမြင်ကြီးမှုအတွက် ယန်စေးချိမှာ မချီးကျူး မလေးစားပဲ မနေနိုင်အောင်ပင် ဖြစ်၍သွားလေသည်။

ဟုတ်တော့လည်းဟုတ်သည်၊ မိခင်အား သတ်ဖြတ်သွားသောရန်သူတစ်ယောက်ကို ကိုယ်တိုင်ကလဲ့စားချေခြင်းထက် ပိုကောင်းသောလုပ်ဆောင်မှုမရှိဟု သူထင်သည်။

သို့ဖြစ်၍ ယန်စေးချိက လှိုက်လှိုက်လှဲလှဲဖြင့်ပင် ဖခင်ဖြစ်သူအား ကျေးဇူးတင်စကားပြောလိုက်မိ၏။

‘သမီးကို ဒီအခွင့်အရေးမျိုး ချန်ထားပေးတဲ့ အတွက် ဖေဖေ့ကိုကျေးဇူးတင်ပါတယ်’

‘ဟာ....မဟုတ်တာပဲသမီးရယ် သားအဖချင်းများ ပြန်ပြီး ကျေးဇူးတင်စကားပြောရတယ်လို့လူကြားရင်ရယ်စရာကောင်းနေပါဦးမယ်’

'ကိစ္စမရှိပါဘူးလေ ဒီကျွန်းပေါ်မှာက ငါတို့သုံးယောက်အပြင် အခြားလူစိမ်းတစ်ယောက်မှမရှိဘဲဟာ'

တောင်ကျွန်းတွားတွားယိုးဖေးက မှင်သေသေအသံဖြင့် ဝင်ပြောလာသောကြောင့် ယန်စေးချီ မပြုံးချင်ပြုံးချင် ပြုံးလိုက်မိသည်။

ပြီးမှ ဖခင်ဖြစ်သူ ယန်ဟူကျင်းကို ကြည့်၍....

'ဒါဆို သမီးတို့ ပြည်မကိုသွားကြရမှာပေါ့နော် ဖေဖေ'

'မှန်တယ်သမီး ဒီတစ်ရက်နှစ်ရက်အတွင်းပဲ တောင်ကျွန်းက ပြေးထွက်ကြမယ်၊ သမီး ပြည်မကနေ ခြောက်လသမီးကတည်းက ထွက်ပြေးပြီး ဒီကျွန်းကိုရောက်လာတာဆိုတော့ ခုမှ ပထမဦးဆုံးအကြိမ်အဖြစ် ပြန်ရောက်သွားရင် အူကြောင်ကြောင်နဲ့ မသွားတတ်မလာတတ်ဖြစ်နေလိမ့်မယ်၊ ဒါကြောင့် ဖေဖေ လိုက်ပေးမှဖြစ်မယ်၊ နောက်ပြီး ပျိုလွှားခါးဝမ်းကာလီကိုလဲ သမီးကမြင်ဖူးတာမဟုတ်ဘူးလေ'

'မမြင်ဖူးပေမယ့် သူ့သတင်းထင်ရှားရှိနေတုန်းဆိုရင်တော့ ရှာဖွေကြည့်ရင် ခဲယဉ်းမှာမဟုတ်ပါဘူး ဖေဖေ၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အဖေပါ အတူတူလိုက်ခဲ့တာကတော့ အများကြီး ပိုကောင်းပါတယ်၊ ဘာလို့လဲဆိုတော့ အဖေက သိုင်းလောက ဗဟုသုတအများကြီးရှိသူဖြစ်တော့ အရေးကြုံရင် သမီးကို အကြံဉာဏ်တွေပေးနိုင်သလို အကူအညီ လိုအပ်ရင်လဲ ပေးလို့ရတာပေါ့'



ယန်စေးချီက အလိုက်သင့်ပြောလိုက်ရာ ဖခင်ဖြစ်သူ ယန်ဟူကျင်းက ကျေနပ်သွားသည့်အသွင် ခေါင်းကိုညိတ်သည်။

ယန်စေးချီမှာ ရဲရင့်သော မိန်းကလေးတစ်ယောက် ဖြစ်သော်လည်း သူတစ်ကြိမ်မှ မရောက်ဘူးသေးသော ပြည်မကို တစ်ယောက်တည်းသွားရမည့် အရေးကိုတော့ မလိုလားသည်မှာ အမှန်ပင်ဖြစ်၏။

ပြည်မ၏အနေအထား အားလုံးကို သူက ရင်းနှီးကျွမ်းဝင်မှုရှိသည်မဟုတ်၊ ထို ပြည်မ၌ ဆက်ကိုင်းရသည့် ... သောရန်သူများနှင့် ရင်ဆိုင်တိုးလျှင်လည်း အခက်တွေ့နိုင်ပေသည်။

နောက်ပြီး သိုင်းလောကသားများမှာ ပရိယာယ်များသည် ဆိုသောစကားကြောင့် ယန်စေးချီမှာ အကောင်းမပါးတဲ့သောင် ချောက်ထဲကျိုးဝင်သွားမည်ကိုလည်း စိုးရိမ်စိတ်ရှိပေသည်။

ယခုမူ ဖခင်ဖြစ်သူကပါ သူနှင့်အတူ ပြည်မသို့လိုက်ပါမည် ဆို၍ ယန်စေးချီ ထိုအတွက် စိတ်အေးသွား၏။

နောက်ပြီး သူ့ဖခင် ယန်ဟူကျင်းမှာ သူမထက်သိုင်းပညာ အတွင်းအား ပိုမိုပြည့်ဝသူဖြစ်၍ သူမရန်နှင့်တိုက်ကလဲ့ ... ရာတွင် အခက်တွေ့နေလျှင်လည်း အကူအညီကောင်းကောင်း ရနိုင်ပေ၏။

ထိုသို့တွေးမိလိုက်၍ စိတ်ပေါ့ပါးသွားသော ယန်စေးချီက သူမသိချင်သည်ကို ဖခင်ဖြစ်သူအား မေးမြန်း လိုက်လေသည်။

'ဒါထက် အဲ့ဒီ ပျံလွှားစားဝမ်ကောလီရဲ့ သိုင်းပညာက တော်တော်မြင့်မားသလားဖေဖေ'

'သူက ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ပဲ၊ သိုင်းပညာ ထက်မြက်တာကတော့ ထက်မြက်တာပေါ့၊ ဘာလဲ သမီးက ရင်မဆိုင်ရဲလို့လား'

'မဟုတ်ပါဘူး ဖေဖေ၊ သမီးကို ဒီလောက်တော့ အထင် မသေးလိုက်ပါနဲ့၊ သူ့ဟာသူ ပြိုင်ဖက်ကင်းသိုင်းပညာရှင်ကြီး ပဲဖြစ်နေနေ သမီး မကြောက်ပါဘူး၊ အမေ့အတွက် သမီး အသက်စွန့်ကာမှစွန့် မရရ ရအောင်ပြန်ပြီး ကလဲ့စား ချေမှာ ပါ'

'ဟာ... တယ်လဲရဲရင့်လိုက်တဲ့ သမီးပါလား၊ သမီးကို ဖေ ဖေမွေးရကျိုးနပ်သွားပါပြီကွယ်၊ ဝမ်ကောလီကို ကလဲ့စား ချေခြင်းမပြုနိုင်ရင်တောင်မှ ခုစကားကြားတာနဲ့တင် သမီးကို ကျေနပ်သွားပါပြီ'

'မင်းက စကားနောက် တရားပါ ဖြစ်နေဦးမယ်၊ ဘာ ကြောင့် ယန်စေးချီက ကလဲ့စားမချေနိုင်ရမှာလဲ၊ သူ့အမေ အတွက် သူကလဲ့စားချေနိုင်လိမ့်မယ်လို့ ငါယုံကြည်တယ်'



ကောင်ကျွန်း ဘွားဘွား ယိဖေး၏ အားပေး စကားက တကယ်ယပင်ယုံကြည်၍ပြောသည်လား၊ ဒါမှမဟုတ် စိတ်ခတ် တက်ကြွလာအောင် တမင်အားပေးသည်လား မပြောတတ်။

လူငယ်တစ်ယောက်မျှသာ ဖြစ်သော ယန်စေးချီ၏ ရင်ထဲ မှာတော့ အင်အားများ ပြည့်ဝသွားသလိုမျိုး ခံစားလိုက်ရ သည်။

'တွေ့ကြသေးတာပေါ့ ဝမ်ကောလီရယ်'

* * *

'ဟုတ်တယ် လူလေး၊ မင်း ဟိုပေနယ်စားကြီးကို သိတယ် မဟုတ်လား'

'ဟုတ်တဲ့ သိပါတယ်ဖေဖေ၊ နယ်စားကြီးက လီဝူချင်လေ'

ဝမ်ပိုဝေက မထူးခြားသလိုပြောလိုက်၏။ သူတို့နေသော သဲ့ဖူမြို့အပါအဝင် ဟိုပေပြည်နယ် တစ်ခုလုံးကို တာဝန်ယူ အုပ်ချုပ်ရသည့် ဟိုပေ နယ်စားကြီးလီဝူချင်ကို သူငယ်စဉ်က တွေ့မြင်ထားဖူးသောကြောင့် ဝမ်ပိုဝေက အထူးအဆန်းလုပ် ပြောနေသော ဖခင်ဖြစ်သူကို နားမလည်နိုင် ဖြစ်၍ နေခြင်း ပင်။

'အေး....အဲဒီနယ်စားကြီး လီဝူချင်က ရှေ့လဲထဲမှာ မွေး နေ့ပွဲလုပ်မလို့တဲ့ကွ။ ရှေ့လဆိုပေမယ့် ခုလကုန်ခါနီးပြီဆိုတော့ သိပ်မလိုတော့ဘူး၊ သူ့မွေးနေ့က လဆန်းဆယ်ရက်လို့ ပြော တယ်'

'ဘာလဲဖေဖေ၊ အဲဒီမွေးနေ့ပွဲကိုသွားပြီး စားသောက်ဖို့ စိတ်ဝင်စားနေတာလား၊ ကျွန်တော်မလိုက်တော့ပါဘူးအဖေ ရာ၊ အဖေတစ်ယောက်တည်းသာ သွားပါ။ ခေါ်ကြာ တစ် အိမ်တည်းက သားအဖနှစ်ယောက် လုံးသွားတယ်ဆိုပြီး နယ် စားကြီးက ကျွန်တော်တို့ကို အငတ်တွေလို့ထင်သွားပါဦးမယ်၊ ဖိတ်တဲ့သူက ဖိတ်ပေမယ့် ကိုယ်ဘာသိုက်သိဘက်မှ ကောင်းမှာ ပေါ့'

( ၈ )

'လူလေးရေ'

'ခင်ဗျာ အဖေ'

အခန်းထဲတွင် သဲ့လျှောင်းနေရာမှ ဖခင်ဖြစ်သူ၏ အသံ ကြောင့် ဝမ်ပိုဝေက လှုံးလဲပြီးထထိုင်လိုက်၏၊ ထိုအချိန်မှာသပ် ဖခင်ဖြစ်သူ ဝမ်ဇကာလီက ခုတင်ဘေးရှိ ထိုင်ခုံလွတ် တစ်လုံး တွင် ဝင်ထိုင်လျက် သူ့ကိုပြောပြ ပေသည်၊

'လူလေးအတွက် အခွင့်အရေး တစ်ခုတော့ ပေါ်လာပြီ ကွ'

'အခွင့်အရေး ဟုတ်လား'

ဝမ်ပိုငေ၏ ကင်ရာမြင်ရာ ပြောချလိုက်သော စကားများကြောင့် ဖခင်ဖြစ်သူပျံ့လွှားစားဝမ်ကောလီမှာ ရှောက်သီးကိုအလုံးလိုက် ကောက်စားလိုက်ရသူ တစ်ယောက်အလား ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်သွား၏။

ပြီးမှ ဖခင်ဖြစ်သူ ဝမ်ကောလီက သူ့ကို စိတ်မရှည်သလို ကြည့်၍....

'မင်းကတော့ ထင်ရာမြင်ရာဒတ္တလျှောက်ပြောချလိုက်ပြန်ပြီလူလေးရာ၊မင်း ကအဖေ့ကို ဘယ်လဲအထင်သေးတာပဲကိုး'

'မသိဘူးလေ့....အဖေ့က မွေးနေ့ပွဲအကြောင်း ဝမ်းသာအားရသာပြောနေတော့ ကျွန်တော်လဲ စားဖို့သောက်ဖို့စဉ်းစားနေတယ်ပဲ ထင်သွားတာပေါ့'

'စားဖို့သောက်ဖို့အတွက်လောက်နဲ့တော့ ငါကဒီလောက်အထိ ဝမ်းသာအားရဖြစ်ပါ့မလား လူလေးရာ၊ ထမင်းတွေဟင်းတွေဆိုတာက ငါတို့လဲ အိမ်မှာနေ့တိုင်းစားသောက်နေကြရတာပဲဟာ'

'ဒါဆို အဖေ အားရဝမ်းသာလာပြောတာက....

'အဲဒီမွေးနေ့မတိုင်ခင်နှစ်ရက်မှာ နယ်စားကြီးက ထူးထူးခြားခြား ပြိုင်ပွဲကြီးတစ်ခုကျင်းပပေးမယ်လို့သိရတယ်'

'ဘာပြိုင်ပွဲလဲ အဖေ'

'သိုင်းပြိုင်ပွဲလေ'

'ဗျာ. သိုင်းပြိုင်ပွဲ'



အံ့သြဝမ်းသာစိတ်ဖြင့် ခုတင်ပေါ်၌ ခြေထောက်ချ၍ထိုင်နေသည့် ဝမ်ပိုဝေမှာ သူ့ကိုယ်သူ သတိမထားမိနိုင်ခဲ့သးခင်မှာပင် နေရာ၌ထ်ရပ်မိသည်အထိဖြစ်သွား၏။

ပြီးမှ မယုံမရဲဖြင့် ဖခင်ဖြစ်သူကို ထပ်မေးကြည့်လို က်မိသည်။

'သိုင်းပြိုင်ပွဲ....သိုင်းပြိုင်ပွဲကျင်းပပေးမယ် ဟုတ်လားအဖေ၊ ကျွန်တော်နားကြားလွဲတာတော့ မဟုတ်ပါဘူးနော်'

'မဟုတ်ပါဘူးကွာ၊ သူတကယ်ကို သိုင်းပြိုင်ပွဲတစ်ခုကျင်းပဖို့ စီစဉ်နေတာကို ငါတိတိကျကျပဲသိခဲ့ရတာပါ'

'ဟန်ကျတာပဲ အဖေရာ၊ ကျွန်တော် အဲဒီလို သိုင်းပြိုင်ပွဲမျိုးတွေ စောင့်နေတာကြာပြီ၊ဒါမှကိုယ့်ရဲ့အရည်အချင်းအစစ်အမှန်ကို လက်တွေ့သိရသလို အားနည်းချက်၊ အားသာချက်တွေသိရမှာ၊ ဒါထက် နယ်စားကြီးက ဒီပြိုင်ပွဲကို အမှတ်တရဖြစ်အောင်စီစဉ်တာပေါ့နော် အဖေ'

'ဒါလဲပါတာပေါ့ကွာ၊ နောက်ပြီး နယ်စားကြီးက သူ့နယ်ထဲမှာ သိုင်းပညာထက်မြက်တဲ့လူငယ်တွေ ဘယ်လောက်များတယ်ဆိုတာ သိချင်လို့ဖြစ်မှာပေါ့၊ ပြီးတော့ ပြိုင်ပွဲမှာအနိုင်ရသူကို ထိုက်ထိုက်တန်တန် ဆုပေးဦးမယ်လို့လဲ ကြားရတယ် လူလေးရ'

ဖခင်ဖြစ်သူ၏ စကားအဆုံးတွင် ဝမ်ပိုဝေက ပြုံးလိုက်ရင်းမှ....

'ဆက်လိုချင်မက်မောတာထက် သိုင်းပြိုင်ပွဲမှာ ဝင်ပြိုင်ခွင့်ရတာကိုပဲ ကျွန်တော် ပျော်နေပြီ၊ ဒါပေမယ့်....အားလုံးကို အနိုင်ရပြီး နယ်စားကြီးပေးတဲ့ဆုပါ ရခဲ့ရင်တော့ ပိုကောင်းတာပေါ့လေ'

'အေး....အဖေသင်တာ မမှားဘူးဆိုရင်တော့ ဒီဆုဆိုတာက အရေးမပါလှဘူး၊ တကယ်တော့ နယ်စားကြီးက သားမက်ရွေးချင်တာကြောင့် ဒီပြိုင်ပွဲကို ကျင်းပတာ ဖြစ်ကောင်းဖြစ်နိုင်တယ်'

'ခင်ဗျာ....သားမက်ရွေးချင်လို့ ဟုတ်လား'

'ဟုတ်တယ်လူလေးရ၊ နယ်စားကြီး လီဝူချင်မှာ လီကွေးရှန်ဆိုတဲ့ သမီးလေးတစ်ယောက် ရှိတယ်လေ၊ လူလေးလဲမြင်ဖူးတယ်မဟုတ်လား'

'ဟုတ်ကဲ့ မြင်ဖူးပါတယ်အဖေ'

ဝမ်ပိုဝေက မဆိုင်းမတွပင် ပြန်၍ အဖြေပေးလိုက်သည်၊ တကယ်လည်း နယ်စားကြီးလီဝူချင်၏သမီး၊ လီကွေးရှန်ကို သူ နှစ်ကြိမ်တိတိမြင်တွေ့ဖူးထားခဲ့ပသည်၊

ရုပ်ရည်အားဖြင့် အတော်ပင် ချောမောလှပသူလေးဖြစ်၏၊ သို့သော် နယ်စားကြီးသမီးပီပီ မာနကြီးသည်ဟု သတင်းကြီးသည်ကို ကြားထားသောကြောင့် ဝမ်ပိုဝေက စိတ်မဝင်စားမိအောင် ပြန်လည်ထိန်းသိမ်းထားခဲ့ခြင်းဖြစ်၏။



ဟိုပေနယ်တစ်နယ်လုံး၌ အလှဆုံးဟု စာညီကညွတ်တသံတည်း သတ်မှတ်ထားကြသည့် လီကွေးရှန်မှာ သတင်းကြီးသည်နှင့် အညီပင် ချောမောလှပသူလေးဖြစ်၍ လိုချင်မက်မောသူများက ပုနှင့်ဒေးပင်။

ထိုထဲတွင် ဝမ်ပိုဝေက ရောနှော တရင်းမဝင်လိုသည်က တစ်ကြောင်း၊ သူ့လိုလူတစ်ယောက်ကို မာနကြီးသည့် လီကွေးရှန်က ပြန်လည်ချစ်ကြိုက်နိုင်မည်ဟု မမျှော်သင့်မထားသည်က တစ်ကြောင်းမို့ ချောမောလှပသည့် လီကွေးရှန်အား စိတ်ဝင်စားမိသော်လည်း အသာပင် မျိုသိပ်ထားခဲ့မိလေ၏။

ယခုမူ ဖခင်ဖြစ်သူက မေးလာ၍ မလွဲမရှောင်သာ ပြန်ဖြေရင်း ချောမောလှပသည့် လီကွေးရှန်၏မျက်နှာလေးကို ဝမ်ပိုဝေက မျက်စိထဲတွင် ပြန်လည်၍ မြင်ယောင်လာမိလေတော့သည်။

ထို့ကြောင့် ဖခင်ဖြစ်သူကို ဝမ်ပိုဝေက ခပ်မလာလောပြန်မေးလိုက်၏။

'ဒီသိုင်းပြိုင်ပွဲမှာ အနိုင်ရတဲ့လူကို သူ့သမီးနဲ့ပေးစားမယ်လို့ နယ်စားကြီးက ကြေညာထားလို့လား အဖေရာ ဟုတ်မှလဲလုပ်ပါ'

'ဟာ....လူလေးရဲ့နယ်စားကြီးက ဒီလိုတော့ ဘယ်ကြေညာထားပါ့မလဲကွ၊ ဒါပေမယ့် သူ့ကြေညာချက်ထဲက တစ်ခုက စိတ်ဝင်စားစရာဖြစ်နေတယ်လေ'

'ဘယ်တစ်ခုကလဲ'

'သိုင်းပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်တဲ့သူအားလုံး သူပျို လူလွတ်များသာဖြစ်ပြီး အသက်သုံးဆယ်ထက် မကျော်လွန်သူများသာ ဖြစ်ရမယ်ဆိုတဲ့ ကြေညာချက်ပေါ့'

'ဟင်....'

သည်တစ်ကြိမ်မှာတော့ ဝမ်ပိုဝေမှာ ဖခင်ဖြစ်သူအား မည်သို့ ဆင်ခြေပြန်ပေးရမည်မှန်း မသိနိုင်လောက်အောင်ပင် တွေဝေ၍သွား၏။

ဒါကိုကြည့်ပြီး အရှိန်ရသွားသော ဖခင်ဖြစ်သူက ဆက်ပြောလာသည်။

'ကဲ....ဒီတစ်ချက်က စိတ်ဝင်စားစရာ မကောင်းပေဘူးလားလူလေး၊ တကယ်ဆိုအမှတ်တရသဘောမျိုး ကျင်းပပေးတာပဲဟာ အိမ်ထောင်သည်ပဲဖြစ်ဖြစ်၊ အသက်ရှစ်ဆယ်ကျော်အဘိုးအိုပဲဖြစ်ဖြစ် ဝါသနာပါရင်ဝင်ပြိုင်ဖို့ခွင့်ပြုသင့်တာပေါ့ မဟုတ်ဘူးလား၊ ခုတော့ ဒီလိုမဟုတ်ဘူး အသက်ကန့်သတ်ထားတဲ့အပြင် လူပျိုလဲဖြစ်ရမယ်ဆိုတော့ စဉ်းစားစရာဖြစ်မနေဘူးလား'

'အဖေပြောတာလဲ စဉ်းစားစရာပဲ၊ တစ်ခုတော့ရှိတယ်၊ နယ်စားကြီးက သူအုပ်ချုပ်တဲ့ ပြည်နယ်ထဲမှာ အစွမ်းထက်တဲ့ လူငယ်ရွက်ပုန်းသီးသိုင်းပညာရှင်လေးတွေ ဘယ်လောက်ရှိသလဲ သိချင်တာကြောင့် တမင်တကာ စမ်းသပ်လိုက်တာများလား'



'ကြံဖန်တွေးမယ်ဆိုရင်တော့ မင်းတွေးသလိုလဲ တွေးလို့ရပါတယ်၊ ဒါပေမယ့် အဖေကတော့ စောစောကအချက်ကြောင်းပဲ ဖြစ်နိုင်တယ်လို့ ထင်မိတယ်'

'သိုင်းပြိုင်ပွဲမှာ နောက်ဆုံးအဆင့် အနိုင်ရသူကို နယ်စားကြီးက သူ့သမီးလီကျွေးရှန်နဲ့ တစ်ခါတည်း လက်ထပ်ပေးမယ်ပေါ့ ဒီလိုလား'

ထိုမေးခွန်းကို မေးလိုက်သည့်အခါမှာတော့ ဖခင်ဖြစ်သူ မျှလွှားစားဝမ်လောလီ၏မျက်နှာက ခပ်ပြုံးပြုံးရှိနေရာမှ အနည်းငယ် တည်ငြိမ်သောမျက်နှာထားကို ပြောင်းသွား၏။

ပြီးတော့မှ သူ့ကိုကြည့်၍....

'အေး....ဒီနေရာမှာတော့ အဖေ ထင်ကြေးကို ပြောစရာရှိသာပြီကွ လူလေးရ'

'ပြောပါအဖေ'

'သိုင်းပြိုင်ပွဲမှာ ပြိုင်ဖက်အားလုံးကို အနိုင်ရပြီး ဗိုလ်စွဲသွားတဲ့သူကို သူ့စိတ်ကြိုက်တွေ့ဖို့တော့ လိုသေးတယ်'

'စိတ်ကြိုက်တွေ့ဖို့'

'ဟုတ်တယ်လူလေး၊ ပြိုင်ပွဲမှာ အနိုင်ရတဲ့သူဖြစ်လို့ သိုင်းပညာစွမ်းအနေနဲ့ကတော့ သူ ဘာမှစိတ်ကြိုက်မတွေ့စရာ အကြောင်းမရှိတော့ဘူး၊ ဒါပေမယ့် ရုပ်ရည်၊ စိတ်ထား၊ မျိုးရိုး ဒါတွေကိုတော့ သူ ထပ်ပြီး လေ့လာဦးမှာပေါ့'

ထိုနေရာအရောက်တွင် ဖခင်ဖြစ်သူ ဝမ်ကောလီကစကားကို ခေတ္တရပ်၍ သူ့ကို အကဲခတ်သကဲ့သို့ ကြည့်၏။

ဝမ်ပိုဝေက စိတ်ဝင်စားစွာ နားထောင်နေသည်ကို တွေ့မှ စကားကို ဆက်လာ၏။

'သိုင်းပြိုင်ပွဲမှာ နောက်ဆုံးအနိုင်ရတဲ့သူဟာ စိတ်ထားမကောင်းတဲ့ အနက်ရောင်သိုင်းလောကသားတစ်ယောက် ဖြစ်နေရင် နယ်စားကြီးက ပေးစားမှာမဟုတ်သလို အကျည်းတန် အရုပ်ဆိုးနေရင်လဲ သူက သားမက်အဖြစ် ရွေးချယ်မှာမဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ မိန်းကလေးက သိပ်လှနေတာကိုး၊ ဒါကြောင့် ပေးစားမယ့်လူက အကျည်းတန်အရုပ်ဆိုးနေရင် မိန်းကလေး လီကွေးရှန်က လက်ခံမှာမဟုတ်တဲ့အပြင် ဘယ်လိုမှလဲ လိုက်ဖက်ညီပြီး ကြည့်ကောင်းမှာ မဟုတ်ဘူးလေ'

'ကျွန်တော် တဖြည်းဖြည်းသဘောပေါက်လာပါပြီအဖေ သိုင်းပြိုင်ပွဲမှာ အနိုင်ရသွားတဲ့သူဟာ အဖြူရောင်သိုင်းလောကသားတစ်ယောက်လဲဖြစ်မယ်၊ မျိုးရိုးလဲကောင်းမယ်၊ ပြီးတော့ ရုပ်ရည်ကလဲ ပြေပြစ်ချောမောမယ်ဆိုရင်တော့ သူ့သမီးသဘောထားကို မေးကြည့်မယ်၊ လီကွေးရှန်က လက်ခံနိုင်တယ်ဆိုရင် ပေးစားမယ်ပေါ့ ဒီလိုမဟုတ်လား'

'အေး....လူလေးတောင် တွေးတတ်လာပြီပဲ၊ ဟုတ်တယ် လူလေး ဥပမာပြောရရင် သားတို့လိုလူမျိုးဆိုပါတော့ကွာ'

'ဗျာ...'



ဖခင်ဖြစ်သူ ရုံလွှားခေါ် ပမ်ကောလီက ဘွဲ့တိုးဆိုသလိုပင် သူနှင့် ဥပမာပေးလာသောကြောင့် ဝမ်ပိုဝေ အူကြောင်ကြောင်ဖြစ်သွားသည်။

'မဗျာနဲ့ပေါ့လူလေးရ၊ အဖေအဟုတ်ကိုပြောတာ၊ အကယ်၍ ဒီသိုင်းပြိုင်ပွဲမှာ လူလေးပဲ အနိုင်ရပိုင်လိုက်ခဲ့ကြည့် လူပျိုလူလွတ်ဖြစ်တဲ့အပြင် ငယ်လွန်းတယ် ရုပ်လဲချော စိတ်ထားလဲ ကောင်း အဖြူရောင်သိုင်းလောကသားတစ်ယောက်လဲဖြစ်တဲ့သူလေးကို နယ်စားကြီးလီဝူချင်က ငြင်းစရာ မျှော်တွေ့ဘဲ တစ်ခါတည်း တန်းပြီး သဘောကျသွားမှာ သေချာတယ်၊ အစကတည်းက အဖေနဲ့လဲ သိကျွမ်းဖူးတော့ အဖေ့သားဆိုတာသိရင် ပိုပြီး တောင် သားမက်ရွေးချင်သွားဦးမယ်'

'ကိုယ့်တွက်ကိန်းနဲ့ကိုယ်ချမ်းပြီး ပျော်မနေပါနဲ့ဖခင်၊ နယ်စားကြီးက စိတ်တိုင်းကျတယ်ပဲထား၊ လီကွေးရှန်က မနှစ်သက်ရင်လဲ အဖေမျှော်မှန်းထားသလို ဖြစ်မှာမဟုတ်ပါဘူး'

'ဒီလို လွယ်လွယ်စိတ်မပျက်နဲ့လေ လူလေးရ၊ လူလေးက ရုပ်ရည်ချောမောပြီး ယောကျ်ားပီသ ခန့်ညားတဲ့အပြင် စိတ်ထားလဲကောင်းတော့ ဘယ်ဟာ သားကိုမြင်ရင်သဘောမကျဘူးလို့ ငြင်းပယ်မယ့် မိန်းကလေးက တော်တော်ကြီးကို ရှားမယ်ထင်တယ်'

'ဒါပေမယ့် လီကွေးရှန်က နယ်စားကြီး သမီး ဆိုတော့ မာနကြီးမှာပေါ့ အဖေရဲ့'

'အေးပေါ့သားရာ၊ နယ်စားကြီးတစ်ယောက်ရဲ့ သမီးလဲ ဖြစ်တဲ့အပြင် ရုပ်ရည်ကလေးကလဲ ချောမောလှပတော့ သူ မာနကြီးတာလဲ သဘာဝတော့ကျပါတယ်၊ ဒါပေမယ့် လူလေးလဲ လမ်းဘေးမှာ တေပေလေလွင့်နေတဲ့ ဂျပိုး သူခိုးမှ မဟုတ်ဘဲဟာ၊ ဒါကြောင့် လူလေးကို သူကမတူမတန် ဘူးလို့ ဘယ်မှာလာပြီး သဘောထားရဲပါ့မလဲ'

ဖခင်ဖြစ်သူ၏ အားပေးအားမြှောက် စကားများကြောင့် ဝမ်ပိုဝေးမှာ ပိုမို၍စိတ်ဓာတ်တက်ကြွလာသလိုမျိုးခံစားလိုက်ရ၏။

တစ်နယ်လုံးတွင် အလှဆုံးဟု သတင်းကြီးနေသော နယ်စားကြီး၏သမီးချော လီကွေးရှန်ကို သူရယူပိုင်ဆိုင်နိုင်မည် ဆိုလျှင်တော့ သူပါရောပြီး နာမည်ကျော်သွားမည်က မြေကြီးလက်ခတ်မလွဲပင် သေချာလှပေ၏။

'အင်းလေ အဖေကပြောတာနဲ့ ကျွန်တော်တော့ စိတ်ကူးယဉ်ချင်စိတ်ပေါက်လာပြီ၊ ဒါပေမယ့်သိုင်းပြိုင်ပွဲမှာအနိုင်ရဖို့ကလဲ အရေးကြီးတယ်နော်၊ မဟုတ်ရင်တော့ဒုတိယဆင့်ကို မျှော်မှန်းလို့ရမှာ မဟုတ်ဘူး'

'ဒါလဲ မင်းပဲ အနိုင်ရမယ်လို့ အဖေထင်တယ်'

'သေချာလှချည်လား အဖေရဲ့၊ ဘာလဲ ကိုယ့်သားမို့ ကိုယ် အထင်ကြီးပြီး ပြောတာလား'



ဝမ်ပိုဝေကနောက်လိုက်ရာ ဝမ်ကောလီက တည်တည်ငြိမ်ငြိမ်ပြုံးရင်းမှပြန်ဖြေလာသည်။

'တကယ်ပြောတာပါလူလေးရာ၊ မင်းနဲ့ရွယ်တူထဲမှာတော့ မင်းကိုအနိုင်ယူမယ့်လူရှိဖို့ မလွယ်ပါဘူး'

* * *

( ၉ )

တောင်ကျွန်းတွင် နေထိုင်ကြီးပြင်းလာသည့် ကာလတစ်လျှောက် ကြားရုံသာကြားရပြီး မရောက်ဘူးခဲ့သည့်ပြည်မကို ယခုအခါ ယန်စေးချိကိုယ်တိုင်ကိုယ်ကျမင် ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

မူလက လူများရှုပ်ထွေး စည်ကားလှသောကြောင့် မျက်စိနောက်သွားမည်ဟု ထင်ထားသော်လည်း လက်တွေ့တွင်ကား ထိုသို့ မဟုတ်ပါချေ။

တောင်ကျွန်းနှင့်မတူညီ၊ ကွာခြားလှပသည့် သဘာဝတောတောင်ရေမြေရှုခင်းများ၊ ပုံသဏ္ဍာန်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးသော နေအိမ် အဆောက်အဦများ၊



တစ်ဖန် လမ်းခပါတွင် လှုပ်ရှား သွားလာနေကြသော အရောင်အသွေးစုံလင်သော လူများကိုကြည့်ကာ ယန်စေးချိမှာ စိတ်ထဲတွင် ပျော်ရွှင်သယိုပင် ခံစားလာရပေသည်။

အထူးသဖြင့် မြို့ဈေးရောက်သည်တွင် လမ်းဘေး၌ ဖြန့်ခင်းရောင်းချနေသော တိုလီမုတ်စ အရောင်းဆိုင်လေးများ၊ ပေါက်စီ၊ အသားကင်စသော မုန့်ပဲ သွားရေစာ အရောင်းဆိုင်လေးများကိုကြည့်ကာ ယန်စေးချိမှာ ရင်ထဲတွင် ပျော်ရွှင်သယိုလို ခံစားနေရပေသည်။

တစ်ဖန်စားသောက်ဆိုင်ကြီးများကလည်း သူ့ကို အထူးအဆန်းသဖွယ် ဖမ်းစားၡ၍ နေလေသည်။

'ဖေဖေ ဒီဆိုင်ကြီးတွေက အစား အသောက် ရောင်းတာလား'

ယန်စေးချိက နှစ်သက်အဆောက်အဦကြီး၏ အပေါက်ဝတွင်ရပ်ရင်းမှ ဖခင်ဖြစ်သူကို လှည့်မေးလိုက်ခြင်း ဖြစ်သည်။

ထိုအခါ ယန်ဟူကျင်းက ခေါင်းကို တစ်ချက်ညိတ်လိုက်ရင်းမှ....

'ဟုတ်တယ်သမီး၊ ဒီအဆောက်အဦက စားသောက်ဆိုင်နဲ့ တည်းခိုဆောင် တွဲထားတာလေ၊ အောက်ထပ်မှာ အစားအသောက်တွေဝင်စားနိုင်သလို တစ်ခြားမြို့ရွာကလာတဲ့သူတွေ ညအိပ်ညနေတည်းခိုချင်ရင်လဲ အပေါ်ထပ်က အခန်းတွေမှာ တည်းခိုလို့ ရတယ်'

ပြည်မ ဗဟုသုတနည်းပါးသော သူမကို စိတ်ရှည် လက်ရှည်ပင် ပြန်ရှင်းပြ၍ လာသည်၊ အစားအသောက်များ မှာ ကြားစားသောက်၍ရသလို ညအိပ်ညနေလည်း တည်းခိုရ၍ရသည်ဟူသော ဖခင်၏စကားများကြောင့် ယန်စေးချိမှာ စိတ်ဝင်စား၍သွားမိသည်။

'စိတ်ဝင်စားစရာပဲနော်ဖေဖေ အစားအသောက်ရတယ် ဆိုတော့ ဘယ်လိုအစားအသောက်မျိုးတွေရသလဲ'

'အစုံရတာပေါ့ကွာ၊ ထမင်းနဲ့ အသားဟင်းမျိုးစုံရသလို အသီးအရွက်မျိုးစုံလဲမှာလို့ရတယ်၊ ပြီးတော့ ခေါက်ဆွဲပြုတ် ခေါက်ဆွဲကြော်လဲရတယ်'

'ခေါက်ဆွဲပြုတ်ဟုတ်လား အဲဒါကဘယ်လိုမျိုးလဲ'

'မင်းကိုရှင်းပြတာက မလွယ်ဘူး၊ ဒါကြောင့် လက်တွေ့ကျွေးလိုက်တာက ပိုကောင်းတယ်၊ ကဲ....လာအထဲဝင်ကြစို့'

'ဟုတ်ကဲ့'

သူမ တစ်ခါမှမစားဘူးသည့်အပြင် မြင်ပင်မမြင်ဘူးသေးသော ခေါက်ဆွဲပြုတ်ကို ကိုယ်တိုင်မြင်တွေ့စားသောက်ရတော့မည်ဟူသော အသိကြောင့် ယန်စေးချိမှာ ကလေးတစ်ယောက်လိုပင်ပျော်ရွှင်၍သွား၏။

နောက်တော့ စားသောက်ဆိုင်ထဲသို့ သားဖနှစ်ယောက် ခပ်တည်တည်ဖြင့် ဝင်ရောက်လာခဲ့ကြ၏။



'ထိုင်ပါခင်ဗျာ ဆရာတို့ဘာသုံးဆောင်ကြမလဲ'

စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်နှင့် စားပွဲထိုးလေးက တရိုတသေမေးလာသည်၊ မျက်နှာတွင် လုံးဝလိမ်းခြယ်ပြုပြင်မှုမထားသဲ့ ကပိုကရိုဖြင့်ပင် ထူးခြားစွာ လှပနေသော ယန်စေးချိ မျက်နှာလေးကို မြင်သည်တွင် စားပွဲထိုးလေးမှာ ငေးကြည့်မိရင်း သတိလက်လွတ်ဖြစ်သွား၏။

'ခေါက်ဆွဲပြုတ်နှစ်ပွဲပေးကွာ ခပ်မြန်မြန်လေးလုပ်'

သို့ဖြစ်၍ ယန်ဟူကျင်းက ပြန်ဖြေသည်ကို ငေးကြားနိုင်ဘဲ အရုပ်ကလို ဘောင့်တောင့်ကြီးရပ်ကာ ယန်စေးချိ၏မျက်နှာပေါ်မှအကြည့်ကိုလွှဲဖယ်ရန် သတိမရဘဲရှိနေသေး၏။

ယန်စေးချိကမူ တစ်ဆိုင်လုံးကို အထူးအဆန်းသဖွယ် လျှောက်ကြည့်နေရသောကြောင့်စားပွဲထိုး၏ ရယ်စရာကောင်းသောအဖြစ်ကို သတိမူမိခြင်းမရှိချေ။

အတန်ကြာသည်ထိ စားပွဲထိုးနေရာမှ ထွက်မသွားသေး၍ မော့ကြည့်လိုက်သော ခြင်္သေ့နက် ယန်ဟူကျင်းကသာလျှင် ထိုအဖြစ်ကိုတွေ့မြင်သွားသည်။

'ဟေ့ ကောင်'

'အောင်မယ်လေး'

အသက်နှစ်ဆယ်ကျော်ကျော်ခန့်မျှသာရှိဦးမည့် စားပွဲထိုး လူရွယ်မှာ ပခုံးကိုရုတ်တရက်လက်ဖြင့် အပုတ်ခံလိုက်ရမှပင် လန့်ဖျပ်ပြီး သတိပြန်ဝင်လာသည်။

'မင်း ဘာဖြစ်နေတာလဲ'

'ဟို....အဲ....ဘာမှမဖြစ်ပါဘူးဦးကြီး'

'ဒါဆို ငါပြောတာကြားလား'

'ကြားပါတယ်'

'ပြန်ပြောစမ်း'

'ဟိုဟာလေ....အဲ'

ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသော စားပွဲထိုးလူရွယ်ကို ကြည့်ကာ ယန်ဟူကျင်းစိတ်မရှည်ဖြစ်သွား၏။

'တော်စမ်းပါကွာ၊ ခွေးအကြီး လှည်းနင်းသွားတာကျနေတာပဲ အသိကထွက်မလာဘူး၊ ငါထပ်ပြောမယ် ခေါက်ဆွဲပြုတ်နှစ်ပွဲ ခပ်မြန်မြန်လေးယူလာခဲ့လို့ပြောတာ အဲဒါပဲသွားတော့'

'ဟုတ်....ဟုတ်ကဲ့'

ထိုသို့ပြောလိုက်မှပင် စားပွဲထိုးလူရွယ်မှာ ရှက်ကိုးရှက်ကန်းဖြင့်နေရာမှ ဟသောတကျော့ပင်ထွက်သွား၏။

'ဟိုလူက ဘာဖြစ်တာလဲဖေဖေ'

'ဘာမှ မဟုတ်ပါဘူး သမီးရာ၊ အလကား ရူးကြောင်ကြောင်နဲ့'

ဖခင်ဖြစ်သူက ခပ်ဖွဖွပါ ပြန်ပြောလာသောကြောင့် ယန်စေးချိုကလည်း ဆက်မမေးဖြစ်တော့ပါချေ။



ထိုနောက်သိပ်မကြာခင်မှာပင် အငွေ့တထောင်းထောင်း ထနေသော ခေါက်ဆွဲပြုတ်နှစ်ပန်းကန် သူတို့ရှေ့ ရောက်လာသည်။

အရည်စပ်စပ်နှင့် ရှည်မျောမျောအမျှင်လေးများကို ယန်စေးချိုစိတ်ဝင်စားသွားသည်။

'ဒီ ရှည်မျောမျောလေးတွေက ခေါက်ဆွဲဆိုတာလား ဖေဖေ'

'ဟုတ်တယ်သမီး သူ့ကို ကြော်စားလို့ရသလို ခုလိုမျိုး ပြုတ်စားလို့လဲရတယ်'

'အရသာရှိလားဟင်'

'သူ့ချည်းပဲစားရင်တော့ ထူးထူးခြားခြားမရှိပါဘူး၊ ဒါပေမယ့် ကြော်စား၊ ပြုတ်စားရင်တော့ စားကောင်းတယ်၊ ဒီလိုပြောလိုက်လို့ ပျာပျာသလဲမစားလိုက်နဲ့နော်၊ အေးအောင်လုပ်ပြီးမှစား မဟုတ်ရင် အပူလောင်သွားလိမ့်မယ်'

'ဟုတ်ကဲ့ပါ ဖေဖေ'

ယန်စေးချိုကလည်း သည်လောက်တော့ ပါးနပ်ပါသည်၊ ဖခင်က ခပ်ခလောလော စားခိုင်းလျှင်ပင် အငွေ့တထောင်းထောင်းထနေသည့် ခေါက်ဆွဲပြုတ်များကို သူမ အလျှင်းဖားလျား စားသောက်ရန် စိတ်ကူးမည်မဟုတ်ပါချေ။

ထို့နောက် အေးအောင်ဆွဲပေးပြီးမှ စတင်စားသောက် လိုက်ရာ တစ်ကြိမ်မှမစားဖူးသေး၍ ယန်စေးချီ အလွန်ပင်နှစ် သက်သွားမိ၏။

'ခေါက်ဆွဲပြုတ်က တော်တော်ကောင်းတာပဲနော် ဖေဖေ'

'ဘာလဲ...သမီးကြိုက်သွားပြီလား'

'ဟုတ်တယ်...ခေါက်ဆွဲပြုတ်ရဲ့ ဒီပြည်မကအကောင်မဖြစ် ချင်တော့ဘူး'

ယန်စေးချီက စိတ်ထဲရှိသည့်အတိုင်း ရိုးသားစွာပြောလိုက် ရာ ဖခင်ဖြစ်သူ ယန်ဟူကျင်းက သဘောကျသွားသည့်အလား ပြုံး၏။

ဘာမှတော့ ပြန်မပြောချေ၊ သို့ဖြစ်၍ ယန်စေးချီသည် စကားထပ်မများတော့ဘဲ ခေါင်းကိုသာငုံ့၍ ခေါက်ဆွဲပြုတ် များကို မြိန်ရည်ယှက်ရည်ပင် ဆက်လက်စားသောက်နေလိုက် မိတော့၏။

* * *



ဟိုပေဆိပ်ကမ်းမြို့လေးမှ ဆက်လက်ထွက်ခွာလာခဲ့သည့် ယန်စေးချီနှင့် ယန်ဟူကျင်းတို့နှစ်ယောက်မှာ နေ့လယ်ခင်း အချိန်အရောက်မှာတော့ မြို့လေးတစ်မြို့ကို ထပ်မံရောက်ရှိ သွားကြ၏။

ထိုမြို့လေး၏အမည်မှာ ဖန်ချောင်ဟု ဖခင်ဖြစ်သူပြောပြ၍ သိရ၏၊ ဖန်ချောင်မြို့ဈေးကိုအရောက်မှာတော့ အုတ်နံရံတစ်ခု တွင်ကပ်ထားသည့် ကြော်ငြာကို လူလေးငါးယောက်ခန့်မျှ စုပြီးဖတ်နေကြသည်ကိုတွေ့ရ၏၊

'အဖေ ဟိုလူတွေဘာလုပ်နေတာလဲ'

'ကြေညာချက်ကို ဖတ်နေကြတာဖြစ်မှာပေါ့၊ လာ....ငါ တို့လဲ သွားဖတ်ကြည့်ရအောင်'

'ဟုတ်ကဲ့'

ထိုနောက် ယန်စေးချီတို့သားအဖနှစ်ယောက်က ထိုနေရာ သို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားလိုက်ကြ၏။

နေ့လည်ခင်းဖြစ်သော်လည်း ကောင်းကင်တွင် မိုးအုံ့နေ၍ နေရောင်က ဟုတ်တိပတ်တိမရှိချေ၊ လူလေး ငါးယောက်၏ နောက်မှ ကြေညာထားသော စာကို ယန်စေးချီနှင့် ယန်ဟူ ကျင်းတို့ဖတ်ကြည့်လိုက်၏။

စာပါအကြောင်းအရာကား တစ်ခြားမဟုတ်၊ လအန်း ဆယ်ရက်နေ့တွင် ကျင်းပမည့် နယ်စားကြီး၏ မွေးနေ့အထိမ်း

အမှတ်သိုင်းပြိုင်ဖို့ အသက်သုံးဆယ် မကျော်လွန်သေးသော လူပျိုလူလွတ်သိုင်းပညာရှင်တိုင်းဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်ထားခြင်းပင် ဖြစ်၏။

ပြိုင်ပွဲတွင် နောက်ဆုံး အနိုင်ရဗိုလ်စွဲသူအား ဆုငွေထိုက်တန်စွာ ချီးမြှင့်မည့်အကြောင်းလည်း ဆက်လက် ထည့်သွင်းကြော်ငြာ၍ထားလေသည်။

ပထမရောက်နေသော လူလေးငါးယောက်မှာ ဖတ်ရှုပြီးဖြစ်၍ တစ်ယောက်တစ်ပေါက်ဝေဖန်ပြောဆို ထင်ကြေးပေးလျက် နေရာမှတစ်ယောက်ပြီး တစ်ယောက် ထွက်ခွာသွားကြလည်း။

သို့ဖြစ်၍ ထိုနေရာတွင်ယန်စေးချို့ သားအဖနှစ်ယောက်သာ ကျန်ခဲ့လေ၏၊ သည်တော့မှ ယန်စေးချိက စကားစလိုက်သည်။

'နယ်စားကြီးရဲ့ မွေးနေ့အထိန်းအမှတ် သိုင်းပြိုင်ပွဲကျင်းပမယ်ဆိုပါလား ဖေဖေ'

'ဘာလဲ သမီးစိတ်ပင်စားသွားပြီလား'

'သိုင်းယှဉ်ပြိုင်ရမှာဖြစ်တဲ့အပြင် ထိုက်တန်တဲ့ ဆုငွေလဲပေးဦးမယ်ဆိုတော့ သမီးစိတ်တော့ ဝင်စားပါတယ်'

'ဒါဆို သမီးဝင်ပြိုင်လိုက်ပေါ့'

'ဟာ....ဖေဖေကလဲ မဟုတ်ဘာ၊ သူကြော်ငြာထားတာက အသက်သုံးဆယ်အောက် လူပျိုလူလွတ် ယောကျ်ားလေးပဲဖြစ်ရမယ်တဲ့၊ သမီးကမိန်းကလေးပဲဟာ ဘယ်လိုလုပ်ပြီး ဝင်ပြိုင်ရမှာလဲ'

ယန်စေးချို့က စောဒကတက်လိုက်သည်တွင် ယန်ဟူကျင်းက အဓိပ္ပာယ်ပါပါ အမူအရာမျိုးဖြင့် အသံထွက်ပြီးရယ်သည်။

ပြီးမှ သမီးအား တစ်ချက်ငေ့ကြည့်ကာ လေသံနှိမ့်၍....

'ဒါကဲခဲယဉ်းတဲ့ကိစ္စ သိုက်လို့သမီးရယ်၊ မင်းကိုယောကျ်ားလေးတစ်ယောက်လို ပြင်ဆင်ပေးလိုက်ရင်ပြီးသွားပြီပေါ့'

'ယောကျ်ားလေးလိုပြင်ဆင်ပေးလိုက်မယ် ဟုတ်လား၊ ဖြစ်ပါ့မလား ဖေဖေ'

'ဘာကြောင့် မဖြစ်ရမှာလဲ သိပ်ဖြစ်တာပေါ့'

ဖခင်ဖြစ်သူ ယန်ဟူကျင်းက ခပ်သွက်သွက်ပေါက်လေသံမျိုးဖြင့် ပြန်ပြောလာ၏၊ သိုင်းပြိုင်ပွဲတစ်ခုကို ဝင်ရောက်ယှဉ်ပြိုင်ရမည် ဖြစ်သည့်အပြင် ပင်ကိုယ်သဏ္ဍာန်ဖြင့်မဟုတ်ဘဲ ယောကျ်ားလေးတစ်ယောက်လို ရုပ်ဖျက်ဝတ်ဆင်ပြီး ယှဉ်ပြိုင်ရမည်ဟူသောအသိကြောင့် ယန်စေးချိစိတ်ပါဝင်စားသွားမိသည်ကား အမှန်ပင်ဖြစ်သည်။

ထို့အပြင် ပြိုင်ပွဲတွင်အနိုင်ရပါက ထိုက်တန်စွာ ဆုငွေချီးမြှင့်မည်ဟူသော မက်လုံးကလည်း ပို၍ စိတ်ဝင်စားစေခဲ့လေသည်။

'အင်းလေ....ဖေဖေပြောသလို ရုပ်ဖျက်ပြီး ယှဉ်ပြိုင်လို့ရှိရင် မယ်ဆိုရင်တော့မဆိုးပါဘူး၊ သမီးက ငယ်ငယ်ကလေးကတည်းက သိုင်းပညာသာ သင်လာခဲ့တာ ပြိုင်ဖက်တစ်ယောက်နဲ့မှ ပြိုင်ပွဲသဘောမျိုး ယှဉ်ပြိုင်ဖူးတာမဟုတ်ဘူး၊ ဒါကြောင့် သမီးစိတ်ဝင်စားမိတာအမှန်ပဲ၊ ဒါပေမယ့် သမီးဒီသိုင်းပြိုင်ပွဲမှာ အနိုင်ရပါ့မလား ဖေဖေ'

'ဘာဖြစ်လို့ ဒီလိုမေးတာလဲ'

'သူက ဆုငွေ ထိုက်ထိုက်တန်တန်ပေးမယ်လို့ ကြေညာထားတဲ့အပြင် နယ်စားကြီးကိုယ်တိုင် ကမ္ဘာသလုပ်ပြီး စီစဉ်ကျင်းပတာဖြစ်လို့ တစ်နယ်လုံးမှာရှိသမျှ သိုင်းပညာရှင်တွေအများကြီး လာပြိုင်ကြမယ်လို့ ထင်တယ်'

'မှန်တယ်၊ သမီးထင်သလို လာပြိုင်ကြမှာကတော့ သေချာတယ်၊ ဒါပေမယ့် လာပြိုင်တဲ့လူများတာ ဘာမှစိုးရိမ်စရာမရှိပါဘူး သမီးရယ်၊ ကိုယ့်တတ်သိုင်းပညာ သာလွန်သူမပါရင် လူဘယ်လောက်ပဲများများ နောက်ဆုံးကိုယ်ပဲ အနိုင်ရမှာပေါ့ မဟုတ်ဘူးလား'

'သမီးအနိုင်ရလိမ့်မယ်လို့ ဖေဖေက တစ်ထစ်ချယုံကြည်ထားလို့လား'

ယန်စေးချီက ဖခင်ဖြစ်သူ၏ မျက်နှာကိုကြည့်ကာ ခေသ္ဓ တိုးစမ်းသလိုမျိုးမေးလိုက်ရာ ယန်ဟူကျင်းက ခပ်အေးအေးပင် ခေါင်းပြန်ညိတ်ပြသည်။



'ဟုတ်တယ်သမီး အဖေကတော့ ဒီလိုပဲအပြည့်အဝ ယုံကြည်ထားတယ်၊ သမီးက ဖေဖေ့ဆီက ခြေသိ လက်သည်းသိုင်းကွက်အပြင် ထူးထူးဆန်းဆန်းယီဖေးရဲ့ သိုင်းကွက်တစ်ချို့လဲ အမွေရထားတာဆိုတော့ ရှယ်တူတွေထဲမှာတော့ သမီးက လက်ရည်တူယှဉ်ပြိုင်လောက်တဲ့သူ တစ်ယောက်မှရှိမှာမဟုတ်ဘူး၊ ခုဟာခုက အသက်ကိုကန့်သတ်ထားတော့ထိပ်တန်းသိုင်းပညာရှင်ကြီးတွေလဲ ဝင်ရောက်ယှဉ်ပြိုင်လို့ မရနိုင်ဘူး၊ ဒါကြောင့် ဒီပြိုင်ပွဲမှာ သမီးပဲအနိုင်ရမယ်လို့ အဖေယုံကြည်ထားတယ်'

'အင်း....အဖေ စကားတော့ ကြားတာနဲ့ သမီးတောင် ချက်ချင်းပဲ ယှဉ်ပြိုင်ချင်စိတ်တွေပေါက်လာတယ်၊ ဒါထက် သမီးက သိုင်းပြိုင်ပွဲမှာ အားလုံးကိုအနိုင်ရပြီး ပိုလ်စွဲသွားပြီထား၊ အဲဒီအခါကျမှ အကြောင်းတစ်ခုခုကြောင့် သမီးကိုမိန်းကလေးမှန်းသိသွားရင်ရော ဘယ်လိုလုပ်မလဲ'

ယန်စေးချီက စိုးရိမ်မကင်းသလိုမျိုး မေးလိုက်သည့်အခါမှာတော့ ဖခင်ဖြစ်သူ ခြေသိနက် ယန်ဟူကျင်းက မပွင့်တပွင့်ပြုံးသည်။

ပြီးတော့မှ....

'ဒါကတော့ သမီးစိုးရိမ်ကြီးတာပဲဖြစ်မှာပါ၊ သမီးကိုယ်တိုင်က ဖွင့်မပြောဘူးဆိုရင် မိန်းကလေးဖြစ်ကြောင်းသိဖို့ဆိုတာက မလွယ်ကူပါဘူး'

'သမီး လိုရမယ်ရ မေးတာပါ'

'အကယ်၍ သမီးပြောသလို သိသွားခဲ့တယ်ပဲထား သူတို့ ချီးမြှင့်တဲ့ဆုကြေးငွေမယူရင် ပြီးတာပါပဲ'

'ဒီလောက်နဲ့ပြီးရင်တော့ ကိစ္စမရှိပါဘူး ဖေဖေ၊ တော်ကြာ နယ်စားကြီးက သူ့ကိုတောင် လိမ်ရဲတယ်ဆိုပြီး ဒေါ်ပွနေမှာစိုးလို့ပါ'

'ဟား...ဟား...ဟား သမီးက အဖေ့သမီးဖြစ်ပြီးစိုးရိမ်စိတ်တွေတယ်များတာပဲကိုး မကြောက်စမ်းပါနဲ့သမီးရယ်၊ အဲဒီလိုဖြစ်လာခတော့လည်း သူအဖြစ်မပေးခင် ဖောက်ထွက်ပြီးပြေးရုံပေါ့၊ သမီးရဲ့သိုင်းပညာကသေးတာမှမဟုတ်ဘဲဟာ ပြီးတော့ အဖေလဲ တစ်ယောက်လုံးရှိနေသေးတယ်ဆိုတာ သတိရပါဦး'

ဖခင်ဖြစ်သူ ယန်ဟူကျင်းက ထိုသို့ထုတ်ပြောလာသောကြောင့် ယန်းစေးချီမှာ သူစိုးရိမ်ကြီးလှန်းသည့်အဖြစ်ကို သတိရပြီး ရှက်ကိုးရှက်ကန်းဖြစ်သွားမိ၏။

တကယ်တော့ ယန်စေးချီက သတ္တိနည်းသောမိန်းကလေး တစ်ယောက်မဟုတ်ပါ၊ တစ်ဖန်ယန်ဟူကျင်းနှင့် ဘွားဘွား ယိဖေးတို့၏ လေ့ကျင့်သင်ကြားပေးထားမှုကြောင့် မိန်းမ တစ်ယောက်နှင့် မလိုက်အောင်ပင် သူမ၏ စိတ်ဓာတ်ကမာ ကြော၍ နေပေသေးသည်။

သို့သော် မေးကဘည်းက တောင်ကျွန်းတွင်သာ နေထိုင် ကျင်လည်ခဲ့ရပြီး ယခုမှ အစစ အရာရာ ကွဲပြားသောပြည်မကို



စရောက်လာသည်ဖြစ်၍ မာကြောသောစိတ်ခေတ္တပျောက်ကာ စိတ်မတည်မငြိမ် လှုပ်ရှားနေခြင်းမျှသာလျှင်ဖြစ်ပေ၏။

ယခု ဖခင်ဖြစ်သူ၏စကားကြောင့် ယန်စေးချီမှာ မာကြောသောစိတ်ဓာတ်များ ပြန်လည်ဝင်ရောက်၍ လာခဲ့၏။

'ဟုတ်တယ်ဖေဖေ သမီးနည်းနည်းစိုးရိမ်စိတ် များသွားမိတာ ကိုခွင့်လွှတ်ပါ၊ ဒါကလဲတစ်ခါမှမရောက်ဖူးသေးတဲ့ပြည်မ ကိုရောက်လာလို့ ပျော်ပြီး စိတ်လှုပ်ရှားနေတာကြောင့် ဖြစ်မယ်ထင်ပါတယ်'

'အဖေနားလည်ပါတယ်ကွယ် ထားလိုက်ပါတော့၊ ဒါနဲ့ သမီးသိုင်းပြိုင်ပွဲကိုဝင်ပြိုင်မယ်မဟုတ်လား'

'ဟုတ်ကဲ့ သမီးဝင်ပြိုင် မယ်လို့ ဆုံးဖြတ်လိုက်ပါပြီ'

'ဒီလိုဆိုဖြစ်ချမှာပေါ့၊ ကဲ...ဒါဆိုသိုင်းပြိုင်ပွဲ ကျင်းပမယ့် မာချင်းမြို့ကို အယ်ရက်မတိုင်ခင်ရောက်အောင် ခရီးဆက်ကြစို့'

'ဟုတ်ကဲ့ပါ ဖေဖေ'

နောက်တော့ ယန်စေးချီနှင့် ခြေသော့နက် ယန်ဟူကျင်းတို့ သားအဖနှစ်ယောက်မှာ ထိုနေရာမှ ခပ်သွက်သွက်ပင် ထွက်ခွာသွားကြလေတော့သည်။

* * *

## ( ၁၀ )

သိုင်းပြိုင်ပွဲကျင်းပမည့်နေ့ဖြစ်၍ နယ်စားကြီးလီဝူချင့် နေ ထိုင်ရာ မာချင်းမြို့လေးမှာ မိုးလင်းကတည်းက သွားလာ လှုပ်ရှားသူများဖြင့် အထူးပင်စည်ကား၍နေပေ သည်၊

လီဝူချင်၏ စံအိမ်တော်ရှေ့ မြေကွက်လပ်ကြီးတွင်တော့ ကျယ်ဝန်းပြီး ခိုင်ခန့်တောင့်တင်းသော သိုင်းပြိုင်ပွဲစင်မြင့်ကြီး တစ်ခုတည်ဆောက်၍ထားလေ၏။

ထိုစင်မြင့်ကြီး၏ ပတ်ပတ်လည်မှာတော့ သိုင်းပြိုင်ပွဲ ဝင် ရောက်ယှဉ်ပြိုင်မည့် သိုင်းပညာရှင်များ၊ သူတို့၏ခင်မင်ရင်းနှီး သောဆွေမျိုးမိတ်ဆွေများနှင့် သူငယ်ချင်းများ၊



ဝါသနာရှင် မာချင်းမြို့သူမြို့သားများမှာ ခပ်စောစောကပင် မြည့်ကြပ်စွာနေရာယူထားကြပြီဖြစ်သည်။

သိုင်းပြိုင်ပွဲစင်မြင့်နှင့် မလှမ်းမကမ်းတွင်လည်း စင်မြင့်တစ်ခုရှိပေသည်၊ ထိုစင်မြင့်ပေါ်တွင်ကား နယ်စားကြီး လီဝူချင်နှင့် တစ်ဦးတည်းသော သမီးချောလီကွေးရှန်တို့က ထိုင်ခုံများဖြင့်နေရာယူထားကြလေသည်။

ထို့ပြင် နယ်စားကြီးလီဝူချင်၏ ဖိတ်ကြားထားသောဧည့်သည်များတစ်ချို့နှင့် သူ၏ကိုယ်ရံတော်တပ်မှူးများလည်း မတ်တပ်ရပ်လျက်အနေအထားဖြင့်ရှိနေကြလေသည်။

တပ်မှူးနှစ်ဦးမှာ နယ်စားကြီး လီဝူချင်နှင့် သမီးလီကွေးရှန်အား မယံမှားသူများက အငိုက်ဖမ်း လုပ်ကြံတိုက်ခိုက်၍ မရအောင် စူးရှသည့်မျက်လုံးများဖြင့် ကျီးကန်းတောင်းမှောက် ကြည့်ရင်း သတိအပြည့်ဖြင့် စောင့်ကြပ်ကာကွယ်ပေးနေကြ၏။

သိပ်မကြာခင်မှာပင် ထိုက်တန်စွာဆုငွေချီးမြှင့်မည်ဟုအတိအလင်း ကြေညာထားသည့် နယ်စားကြီး လီဝူချင်၏မွေးနေ့ အထိမ်းအမှတ် သိုင်းပြိုင်ပွဲကြီး စတင်လေ၏။

ဤပြိုင်ပွဲ၏ထူးခြားချက်မှာ လက်နက်မဲ့နှင့် လက်နက်ကိုင် သိုင်းပြိုင်ပွဲဟူ၍ ခွဲခြားမထားချေ၊ ကြိုက်နှစ်သက်သည့်သိုင်းကွက်များဖြင့် ယှဉ်ပြိုင်ခွင့်ပြုထား၏။

သို့သော် ချင်းချက်အနေဖြင့် တစ်ခုသော ပြန်လည်ထိန်းချုပ်ထားသည်၊ ယင်းကား တစ်ခြားမဟုတ်၊ ပြိုင်ပွဲဝင်ယှဉ်ပြိုင်သူမှာ ပြိုင်ဖက်ကို အနိုင်ရအောင် အစွမ်းကုန်တိုက်ခိုက်ရသည်တော့မှန်၏။

သို့ဖြစ်သော်ငြား ပြိုင်ဖက်ကို သေဆုံးအောင်တိုက်ခိုက်ရန် မဆိုထားနှင့် အလွန်ပြင်းထန်သည့် ဒဏ်ရာရအောင်ပင် တိုက်ခိုက်ရဟူသည့်အချက်က တစ်ပါတည်းပါ၏။

သိုင်းပြိုင်ပွဲ၌ အားလုံးကို အနိုင်ရပြီး ဗိုလ်စွဲအောင်တိုက်ခိုက်နိုင်လင့်ကစား ပြိုင်ဖက်မှာ သေဆုံးခြင်း၊ သို့မဟုတ် ဒုက္ခတာဝရောက်လောက်အောင် အလွန်ပြင်းထန်စွာ ဒဏ်ရာရရှိမည်ဆိုပါက ပြိုင်ပွဲစည်းကမ်းနှင့် ညီညွတ်ဟု သတ်မှတ်က ဆုချီးမြှင့်မည်မဟုတ်ချေ။

သို့ဖြင့် ပြိုင်ပွဲစတင်ရာ လူရွယ်သိုင်းပညာရှင် အခေါ်များများပင် တက်ရောက်ယှဉ်ပြိုင်ရလေ၏။

ပထမအဆင့်တွင် အနိုင်ရမှုခဲ့လျှင် ဆက်လက်ယှဉ်ပြိုင်ရန် စောင့်စားခဲ့ရသည်ဖြစ်ပြီး အကယ်၍ ရှုံးနိမ့်လျှင်မူ ပြိုင်ပွဲသို့ ဆက်လက်ယှဉ်ပြိုင်ရန် အခွင့်အရေးရတော့မည် မဟုတ်ပါချေ။

ထိုသို့ယှဉ်ပြိုင်ရင်းမှ ဝမ်ပိုဝေ ယှဉ်ပြိုင်ရန်အလှည့်သို့ကျရောက်လာ၏၊ ထို့ကြောင့် ဝမ်ပိုဝေက စင်မြင့်ပေါ်သို့ခုန်တက်ပြီးနောက် တစ်ဖက်စင်မြင့်မှ လှမ်းကြည့်နေသည့် နယ်စားကြီး လီပူချင်အား ဦးညွှတ်ဂါရဝပြုလိုက်၏။



ထို့အတူ အထူးဧည့်သည်များနေရာ၌ထိုင်နေသည့် ဖခင်ဖြစ်သူကိုလည်း တလေးတစားပင် လှမ်း၍ဂါရဝပြုလိုက်သေးသည်။

နောက်တော့ မထင်မှတ်ဘဲ သူ့ကို စူးစိုက်ကြည့်နေသည့် မိန်းမလှလေး လီကူးရှန်နှင့် မျက်လုံးချင်းသွားဆုံမိရာ ဝမ်ပိုဝေ ရင်ထဲလှုပ်ရှားသွားသလို ခံစားလိုက်ရ၏။

တစ်ခဏမှာပင် သိုင်းပညာရှင်တစ်ယောက်ဟူသည် ပြိုင်ပွဲဝင်စဉ်ကာလ၌ဖြစ်စေ၊ ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်နေစဉ်ကာလ၌ဖြစ်စေ အထူးတလည် စိတ်တည်ငြိမ်မှုရရှိရန် လိုအပ်သည်ဟူသောစကားကို ကြားယောင်မိသောကြောင့် ဝမ်ပိုဝေကလည်း မျက်နှာကိုလွှဲကာ စိတ်ကိုပင် တည်ငြိမ်အောင်ကြိုးစား၍ ထိန်းလိုက်၏။

ထိုစဉ်မှာပင် သူနှင့်ယှဉ်ပြိုင်မည့် သိုင်းပညာရှင်က စင်မြင့်ပေါ်သို့ ပေါ့ပါးစွာခုန်တက်လာ၏၊ သို့ဖြစ်၍ ပြိုင်ဖက်ဖြစ်သူကို အချိန်တိုအတွင်းမှာပင် ဝမ်ပိုဝေက အကဲခတ်သလို လေ့လာကြည့်လိုက်၏။

သူ၏ပြိုင်ဘက်ကား သူ့ထက်အသက်အနည်းငယ်ပိုကြီးပြီး နှစ်ဆယ့်ငါးနှစ်ခန့်မျှ ရှိမည်ဟုခန့်မှန်းရ၏။

မြင့်မားသော အရပ်အမောင်းနှင့် ကိုယ်ခန္ဓာကလည်း ထွားကြိုင်းသူ တစ်ယောက်ဖြစ်၏၊ လက်ထဲ၌ မည်သည့်လက်နက်မျှ ကိုင်ဆောင်ထားခြင်း မရှိသောကြောင့် သူ့လိုပင် လက်နက်မပါဘဲ ယှဉ်ပြိုင်တိုက်ခိုက်မည့်သူတစ်ယောက်ဟု တွက်ဆမိ၏။

ပြောမည်ဆိုလျှင် ဝမ်ပိုဝေကို ဖခင်ဖြစ်သူ ပျံလွှားဓား ဝမ်ကောလီက လက်နက်မဲ့ သိုင်းကွက်များ ၂၁မက ဓားသိုင်း ပညာကိုလည်း သင်ကြားပေးထားပြီးဖြစ်၏။

သို့သော် ဓား၊ လှံ ထိုသည်ကား မျက်စိမပါဟူသည့်ဆိုရိုး စကားအတိုင်းပင် အချိန်အဆလွဲမှားပါကတစ်ဖက်လူကိုသေ စေနိုင်သလို အပြင်းအထန်ဒဏ်ရာရရှိသွားစေနိုင်၏၊ ထို့ကြောင့် ဝမ်ကောလီက လက်နက်မကိုင်ပဲ သူ့ကို ဝင်ရောက်ယှဉ်ပြိုင် စေခဲ့ခြင်းဖြစ်၏။

ထို့နောက် ဝမ်ပိုဝေနှင့် ပြိုင်ဘက်လူရွယ်တို့က အသိအမှတ် ပြုသလိုမျိုး တစ်ယောက်ကိုတစ်ယောက် ဦးညွှတ်လိုက်ကြလေ သည်။

ပြီးလျှင် နောက်တစ်လှမ်းစီပြန်ဆုတ်ကာ ခြေထောက်များ ကို လိုအပ်သလိုလှုပ်ရှားနိုင်ရန် ခွဲလိုက်ကြ၏။

ပြီးသည်နှင့် တစ်ဖက်က လူရွယ်ကပင် ခြေကိုလှမ်းဘက် ပြီးသကာလ လက်သီးကိုဆန့်ထုတ်ကာ တိုက်ပွဲကို စတင်လေ သည်။

'ဟိတ်'

'ဝှီး....'

ဝမ်ပိုဝေက ပေါ့ပါးလှသူဖြစ်၏၊ သို့ဖြစ်၍လက်သီးချက်ကို အလွတ်ပင်ရှောင်၍ ညာလက်ဖြင့် လက်ပြန်ရိုက်ချလိုက်၏။

'ဝှစ်....'



သူ၏ လက်ဝါးစောင်း ရိုက်ချက်က လူရွယ်၏မျက်နှာကို တည့်မတ်စွာ ကျရောက်သွားသော်လည်း ထိတော့မထိလိုက် ချေ။

လူရွယ်က ခေါင်းငုံ့ တိမ်းရှောင်ပေးလိုက်၍ လက်ဝါး စောင်းခုတ်ချက်က ကပ်ကာ လွဲချော်သွား၏၊ နောက်တော့ သူတို့ပြိုင်ပွဲက တဖြည်းဖြည်းပိုမိုသွက်လက်လာ၏။

ပြောမည်ဆိုလျှင် သူရင်ဆိုင်ရသောပြိုင်ဘက်က သိုင်းစွမ်း ရည်လည်းမဆိုးလှချေ၊ သို့သော် ခန္ဓာကိုယ် ထွားကြိုင်းခြင်း ကို အကြောင်းပြုကာ ထိုလူရွယ်က တဇွတ်ထိုးဖြင့်မဆင်မခြင် တိုက်ခိုက်သည်ကား အားနည်းချက်ပင်ဖြစ်၏။

နောက်ပြီး လှုပ်ရှား တိမ်းရှောင်ရာတွင်လည်း သူ့လိုပေါ့ ပါးလျင်မြန်လှမှုခြင်းမရှိချေ၊ သို့ဖြစ်၍ ယှဉ်ပြိုင်တိုက်ခိုက်ပြီး မကြာခင်မှာပင် ဤပြိုင်ပွဲမှာ သူ့ကို အနိုင်ယူနိုင်စွမ်း မရှိဟု ဝမ်ပိုဝေကောင်းစွာ သဘောပေါက်သွား၏။

သို့ဖြစ်သောကြောင့် ဝမ်ပိုဝေကစိတ်တည်ငြိမ်စွာပင်အမှား ကို စောင့်ကြည့်တိုက်ခိုက်ခဲ့ရာ တစ်ချီမှာတော့ ဟာကွက်ဖြစ် ပေါ်သွားခဲ့၏။

သည်မှာတင် ဝမ်ပိုဝေ၏ ခြေကန်ချက်က ထိုပြိုင်ဘက် သိုင်းပညာရှင်၏ရင်ဝကို တိကျစွာထိသွားတော့၏။

'ဝုန်း'

'အင့်'

ပြိုင်ပွဲစည်းကမ်းအရ စင်မြင့်ပေါ်တွင် ပက်လက်လဲ သို့မဟုတ် မှောက်လျက်လဲကျလျှင်ဖြစ်စေ စင်မြင့်ပေါ်မှ အောက်မြေပြင်ပေါ်သို့ လွင့်စင်ပြုတ်ကျသွားခဲ့လျှင်ဖြစ်စေ အရှုံးဟုသတ်မှတ်ထားခဲ့ပေ၏။

သို့ဖြစ်၍ သူ့ကန်ချက်ကြောင့် ပြိုင်ဘက် သိုင်းပညာရှင်လူရွယ် ပက်လက်ပြုတ်ကျသွားသည့်တွင် ပြိုင်ပွဲကားအဖြေပေါ်ပြီး ဖြစ်သွားတော့သည်။



ဤသို့ဖြင့် အနိုင်ရသွားခဲ့သောဝမ်ပိုဝေမှာ နောက်အဆင့်များ ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ အဆင့်တိုင်းလိုလိုမှာပင် ပြိုင်ဘက်သိုင်းပညာရှင်များအား ပြတ်သားစွာ အနိုင်ယူခဲ့သည်ချည်းသာဖြစ်၏။

ထို့အတူ တစ်ဖက်မှလည်း ဝတ်စုံနက် ဝတ်ထားသော သိုင်းပညာရှင်လူရွယ်တစ်ယောက်က ပြိုင်ပွဲတိုင်း ပြတ်သားစွာ အနိုင်တိုက်ခိုက်ပြီး ထိပ်ဆုံးကို ရောက်ရှိလာ၏။

ဝတ်စုံနက်ဝတ်ထားသော သိုင်းပညာရှင်လူရွယ်၏ သိုင်းကွက်မှာ ဆန်းပြားသည်နှင့်အမျှ အနည်းငယ်ကြမ်းတမ်းသည်ဟုလည်း ဝမ်ပိုဝေထင်၏။

တစ်နည်းအားဖြင့် ခြသေ့်တစ်ကောင်၏ တိုက်ခိုက်သက် မျိုးဖြင့်ဆင်တူလှသည်ဖြစ်ရာ ခပ်လှမ်းလှမ်းမှသာ ကြည့်လျှင် ခြသေ့်နက်တစ်ကောင် စင်မြင့်ပေါ်တက်၍ သတ်ပုတ်နေသည်ဟုပင် ထင်မှတ်မှားလောက်ပေ၏။

နောက်ပြီး ဝတ်စုံနက်ပြိုင်ဘက် သိုင်းပညာရှင်၏ လှုပ်ရှားတိမ်းရှောင်ပုံမှာ လွန်စွာ လျင်မြန်လှသဖြင့် ထိုဝတ်စုံနက်နှင့် တွေ့လျှင် သူအနိုင်ရမှုရပါ့မလားဟု ဝမ်ပိုဝေ စိုးရိမ်စိတ် ဝင်ရောက်လာခဲ့၏။

ပြိုင်ပွဲတစ်ခုယှဉ်ပြိုင်ရန် စင်မြင့်ပေါ်သို့တက်သွားတိုင်း သူ့ကို အကြည့်စူးစူးလေးများဖြင့်ကြည့်ကာ ရင်ခုန် လှုပ်ရှားစေခဲ့သူ လီကွေးရှန်၏မျက်နှာလှလှလေးကို မြင်ယောင်မိချိန်မှာ

တော့ ဝတ်စုံနက်ကို မရရအောင် အနိုင်တိုက်မည်ဟု ဝမ်ပိုဝေ ဆုံးဖြတ်ချက် ချလိုက်မိသည်ထိုပင် အားအင်များက ပြန်လည် ပြည့်ဝလာခဲ့ပေ၏။

ဤပြိုင်ပွဲကား ဗိုလ်လုပွဲဖြစ်၍ အနိုင်ရရှိသူမှာ နယ်စားကြီး လီစူချင်ချီးမြှင့်သော ဆုတော်ငွေကို လက်ခံ ရယူရတော့မည် ဖြစ်သည်။

ထို့ပြင် သူတို့နှစ်ယောက်စလုံးမှာ အစွမ်းထက်သောသိုင်း ပညာရှင်များဟု လက်တွေ့ တွေ့မြင်ထားကြပြီး ဖြစ်၍လည်း ပရိသတ်အားလုံးမှာ တုတ်တုတ်မျှ မလှုပ်ဘဲ တိတ်ဆိတ်စွာပင် စောင့်မျှော်ကြည့်ရှုနေကြလေသည်။

ခပ်စောစောက စင်မြင့်အောက်မှဖြစ်၍ သေသေချာချာ အကဲခတ်ခွင့်မရခဲ့သော ဝမ်ပိုဝေမှာ ယခုမှပင် ဝတ်စုံနက် လူရွယ်ကို အနီးကပ် တွေ့မြင်အကဲခတ်ခွင့်ရခဲ့၏။

လူရွယ်ကား ထူးထူးခြားခြားပင် ချောမော လွန်းသည့် လူရွယ်တစ်ယောက်ဖြစ်လို့နေ၏၊ အသက်ကလည်း သူ့ထက် ပိုကြီးမည့်ပုံ မရှိချေ။

သို့သော် လူရွယ်၏ချောမောမှုကာခန့်ညားခြင်းတော့ မပါ ချေ၊ မိန်းမချောချောသော ချောမောခြင်းမျိုးဟု ဝမ်ပိုဝေ ကောက်ချက်ချလိုက်မိ၏။

မည်သို့ပင်ဖြစ်စေ ရုပ်ချောသည်ရုပ်ဆိုးသည်က အကြောင်း မဟုတ်၊ အရေးကြီးသည်က မိန်းမချောချောသည့် ဤဝတ်စုံ နက်နှင့်သိုင်းပညာရှင်လူရွယ်ကို ပြိုင်ပွဲတွင် သူအနိုင်ရအောင် တိုက်ခိုက်နိုင်ရေးပင် ဖြစ်၏။



မှန်ပါသည်၊ ဤပြိုင်ပွဲကား သူ့အတွက်အရေးအကြီးဆုံး သော နောက်ဆုံးပြိုင်ပွဲပင်ဖြစ်၏ သည်ပြိုင်ပွဲတွင် အနိုင်ရပါ က နယ်စားကြီးချီးမြှင့်မည့်ဆုငွေရရှိမည့်အပြင် သူ့ဖခင် ဝမ် ကောလီထင်ကြေးပေးသလို အဆင်ပြေပါကလီကျွေးရှန်နှင့်ပင် လက်ထပ်ခွင့်ရကောင်းရနိုင်၏။

ထိုအတွေးဖြင့် ဝမ်ပိုဝေ ရင်ဖိုသလိုလို၊ စိတ်လှုပ်ရှားသလိုလို မျိုးဖြစ်သွား၏၊ ထိုစဉ်မှာပင် ဝတ်စုံနက်လူရွယ်က ရုတ်တရက် လှမ်းမေးလာ၏။

'ခင်ဗျားနာမည် ဝမ်ပိုဝေနော်'

'မှန်ပါတယ်၊ ခင်ဗျားနာမည်က ချင်ဖုန်း မဟုတ်လား'

'ဟုတ်ပါတယ် ဝမ်ပိုဝေ၊ ကျုပ်တို့အတွက် ဒီပြိုင်ပွဲက နောက်ဆုံးပြိုင်ပွဲပဲ၊ ဒီပြိုင်ပွဲမှာ အနိုင်ရရင် နယ်စားကြီးချီး မြှင့်မယ့်ဆုတော်ငွေကိုရပြီ'

'မှန်ပါတယ်၊ ဒါကြောင့် ပြိုင်ပွဲစည်းကမ်းချက် အတိုင်း ညီညွတ်စွာနဲ့ ကျုပ်ကိုအစွမ်းကုန် ယှဉ်ပြိုင်ကြတာပေါ့'

'ကောင်းပါပြီ'

ထိုနောက် နောက်သို့တုံ့စံအတိုင်း ခြေတစ်လှမ်းစီ ဆုတ် လိုက်ကြ၏၊ ပြီးလျှင် ချင်ဖုန်းဆိုသော ဝတ်စုံနက်က တိုက်ပွဲ စရန် အဆင်သင့်ဖြစ်ပြီ ဟူသော အဓိပ္ပာယ်မျိုးဖြင့် လက်ပြ၏။

သည်ဝတ်စုံနက်နှင့်မိန်းမချောချောသောလူရွယ်၏ သိုင်း ပညာကား ထက်မြက်ပြီး ဆန်းပြားသလို ကိုယ်ဖော့ပညာလည်း အထူး ကောင်းမွန်လှသည်ကို ဝမ်ပိုဝေ မျက်မြင်တွေ့ထားပြီး ဖြစ်၏။

သို့ဖြစ်၍ ဝမ်ပိုင်ဝေက မခေပါဆရဲသလို အရှိန်းကာရောလည်း တိုးဝင်မတိုက်ခိုက်ရဲချေ။

ခြေကွက်ကို ရွှေ့ပြောင်းရင်းအသာအကဲခတ် စောင့်ကြည့်နေလိုက်၏။

'ခင်ဗျားက မစဘူးဆိုရင်တော့ ကျုပ်ကပဲ စရတော့မှာပေါ့'

စိတ်မရှည်ဖြစ်လာဟန်တူသည့် ချင်ဖုန်းက ပြောပြောဆိုဆိုဖြင့်ပင် လွှားခနဲခုန်ဝင်ကာ စတင်တိုက်ခိုက်လိုက်လာ၏။

'ဟိတ်'

ချင်ဖုန်း၏လှုပ်ရှားဟန်က ခြင်္သေ့တစ်ကောင်ကဲ့သို့ပင် လျင်မြန်ဖြတ်လတ်ပြီး ရဲရင့်လှ၏၊ သတိရှိသောဝမ်ပိုင်ဝေက လှစ်ခနဲ ရှောင်တွက်လိုက်ရာ ချင်ဖုန်း၏လက်သည်း ကုတ်ချက်က အစ်ထွာခန့်ကပ်ကာ လွဲချော်ထွက်သွားသည်။

သို့သော် အံ့ဩစရာဟုပင် ဆိုရပေမည်၊ စင်မြင့်ပေါ်သို့ ခြေပြန်မကျရသေးခင်မှာပင် ချင်ဖုန်း၏ညာခြေကန်ချက်က ဘယ်နံစောင်းကို တိုးဝင်လာသည်။

'တင်....'

ဝမ်ပိုင်ဝေက ကိုယ်ကိုတိမ်း၍ ညာလက်သီးဖြင့် စိုက်ထိုးလိုက်သော်လည်း လက်သီးချက်ကလေထဲတွင်သာ အချည်းနှီးဖြစ်၍ သွားသည်။

'မှော့....'

သို့ဖြစ်၍ ဝတ်စုံနက်ချင်ဖုန်း ခြေပြန်အကျတွင် ဝမ့်ပိုင်ဝေ ဒါးလည်ကို အပိုင်သိမ်း၍ ပုတ်ကန်လိုက်၏။



'ဗွမ်'

သို့သော် မရပါချေ၊ ကိုယ်ဖော့ပညာတွင် သူ့ထက်ဖိုမိုမြင့်မားသော ချင်ဖုန်းက အလွယ်တကူပင် ခြေကန်ချက်ပေါ်မှ တိမ်းရှောင်၍ ခုန်ထွက်သွားခဲ့၏။

ပြီးလျှင် ခြင်္သေ့တစ်ကောင်ပမာ လွှားခနဲ ခုန်ဝင်၍ လက်သည်းသိုင်းကွက်များဖြင့် တိုက်ခိုက်၍လာပြန်၏။

ချင်ဖုန်း၏တိုက်ခိုက်မှုက လျင်မြန်လွန်းလှသည့်နည်းတူ မည်သို့ဝင်ရောက်လာမည်ဟု ခန့်မှန်းမရနိုင်လောက်အောင်ပင် ဆန်းပြားပြီး ပရိယာယ်လဲပါသည်။

သို့ဖြစ်သောကြောင့် ဝမ်ပိုင်ဝေမှာတိုက်ခိုက်ရန်ထက် လွယ်လင့်တကူ အရေးနိမ့်မသွားစေရန်ပင် မနည်းတိမ်းရှောင်ခုခံနေရသော အနေအထားမျိုးကို ရောက်ရှိ၍လာလေ၏။

ဤပုံစံအတိုင်းဆိုလျှင် ဆင်ပြောင်ကြီး အမြီးကျမှဘစ်ဟူသော ဥပမာစကားကဲ့သို့ပင် တောက်လျှောက်အနိုင်ယူလာပြီး နောက်ဆုံး ပြိုင်ပွဲကျမှအရေးနိမ့်ရတော့မည့် အခြေအနေမျိုး ဆိုက်ရောက်နေပြီဖြစ်၍ ဝမ်ပိုဝေ စိတ်မတည်မငြိမ်ဖြစ်လာ၏။

ဖခင်ဖြစ်သူနှင့် သူစိတ်ဝင်စားသော လီကွေးရှန်၏ရှေ့တွင် မရှုမလှရှုံးနိမ့်ရတော့မည့်အရေးကို မလိုလားမသာကြောင့် ဝမ်ပိုဝေကို စိုးရိမ်စိတ်များက ဖိစီး၍လာ၏။

နဂိုကပင် ချင်ဖုန်း၏သိုင်းပညာက သူ့ထက်သာသည်ဖြစ်ရာ စိတ်မတည်မငြိမ်နှင့် အမှားအယွင်းများလာချိန်မှာတော့ ပိုလို့ပင် ဆိုးသွားသည်။

သို့ဖြစ်၍ မကြာလိုက်ချေ၊ ချင်ဖုန်း၏ သက်သည်းကုသ်ချက် တစ်ချက်က သူ၏ပခုံးကို ကပ်ထိသွား၏။

'ရှီ....'

'အ....'

တစ်သက်တည်းမှာပင် နောက်ဆက်တွဲဝင်ရောက်လာသော ချင်ဖုန်း၏ခြေကန်ချက်ကြောင့် ဝမ်ပိုဝေ၏ ကြမ်းပြင်ပေါ်ကို လွင့်စင်လဲကျသွားခဲ့ရလေတော့၏။

'ဟေး....'

'ချင်ဖုန်းကွ'

ပရိသတ်တစ်ချို့၏ ချင်ဖုန်းအားဩဘာလက်ခုပ်သြဘာ ကျူး လိုက်သံများက နားထဲကို အဆင်မပြေစွာပင် တိုးဝင်၍လာ သည်။

ချင်ဖုန်းကိုလှမ်းကြည့်လိုက်ရာ အောင်နိုင်သူတစ်ယောက် အပြုံးမျိုးဖြင့် နယ်စားကြီးလီဇူချင်အား လှမ်း၍ဦးညွှတ်ဂါရ ဝပြုနေသည်ကို တွေ့လိုက်ရသည်။

ပခုံးဆီမှ အကျီသားပြဲကာ လက်ဝါးချောင်းရာ အစင်း ကြောင်းများ ဖြစ်ပေါ်နေသည်ကို ဝမ်ပိုဝေမြင်လိုက်ရ၏၊

ထို့နောက် ဝမ်ပိုဝေက စိတ်ဘင်းတားသည့်ကြားမှတစ် ဖက်စင်မြင့်ကို လှမ်းကြည့်လိုက်ရာ ချက်နှာမကောင်းလှသော ဖခင်ဖြစ်သူနှင့် မျက်စိမျက်နှာပျက်နေသော လီကွေးရှန်ကို တွေ့မြင်လိုက်ရ၍ ဝမ်ပိုဝေ၏ရင်ထဲ ဂိုလ်ပင် ကြေကွဲသွားမိ၏



ပြိုင်ပွဲမစမီ မျှော်လင့်ထားသည့်အတိုင်း သူ၏စိတ်ကူးယဉ် အိပ်မက်တို့သည်ကား ချင်ဖုန်းဆိုသောသိုင်းပညာရှင်ကြောင့် လုံးဝ ပျောက်ကွယ်ပျက်စီးသွားခဲ့ရပြီဖြစ်၏။

'မင်းနဲ့ ကိုယ်နဲ့ ဖူးစာမပါလို့ပဲ ဖြစ်ပါလိမ့်မယ် လီကွေး ရှန်'

ဝမ်ပိုဝေက ထိုစကားများကို ရင်ထဲတွင်သာ ကြေကြေ ကွဲကွဲ ရေရွတ်လိုက်ခြင်းဖြစ်သည်၊ နောက်တော့ စင်မြင့်ပေါ် မှ အောက်သို့ ခုန်ဆင်းလိုက်မိ၏၊

ချင်ဖုန်းကို အားပေးသံများကား အဆက်မပြတ် ပေါ် ထွက်၍နေဆဲပင်တည်း။

*

'မောင်ရင့်နာမည်က ချင်ဖုန်းနော်'

'မှန်ပါတယ် နယ်စားကြီး'

'အင်း.... ရုပ်ရည်ချောမောသလောက် သိုင်းပညာကလဲ ထက်မြက်ပါပေတယ်၊ မောင်ရင်နဲ့ စကားပြောဆိုချင်လို့စံအိမ်တော်ထဲကို ခဏလိုက်ခဲ့ပါဦး'

'အမိန့်တော်အတိုင်းပါပဲ ခင်ဗျာ'

ထို့နောက် ချင်ဖုန်းအစယောင်ဆောင် ယန်စေးချီမှာ နယ်စားကြီး လီဝူချင်နှင့်အတူ စံအိမ်တော်ထဲကို လိုက်ပါ၍သွားခဲ့သည်။

နယ်စားကြီး၏သမီး လီကွေးရှန်ကမူ သူ့ကို ဝတ်ကျေတန်းကျေ နှုတ်ဆက်ပြီး သူမ၏အခန်းရှိရာသို့ ထွက်ခွာ၍သွားလေသည်။

နယ်စားကြီးလီဝူချင်၏သမီး လီကွေးရှန်ကား အတော်ပင် ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

သို့သော် မိန်းမသားတစ်ဦးမျှသာဖြစ်သော ယန်စေးချီကမူ လီကွေးရှန်အား မည်သို့မျှ စိတ်ဝင်စားစရာ အကြောင်းမရှိပါချေ။

ပြည်မကို ပထမဆုံးအကြိမ်ခြေချပြီး ပွဲဦးထွက် သိုင်းပြိုင်ပွဲတွင် အနိုင်ရပိုလ်စွဲခဲ့ခြင်းနှင့် နယ်စားကြီးလီဝူချင်မှ ဆုတော်ငွေ ရရှိခဲ့သည့်အတွက်ပင် ယန်စေးချီ ကျေနပ်ပျော်ရွှင်၍ နေမိလေသည်။

( ၁၀ )

ယန်စေးချီကား မြိုင်ပွဲတွင် အနိုင်ရသဖြင့် ဝမ်းသာကျေနပ်မိသလို တစ်ဖက်ကလည်း စိုးရိမ်မကင်း ခံစားလိုက်ရလေသည်။

အကြောင်းမှု သူမက မိန်းကလေးတစ်ယောက်ဖြစ်သည်ကို နယ်စားကြီးလီဝူချင်က သိရှိသွားမည်ကို စိုးရိမ်သောကြောင့်ပင် ဖြစ်သည်။

သို့သော် ယန်စေးချီက ဟန်ဆောင်တော့ ကောင်းခဲ့ပါသည်၊ ဉာဏ်ခြေမပျက်စေဘဲ ပရိသတ်ကြီး၏ရှေ့မှာပင် နယ်စားကြီး လီဝူချင်ပေးသော ဆုတော်ငွေကို လက်ခံယူခဲ့လေသည်။

သူ၏ဖခင် ယန့်ဟူကျင်းကမူ လူလုံးထွက်မပြဘဲ လူအုပ်ထဲမှပင် ရောနှောကြည့်ရှုခဲ့ပြီး ပြိုင်ပွဲပြီးဆုံးသည်တွင် အခြားပရိသတ်များနည်းတူပင် ပြန်လည်ထွက်ခွာ၍ သွားခဲ့သည်။

သူမကိုမေးလျှင်လည်း မိဘမရှိသော တစ်ကောင်ကြွက်ဖြစ်သည်ဟု ပြောဆိုရန် မှာကြား၍ထားပေသည်။

အဘယ်ကြောင့် ထိုသို့မှာကြားထားသည်ကိုမူ ယန့်စေးချိုကောင်းကောင်းမသိပါချေ။ သို့သော် ဖခင်ကို ကောဒကမတတ်ရဲ၍ ထိုအတိုင်းပင် ပြောပြရန် စိတ်ကူးထားပြီးဖြစ်သည်။

'တဲ...ထိုင်ပါဦး ချင်ဖုန်း'

'ဟုတ်ကဲ့ပါ နယ်စားကြီး'

အရောင်တဖိတ်ဖိတ် တောက်နေသော ကျွန်းသား ထိုင်ခုံကြီးတွင် ချင်ဖုန်းအယောင်ဆောင် ယန့်စေးချိုက ဣန္ဒြေရရဝင်ဝင်ထိုင်လိုက်သည်။ နယ်စားကြီး၏ ဧည့်ခန်းဆောင်ကြီးကား ခန်းနားပြီး ကျယ်လည်း ကျယ်ဝန်းလှသည်။ စားပွဲပေါ်တွင် သစ်သီးဝလံမျိုးစုံ ထည့်ထားသော လင်ပန်းကြီးလည်းရှိနေသည်။

သို့သော် နယ်စားကြီးလီဝူချင် မှာကြားထား၍ပဲသားတော့မပြောတတ်၊ ဧည့်ခန်းဆောင်ထဲတွင် သူတို့နှစ်ယောက်မှလွဲပြီး တစ်ခြားဘယ်သူမှမရှိပါချေ။

'မောင်ရင်က ဘယ်နယ်မှ နေကာလဲ'

'ကျွန်တော်က စီချွမ်ပြည်နယ်မှာနေတာပါ'

'မိဘတွေကရော'



'ကျွန်တော့် မိဘတွေက ငယ်ငယ်ကတည်းက ဒသဆုံးသွားလို့ ဦးလေးလက်ထဲမှာပဲ ကြီးပြင်းလာခဲ့ပါတယ်၊ ခုတော့ ဦးလေးလဲဆုံးပါးသွားခဲ့ပါပြီ'

'ဩော်...မောင်ရင်က တစ်ကောင်ကြွက် တစ်ယောက်ပဲကိုး'

'ဟုတ်ပါတယ် နယ်စားမင်း'

ယန့်စေးချိုက တလေးတစားပင် ပြန်ပြောလိုက်သည်။ ထိုအခါနယ်စားကြီး လီဝူချင်က လူ့ကို အကဲခတ်သလိုကြည့်ပြီး ဆက်ပြောလေသည်။

'မောင်ရင့်ဦးလေးက သိုင်းပညာရှင် တစ်ယောက်လား'

'မဟုတ်ပါဘူး ကုန်သည်တစ်ယောက်ပါ နယ်စားမင်း'

'ဒါဆို မင်းခုလိုသိုင်းပညာထူးချွန်တတ်မြောက်နေတာက'

'အပြင်ဆရာတွေသင်ပေးထားလို့ပါ'

'မင်းရဲ့ဆရာက'

'အများကြီးပဲရှိတာမို့ ပြောမနေတော့ပါဘူး နယ်စားမင်းခွင့်လွှတ်နားလည်ပေးပါ'

ပြောပြရန်ခက်ခဲနေသောကြောင့် ယန့်စေးချိုက စကားကိုရောချပစ်လိုက်သည်၊ နယ်စားကြီး လီဝူချင်က ထပ်မေးရန်မကြိုးစားတော့ဘဲ ခေါင်းကိုညိတ်သည်။

ပြီးတော့မှ....

'ထားပါလေ မင်းရဲ့ဆရာတွေနာမည်ကိုမသိရှင်လဲ အရေးမကြီးပါဘူး၊ ဘာပဲဖြစ်ဖြစ် လူငယ်လေးတစ်ယောက် အနေနဲ့

ဒီလောက်သိုင်းပညာလူးချွန်သောက်မြောက်နေတာသာကတော့ အံ့ဩစရာကောင်းသလို လေးစားချီးကျူးစရာလဲကောင်းပါတယ်

‘ဟုတ်ကဲ့ နယ်စားမင်း ကျွန်တော့်မျိုးကလဲ နယ်စားကြီးကိုယ်တိုင် ကျင်းမပေးတဲ့သိုင်းပြိုင်ပွဲမှာ အနိုင်ရကဲ့အတွက်ရော နယ်စားကြီးရဲ့ ဆုတော်ငွေကိုရရှိတဲ့အတွက်ရော အထူးပဲဝမ်းသာဂုဏ်ယူမိပါတယ်’

ယန်စေးချိကလည်း အသိုက်သင့်ပင် ပြန်ပြောလိုက်ရာ နယ်စားကြီးလီဂူချင်က ဘဝင်ကျသွားသလို ပြုံးရွှင်၍သွားသည်။

နောက်တော့မှ သူ့ကိုတစ်ချက်ကြည့်ကာ....

‘ဒါထက် ချင်ဖုန်း’

‘ပြောပါနယ်စားမင်း’

‘ကျုပ်ရဲ့သမီး လီကွေးရှန်ကိုမြင်တယ်မဟုတ်လား’

‘မြင်ပါတယ် နယ်စားမင်း’

‘သူ့ကိုမောင်ရင် ဘယ်လိုသဘောရသလဲ’

‘ရုပ်ရည်ရူပကာ အထူးချောမောလှပတဲ့အပြင် နူးညံ့သိမ်မွေ့ပြီး မိန်းကလေးပီသကာ ဣန္ဒြေလဲအလွန်ရတယ်လို့ မြင်မိပါတယ်’

ယန်စေးချိက နယ်စားကြီး လီဂူချင်သဘောကျစေလောက်မည့်စကားလုံးများကို တမင်တကာပင် ရွေးချယ်၍ စီကာပတ်ကုံးချီးမွမ်းခန်းဖွင့်လိုက်သည်။



‘ဟုတ်ပြီ ဒါဆို မောင်ရင့်ကို ကျုပ်ရဲ့သမီးနဲ့ ထိမ်းမြားပေးမယ်ဆိုရင်ရော မောင်ရင်ဘယ်လိုသဘောရသလဲ’

ဖြီးဖြီးဖျောပြောလိုက်သော ယန်စေးချိမှာ နောက်ဆက်တွဲပြောလာသော နယ်စားကြီးလီဂူချင်၏စကားများကြောင့် နေရာတွင် ပက်လက်လန် လဲကျမသွားအောင် သတိထား၍ ထိန်းလိုက်ရ၏။

အဲဒါမှ တကယ့်ပြဿနာ လီကွေးရှန်ကို အပြစ်ဆိုစရာမရှိအောင် ပြည့်စုံသူဟု ချီးမွမ်းပြီးကာမှ မလိုချင်ပါဟု ငြင်းပယ်လိုက်လျှင် ရှေ့စကားနှင့် နောက်စကား မညီဖြစ်သွားနိုင်သလို နယ်စားကြီးလီဂူချင်ကလည်း စိတ်ဆိုးသွားနိုင်ပေသည်။

တကယ်လည်း ယောကျ်ားပျို တစ်ယောက်အတွက်တော့ နယ်စားကြီး၏သမီး လီကွေးရှန်မှာ ငြင်းဆိုစရာမရှိအောင်ပင်ပြည့်စုံသော သတို့သမီးလောင်းဟု ဆိုရမည်သာဖြစ်သည်။

ခက်သည်က သူက ယောကျ်ားတစ်ယောက် မဟုတ်ဘဲ မိန်းမသားတစ်ယောက်ဖြစ်လို့နေခြင်းပင်၊ သို့ဖြစ်၍ ယန်စေးချိက အကောင်းဆုံးသော စကားလုံးများကို ရွေးချယ်စဉ်းစားလိုက်ပြီးမှ....

‘ဟုတ်ကဲ့ပါ နယ်စားမင်းဒီလိုစီစဉ်မယ်ဆိုရင်တော့အတိုင်းထက် အလွန်ပဲ ကျွန်တော်မျိုးဝမ်းသာရမှာပါ၊ ဒါပေမယ့်....’

‘ဒါပေမယ့် ဘာဖြစ်သလဲ’

'ကျွန်တော်လိုလူတစ်ယောက်နဲ့ နယ်စားကြီးရဲ့သမီးချော လီကွေးရှန်ဟာ မသိုက်တန်ဘူးလို့ စိတ်ထဲမှာ ခံစားရပါတယ်၊ လီကွေးရှန်ကိုယ်တိုင်ကလဲ ကျွန်တော်မျိုးကိုကြည်ဖြူနှစ်သက်လိမ့်မယ်လို့ မမျှော်လင့်ရဲပါဘူး'

ယန်စေးချီက စကားလှလှဖြင့် ရှောင်လွှဲထွက်ကြည့်ရန် ကြိုးစားလိုက်သည်။ သို့သော် သူ၏ကြိုးပမ်းမှုက မအောင်မြင်ခဲ့ချေ။

ထိုစကားကို လက်မခံနိုင်သည့်အလား နယ်စားကြီးလီဝူချင်က ခေါင်းကို ခါယမ်းရင်းမှ....

'ဒီဆင်ခြေက အဓိပ္ပာယ်မရှိပါဘူး ချင်ဖုန်း၊ သူကနယ်စားသမီးဖြစ်သလို မောင်ရင်ကလဲ အင်မတန် ထက်မြက်တဲ့ သိုင်းပညာရှင် လူရွယ်တစ်ယောက်ပဲဟာ၊ နောက်ပြီး ရုပ်ရည်အားဖြင့်လဲ ချောမောသလို အပြောအဆိုလဲ ယဉ်မွန်တယ်၊ ဒါကြောင့် ကျုပ်ကတော့ ထိုက်တန်တယ်လို့ပဲ ယတ်မှတ်တယ်'

'ဒါပေမယ့် နယ်စားကြီးရဲ့သမီး သခင်မလေးက....'

'ဒါက မောင်ရင် စိတ်ပူပန်စရာမလိုပါဘူးလေ၊ သူကကျုပ်သမီးပဲဟာ ကျုပ်ကစီစဉ်ရင် လက်ခံရမှာပေါ့။ နောက်ပြီး မောင်ရင်ကို သမီးကိုယ်တိုင်ကလဲ နှစ်သက်လိမ့်မယ် ထင်ပါတယ် ဒါပေမယ့်....'

စကားကိုခေတ္တရပ်ပြီး နယ်စားကြီး လီဝူချင်က သူ့ကို အကဲခတ်သလိုကြည့်လာ၍ ယန်စေးချီ သို့လော သို့လောဖြစ်သွားသည်။



နောက်တော့မှ နယ်စားကြီးလီဝူချင်က ဆက်ပြောလာသည်။

'ဒါပေမယ့် ကျုပ်သမီးကိုလိုချင်ရင် မောင်ရင် တာဝန်တစ်ခုကို ထပ်ပြီးထမ်းဆောင်ပေးရလိမ့်မယ်'

'အမိန့်ရှိပါ နယ်စားမင်း'

'နန်ကင်းနယ်က ရေခဲတောင်ရဲ့ တောင်ခြေနားကတဲ့ ရေခဲနဂါးကြီးတစ်ကောင်ကို မောင်ရင်သွားပြီးနှိမ်နင်းပေးရမယ်'

'ဗျာ'

နဂါးကြီးကို နှိမ်နင်းပေးရမည်ဆိုသော စကားကြောင့် ယန်စေးချီ မျက်လုံးပြူးသွားသည်။

'ဟုတ်တယ်၊ အဲဒီနဂါးကြီးက တောင်ခြေဘစ်ဝိုက်ကဖြတ်သွားဖြတ်လာလုပ်တဲ့လူတွေကို ရန်ပြုတိုက်ခိုက်နေတယ်လို့ ကြားတယ်၊ ဒါကြောင့် အဲဒီရေခဲနဂါးကြီးကို မောင်ရင်သွားနှိမ်နင်းပါ၊ မောင်ရင် အောင်မြင်စွာ နှိမ်နင်းပြီးပြန်လာခဲ့ရင် ကျုပ်ရဲ့သမီး လီကွေးရှန်နဲ့ မောင်ရင့်ကို ကျုပ်ကိုယ်တိုင် ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားသတ်သပ်ထိမ်းမြားပေးမယ် တယ်လိုလဲ'

စကားအဆုံးတွင် နယ်စားကြီးလီဝူချင်က သူ့မျက်နှာကို အကဲခတ်သလိုကြည့်ရင်း မေးခွန်းထုတ်လာသည်၊

ယန်စေးချီမှာ တကယ့်ကိုအကျပ်ထဲအကြပ်ထဲကျရောက်သွားပြီဟု နားလည်လိုက်၏၊ နှိမ်နင်းမပေးနိုင်ပါဟု ငြင်းပယ်လိုက်လျှင် သူ့ရဲ့ကောင်းမပီသရာ ရောက်သွားပေမည်၊

သူမက လောလောသတ်လတ် သိုင်းပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲထားသူတစ်ယောက်ဖြစ်လို့နေသည် မဟုတ်ပါလော။

တစ်ဖန် နဂါးကြီးကို သွားနှိမ့်နင်းလျှင်လည်း အသက်ရှင် လျက် ပြန်ရောက်လာဖို့က မသေချာလှချေ၊ သို့သော် ငြင်းပယ် လိုက်လျှင် ရုပ်ပျက်ဆင်းပျက်ဖြစ်သွားမည်စိုး၍ ယန်စေးချိက ဟန်မပျက်ပင် ပြန်ပြောလိုက်ရ၏။

'ကောင်းပါပြီ နယ်စားမင်း၊ အခုလို ယုံကြည်စိတ်ချစွာ တာဝန်ပေးအပ်လာမှတော့ ဒီတာဝန်ကို ကျွန်တော်မျိုးအသက် နဲ့လဲပြီး ထမ်းဆောင်ဖို့ပဲ ရှိပါတော့တယ်'

'တယ်လဲ ရဲရင့်လိုက်ပါလားကွယ်၊ ကျုပ်လူရွေးမမှားဖူး ဘူး၊ ဒါဆို ဒီမှာတစ်ရက်နှစ်ရက်လောက်နားနေပါဦး၊ ပြီးမှ အဲဒီကို ခရီးထွက်ပါ၊ ဟုတ်ပြီလားး'

'အမိန့်တော် အတိုင်းပါပဲ'

ယန်စေးချိက အပြုံးဖြင့် ပြန်ပြောလိုက်ရ သော်လည်း ခင်ထဲတွင်တော့ အတော်ပင် ကသိကအောင့်ဖြစ်၍သွားမိလေ သည်။

ရေခဲနဂါးကြီး ဆိုပါလား။

* * *

( ၁၂ )

ဟိုပေနယ်စားကြီး လီဝူချင်၏ တောင်းဆိုမှုကြောင့် ယန် စေးချိမှာ စံအိမ်တော်တွင် နှစ်ရက်မျှ နေထိုင်တည်းခိုခဲ့လေ သည်။

ထိုနှစ်ရက်အတောအတွင်း နယ်စားကြီးသမီး၊ လီကွေးရှန် ၏ဆက်ဆံမှုက သူ့အပေါ်တွင် နွေးထွေးမှုမရှိဘဲ အေးတိ အေးစက်သာ ရှိခဲ့သည်ကို ယန်စေးချိက သတိထားခဲ့မိလေ သည်။

သူမကလည်း လီကွေးရှန်နှင့်လက်ထပ်ရန် မဖြစ်နိုင်သူပီပီ ထိုအတွက် မည်သို့မျှခံစားရခြင်းမရှိပါချေ။

သို့ဖြင့် နှစ်ရက်ခန့်ကြာပြီးနောက်မှာတော့ ယန်စေးချီက နယ်စားကြီး လီဝူချင်အား နှုတ်ဆက်၍ ဘာချင်းမြို့မှ ထွက်ခွာလာခဲ့၏။

မာချင်းမြို့ကိုကျော်လွန်ပြီး တောအုပ်တစ်ခုထဲသို့ အရောက်မှာတော့ သူ့ကို အနောင့်အယှက်ပေးမည့် လူတစ်ယောက်က မမျှော်လင့်ပဲ ပေါ်ထွက်လာ၏။

'ဟင်....'

သစ်ပင်နောက်မှ ဂျုန်းဖြင့် ခုန်ထွက်လာသည့် ထိုသူက လမ်းပေါ်ကိုရောက်လာသဖြင့် ယန်စေးချီက ခြေလှမ်းများကို တုန့်ခနဲရပ်ကာ ထိုလူကို အကဲခတ်သလိုမျိုး ကြည့်လိုက်လေသည်။

ထိုအခါမှာတော့ သူမအသွားလမ်းကို ပိတ်ဆို့ဟန့်တားလာသူမှာ အညိုရောင် ဝတ်စုံပွကြီးကို ဝတ်ဆင်ထားသည့် အသက်ငါးဆယ်ကျော်ကျော်ရှိမည့် လူကြီးတစ်ဦးဟု သူမြင်တွေ့ခွင့်ရလိုက်၏။

ဝတ်စုံညိုနှင့်လူကြီးကား ခန့်ညားသည့်ရုပ်ရည်မျိုးရှိကာ ပျို့ရွယ်စဉ်က ချောမောသည့်လူတစ်ယောက်ဖြစ်မည်ဟုသိသာလှ၏။

ထိုလူကြီး၏လက်ထဲတွင် မည်သည့်လက်နက်မျှ ကိုင်ဆောင်ထားခြင်း မရှိသောကြောင့် ယန်စေးချီ တုန်လှုပ်မှုကိုတော့မခံစားရချေ။

'ခင်ဗျားဘယ်သူလဲ'



ဖခင်အရွယ်လောက်ရှိသင့်ကစား ရန်သူ မိတ်ဆွေခွဲခြားမရသေး၍ ယန်စေးချီက ပုံမှန်အသံဖြင့် မေးလိုက်လေသည်။

ထိုအခါ ဝတ်စုံညိုနှင့် ခန့်ညားတည်ကြည်သည့်လူကြီးက သူ့မျက်နှာကြည့်ရင်းမှ....

'ကျုပ် ဘယ်သူဆိုတာကို ခဏထားပါဦး၊ မေ့ချင်လို့ ကျုပ်မေးချင်တာလေးရှိလို့ပါ'

'မေးချင်တာလေးရှိလို့....'

'ဟုတ်ပါတယ်....ဒါထက် မောင်ရင်က လွန်ခဲ့တဲ့သုံးရက်လောက်က ကျင်းပခဲ့တဲ့ သိုင်းပြိုင်ပွဲမှာ ဇိုလ်စွဲသွားတဲ့ သိုင်းသမား လူငယ်လေး ချင်ဖုန်းမဟုတ်လား'

'ဟုတ်ပါတယ်'

ယန်စေးချီက ဝန်ခံသလိုမျိုး ခေါင်းညိတ်လိုက်၏၊ သူ၏ အမူအရာက မှင်သေသလိုသောကြောင့် နယ်စားကြီး လီဝူချင်က သူ့ကို မိန်းကလေးတစ်ယောက်ဟု ရိပ်စားမိခြင်းမရှိခဲ့သလို ဤဝတ်စုံညိုနှင့်လူကြီးသည်လည်း ရိပ်စားမိပုံမရပေချေ။

'ဒါဆို ကျုပ်သိချင်တာလေး မေးပါရစေ'

'မေးပါ'

'မောင်ရင့်ကို သိုင်းပညာ သင်ပေးတဲ့ဆရာက ဘယ်သူပါလဲ....'

'ဒါကိုဘာကြောင့် မေးရတာလဲ'

ယန်စေးချီက အမေးကို အမေးဖြင့်သာတုံ့ပြန်လိုက်ရာ ဝတ်စုံညိုလူကြီးမျက်နှာ တစ်မျိုးဘစ်မည်ဖြစ်သွား၏။

ပြီးမှ သူ့ကိုကြည့်ရင်းမှ....

'ဘာကြောင့်မေးရတာလဲဆိုတော့ သိုင်းပြိုင်ပွဲမှာ မင်းအသုံးပြုသွားတဲ့ သိုင်းကွက်တွေကို ကျုပ်သေသေချာချာအကဲခတ် လေ့လာကြည့်ပြီးပြီ၊ မင်းအသုံးပြုတဲ့သိုင်းကွက်တွေက တစ်ချိန်က နာမည်ကျော်ကြားခဲ့ပြီး ခုပျောက်ဆုံးနေတဲ့သိုင်းပညာရှင်တစ်ယောက်ရဲ့ သိုင်းကွက်တွေနဲ့ တစ်ထပ်တည်းတူနေတယ်....ဒါကြောင့် ကျုပ် စိတ်ဝင်စားပြီး မေးကြည့်တာပါ....'

'ရှင်းရှင်းပြောပါ....ကျုပ်အသုံးပြုနေတဲ့ သိုင်းကွက်တွေက ဘယ်သူ့သိုင်းကွက်တွေနဲ့ တူညီနေတာလဲ'

'ခြသေ့်နက် ယန်ဟူကျင်း'

'ဟင်'

သည့်တစ်ကြိမ်မှာတော့ သတိထားနေသည့် ကြားမှပင် ယန်စေးချီက တအံ့တသြဖြစ်သွားမိ၏၊ ဤဝတ်စုံညိုနှင့် သိုင်းပညာရှင်ကြီးကို သူမ လျှော့တွက်၍မရချေ။

သူ၏သိုင်းကွက်များကို မြင်တွေ့သည်နှင့် မည်သူသင်ကြားပေးထားသည်ကိုပါ တန်းပြောနိုင်ခြင်းက သိုင်းလောက ဗဟုသုတကြွယ်ဝသူဖြစ်ကြောင်း ဖော်ပြနေသလိုရှိ၏။

ထို့နေစဉ် သူမကို ဝတ်စုံညိုလူကြီး အကဲခတ်စောင့်ကြည့်နေသည်ကို သတိပြုလိုက်မိ၍ ယန်စေးချီက မျက်နှာကိုပြန်ပြင်လိုက်ကာ....



'ခင်ဗျားက ထင်ရာတွေ လျှောက်ပြောနေပြန်ပါပြီ ကျုပ်ကို ခြသေ့်နက်ယန်ဟူကျင်းက သင်ပေးထားတာလို့ ခင်ဗျားက ဆိုလိုတာလား'

'ကျုပ်... ဒီလိုမျိုး တိတိကျကျတော့ မပြောလိုပါဘူး၊ မင်းကို ခြသေ့်နက်ယန်ဟူကျင်းနဲ့ပတ်သက်သူက တစ်ဆင့်သင်ပေးထားတာလဲ ဖြစ်ကောင်းဖြစ်နိုင်တယ်၊ ဒါပေမယ့် သေချာပေါက်ပြောနိုင်တာ တစ်ချက်တော့ရှိတယ်၊ အဲဒါကတော့ သိုင်းပြိုင်ပွဲမှာ မင်းအသုံးပြုသွားတဲ့သိုင်းကွက်တွေဟာ ခြသေ့်နက်လက်သည်း သိုင်းကွက်တွေ ဖြစ်တယ်ဆိုတာပါပဲ'

'အင်း... ခင်ဗျားပြောပုံဆိုပုံက တယ်ပြီး စေ့စပ်သေချာတာပဲ၊ ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိပြီး စိတ်ဓာတ်လဲ တည်ငြိမ်ပုံရတယ်၊ ခင်ဗျားက သိုင်းလောကမှာနာမည်ရှိတဲ့ ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ပဲ ဖြစ်ရမယ်၊ ကျေးဇူးပြုပြီး ခင်ဗျားရဲ့နာမည်ကို ပြောပြပေးပါလား'

'ကျုပ်က ဝမ်ကောလီပါ၊ ပျံလွှားဓားဝမ်ကောလီဆိုပါတော့'

'ဟင်....'

ဝတ်စုံညိုနှင့်လူကြီးထံမှ အဖြေစကားကို ကြားလိုက်ရသည့် တခဏမှာပင် ယန်စေးချီမှာ တစ်ကိုယ်လုံး လေထဲမြောက်တက်သွားသလို ခံစားလိုက်ရ၏။

တိုက်ဆည်းတိုက်ဆိုင်လွန်းလှပေ၏၊ သူ့အမေကို သတ်ခဲ့သော တရားခံဖြစ်သူ ပျံလွှားဓားဝမ်ကောလီကို လိုက်ရှာ

မည်ဟု ယန်စေးချိ၊ ပြည့်မရောက်ကာသည်း ဂ ဆုံးဖြတ်ထား ပြီးဖြစ်၏။

သို့သော် လိုင်းပြိုင်ပွဲကိစ္စက မထင်မှတ်ဘဲ ဝင်လာသော ကြောင့် ထိုကိစ္စကိုပင် ဦးစားမပေးနိုင်ဖြစ်သွား၏၊

ခုတော့ ရေကန်အသင့်ကြာအသင့်ဟု ဆိုရမည်လား၊ ကံ ကြမ္မာက မျက်နှာသာပေးခဲ့ပြီဟုပဲ ဆိုရလေမည်လား မပြော တတ်။

သူမ လိုက်ချာစရာမလိုဘဲနှင့်ကို တရားခံဖြစ်သူ ပျံလွှားဝေး ဝမ်ကောလီက သူမ၏ ရှေ့မှောက်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိ၍ လာခဲ့ချေပြီ။

မိခင်အတွက် ကလဲ့စားချေခွင့်ရတော့မည်ဟူသော အသိ ကြောင့် ဝမ်းသာသွားသလို ပျံလွှားဝေးဝမ်ကောလီနှင့် ထတ် မြက်သော ထိပ်တန်းသိုင်းပညာရှင်တစ်ယောက် ဖြစ်မည်ဟု သော ဖခင်ဖြစ်သူ၏ သတိပေးစကားကိုလည်း ယန်စေးချိ မေ့လျော့၍ မသွားခဲ့ပါချေ။

မည်သို့ပင်ဖြစ်စေ၊ မိခင်ဖြစ်သူကို ရက်စက်စွာ သတ်ဖြတ် ထားသူကို ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင် ဆုံတွေ့လိုက်ရ၍ ယန်စေးချိမှာ စိတ်လှုပ်ရှားသွားသည့်နည်းဟု ခံပြင်းသော ဒေါသလည်း ထွက်၍သွား၏။

‘ဪ....ခင်ဗျားက ပျံလွှားဝေးဝမ်ကောလီကိုး ဟန်ကျ လိုက်တာဗျာ၊ ခင်ဗျားကို ကျုပ်တွေ့ချင်နေတာနဲ့ အခဲသာပဲ’

‘ဘယ်လို မင်းက ကျုပ်ကိုတွေ့ချင်နေတယ် ဟုတ်လား ဘာကြောင့် တွေ့ချင်နေတာလဲ’



‘ကလဲ့စားချေ သွေးကြွေးပြန်ဆပ်မလို့လေ’

‘ဘာကွ သွေးကြွေးဆပ်မယ်ဟုတ်လား၊ မင်းက ဘယ်သူ့ မို့ ကျုပ်ကို သွေးကြွေးပြန်ဆပ်မယ်လို့ ပြောရတာလဲ’

‘ကျုပ်ကလား’

ယန်စေးချိမှာ ကျုပ်က ခြသေ့်နက်ယန်ဟူကျင်းရဲ့ သမီး ယန် စေးချိဟု ပြောမိမလိုဖြစ်ပြီးမှ အချိန်မီသတိဝင်လာပြီး စကား ကို တစ်ဝက်တစ်ပျက်ဖြင့် ပြန်ရပ်ပစ်လိုက်ရ၏။

ထိုသို့ပြော၍ကား မဖြစ်ချေ၊ အကြောင်းမူ လောလော ဆယ်တွင် မိမိက ချင်ဖုန်းဟူသော ယောကျ်ားပျိုတစ်ယောက် အဖြစ် ပိပိရိရိ ဟန်ဆောင်ထားသည်မဟုတ်လော။

အကယ်၍ ယခုအခါနှင့်တွင် အမှန်ကို ထုတ်ပြောလိုက်လျှင် ပျံလွှားဝေးဝမ်ကောလီမှတစ်ဆင့် ဟိုပေနယ်စားကြီး လီဝူချင် ပါ အဖြစ်မှန်ကို သိသွားနိုင်ပေ၏၊

မတော်တဆ ထိုသို့သိသွားခဲ့လျှင် ဟန်ဆောင်လိမ်ညာပြီး သိုင်းပြိုင်ပွဲဝင်ပြိုင်သည့်အတွက် ဖြေရှင်းမရသော ပြဿနာ များ တက်ကောင်းတက်လာနိုင်ပေ၏။

ယန်စေးချိက ထိုသို့ စေ့စေ့စပ်စပ် တွေးမိလိုက်သော ကြောင့် သူ၏အမှန်ကိုထုတ်မပြောသေးပဲ တိုက်ခိုက်ရန်သာ ဆုံးဖြတ်လိုက်၏၊

‘ကျုပ်က ခင်ဗျားလက်ချက်နဲ့ သေဆုံးသွားသူတစ်ယောက် ရဲ့ သားပဲဆိုပါတော့’

‘မင်းပြောတာ မပြည့်စုံဘူး၊ ဘယ်သူဘယ်ဝါရဲ့သားလဲဆို တာပြောစမ်းပါ’

'ခင်ဗျားလက်ချက်နဲ့ သေဆုံးရတဲ့လူတွေက များလွန်းလို့ ခင်ဗျားစဉ်းစားမရနိုင်အောင် ဖြစ်နေတာလား ဝမ်ကောလီ'

'အော်... မင်းပြောသလို ကျုပ်လက်ချက်နဲ့သေဆုံးရတဲ့လူတွေ များကောင်းများမယ်၊ ဒါပေမယ့် အဲဒီထဲမှာ အဖြူရောင်သိုင်းပညာရှင်တွေနဲ့ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်နေတဲ့ သာမန်အရပ်သားတွေ တစ်ယောက်မှ မပါဘူး၊ ကျုပ်လက်ချက်နဲ့ ငရဲရောက်သွားတဲ့သူမှန်သမျှဟာ အနက်ရောင်သိုင်းသမားဆိုးတွေချည်းပဲ'

'ဘာဗျ၊ အနက်ရောင် သိုင်းသမားဆိုးတွေချည်းပဲ ဟုတ်လား'

ယန်စေးချီက ထောင်းခနဲ ဒေါသထွက်သွားပြီး ပြန်မေးလိုက်ရာ ပျံလွှား ဓားဝမ်ကောလီက ခေါင်းကို ညိတ်လိုက်သည်။

ပြီးမှဆက်၍....

'ဒါကြောင့် မဟုတ်မှလွဲရော မင်းအဖေဟာလဲ အနက်ရောင် သိုင်းသမားဆိုးတစ်ယောက်ပဲဖြစ်ရမယ်'

ရိုက်တိ ပြောလာသည်တွင် ယန်စေးချီမှာ မခံမရပ်နိုင်အောင်ပင်ဖြစ်သွား၏၊ သူ၏မိခင်က သိုင်းပညာ မတတ်သော ရိုးအေးသည့် သာမန်အရပ်သူတစ်ဦးဟု ဖခင်ဖြစ်သူ ခြသေ့နက် ယန်ဟူကျင်းက ပြောပြထားခဲ့သည် မဟုတ်သား။

ယခုတော့ နေရင်းထိုင်ရင်းသေဆုံးသွားသည့် သူ့မိခင်မှာ အနက်ရောင် သိုင်းသမားဆိုးတစ်ယောက်အဖြစ် စွပ်စွဲခံလိုက်ရချေပြီ။



'ကောင်းပြီ ခင်ဗျားကို ကျုပ် မေးကုန်ပြီး ဘာမှထပ် မပြောမနေတော့ဘူး၊ ခင်ဗျားကို အခုပဲ ကာလ စားချေတာပဲ ကောင်းတယ်'

ယန်စေးချီက ပြောပြီးသည်နှင့် ပျံလွှားဓား ဝမ်ကောလီဆိုသော ဝတ်စုံညိုနှင့်လူကြီးအား လျင်မြန် သွက်လက်စွာပင် စတင်၍ တိုက်ခိုက်လေ၏။

'ဟိတ်'

'ဗွမ်'

ယန်စေးချီမှာ မိခင်အတွက် တစ်ချိန်မဟုတ် တစ်ချိန်တွင် ဝမ်ကောလီအား မလွှဲမသွေ ကာလ စားချေရမည်သာ ဖြစ်၍ ယခုတွေ့ခိုက် အခွင့်အရေးရပါလျှင် အသေသတ်ရန်စိတ်ကူးလိုက်မိသည်။

သို့ဖြစ်၍ ယန်စေးချီက တိုက်ပွဲစသည်နှင့်ပင် အမြင့်ဆုံးသော ခြသေ့နက်လက်သည်းသိုင်းကွက်များဖြင့် ဝမ်ကောလီအား ပြင်းပြင်းထန်ထန်ပင် ဆင့်ကဲတိုက်ခိုက်ပစ်လိုက်၏။

သို့သော် ပျံလွှားဓားဝမ်ကောလီကား သူမျှော်လင့်ထားသည်ထက်ပင် ပို၍ ထက်မြက်နေပေသေး၏။

သိမ်မွေ့သောယောက်ဖြင့် လှုပ်ရှားမှုလျင်မြန်သော ဝမ်ကောလီက သူမ၏ ကြောက်မက်ဖွယ် လက်သည်းကုတ်ချက်များကို အလွယ်ပင် တိမ်းရှောင်ပေးသွားခဲ့၏။

ပြီးလျှင် လက်ဝါးရိုက်ချက် နှစ်ချက်ဖြင့် လျှပ်တစ်ပြက်ဆိုသလို တုံ့ပြန်တိုက်ခိုက်လာ၏။

'ဝှမ်း....ဝှမ်း'

ပျံလွှားဓားဝမ်ကော်မှာ ဓားသိုင်းပညာရှင် တစ်ယောက် ဖြစ်၍ လက်နက်မဲ့ ရင်ဆိုင်ရလျှင်မူ သိပ်ပြီးအခက်အခဲ ရှိနိုင်ဟု မူလက ယန်စေးချိမျှော်လင့်ထားခဲ့၏။

လက်တွေ့တွင်မူကား ထင်သလောက် မလွယ်ကူပါချေ။ ပျံလွှားဓားဝမ်ကောလီမှာ အတွေ့အကြုံ ရင့်ကျက်ကြွယ်ဝလှသော ထိပ်တန်းသိုင်းပညာရှင်ကြီးတစ်ယောက် ဖြစ်သည့်အားလျော်စွာ လက်နက်မဲ့ သိုင်းပညာတွင်လည်း မြင့်မားသည်သာ ဖြစ်၏။

အထူးသဖြင့် အတွင်းအားတွင်လည်း သူမထက် များစွာ သာလွန်နေသောကြောင့် ယန်စေးချိမှာ လက်ဝါးချက်ချင်း ထိပ်တိုက်ခံဆောင်ပေးရန်လည်း မကြိုးစားရဲချေ။

သို့ဖြစ်၍ ကိုယ်ဖော့ပညာကို အားကိုးကာ ခင်ခွာခွာမှပင် လျှပ်တစ်ပြက် တိုက်ခိုက်သည့်နည်းကိုသာ သုံး၍ရင်ဆိုင်ခဲ့ရလေသည်။

( ၁၃ )

မည်သည့်နည်းကိုပင် သုံးသည်ဖြစ်စေ၊ အတွေ့အကြုံနည်းပါးလှသော ယန်စေးချိမှာ သိုင်းလောကတွင် နှစ်ပေါင်းသုံးဆယ်ကျော် ကျင်လည်ကျက်စားလာခဲ့သော အပြုဆောင် ထိပ်တန်း သိုင်းပညာရှင်ကြီး ပျံလွှားဓား ဝမ်ကောလီကိုမူ အသာစီးရရန်မဆိုထားနှင့် လက်ရည်တူပင် ယှဉ်ပြိုင်တိုက်ခိုက်နိုင်ခြင်းမရှိခဲ့ပါချေ။

သူမအနေဖြင့် ကံကောင်းသည်မှာ ပျံလွှားဓားဝမ်ကောလီက သူမအား ရန်သူတစ်ယောက်ပမာ သေသေကျေကျေ မတိုက်ခိုက်ဘဲ ထိန်းပြီး တိုက်ခိုက်နေသောကြောင့်သာ ချက်ချင်းရှုံးနိမ့်မသွားခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကျုပ်ပုံအတိုင်းဆိုလျှင်တော့ အနေနှင့် အမြန်ဆိုသလို သူ့ခေါင်းနှိမ့်ရတော့မည်ဟု ယန်စေးချီ မတွေးဆမိသည်။

သို့သော် သူမကံကောင်းခဲ့ပြန်သည်။ အခြေအနေကောင်းမှု ထိုစဉ်မှာပင် သူတို့တိုက်ခိုက်နေရာသို့ ဝတ်စုံနက်ဝတ်ထားသော လူတစ်ယောက်ခုန်လွှားရောက်ရှိလာခြင်းပင်ဖြစ်သည်။

'တိုက်ပွဲက လက်ရည်မမျှဘူး'

'ခင်ဗျားဘယ်သူလဲ'

ခပ်အုပ်အုပ်အသံဖြင့်ပြောလာသော ဝတ်စုံနက်မှာ မျက်နှာကိုသည်း သူမြင်ခံလို့ပုံမရချေ။ အနက်ရောင်မျက်နှာဖုံးကြီး တစ်ခုတပ်၍ ဖုံးကွယ်ထားသည်။

'ကျုပ်က ခင်ဗျားရဲ့သေမင်းပဲဆိုပါတော့'

မျက်နှာဖုံးရှင်ဝတ်စုံနက်ကား ရှည်ရှည်ဝေးဝေးပြောဆို၍မနေခဲ့ပါချေ။ ထိုမျှသာပြောပြီး ဝမ်ကောလီအား ပြင်းထန်စွာပင် ဝင်ရောက်တိုက်ခိုက်လိုက်၏။

အံ့သြဖို့ကောင်းသည်ကား အဆိုပါဝတ်စုံနက်မျက်နှာဖုံးရှင်၏သိုင်းကွက်များမှာ ခြင်္သေ့လက်သည်း သိုင်းကွက်များဖြစ်၍နေခြင်းပင်...

'ဟင်... ဝတ်စုံနက်သုံးတာကလဲ ခြင်္သေ့လက်သည်း သိုင်းကွက်တွေပါပဲလား'

အံ့သြစိတ်ကြောင့် ယန်စေးချီမှာ ဝင်ရောက်ကူညီ တိုက်ခိုက်ပေးရန်ပင် သတိမရတော့ဘဲ ငေးမောကြည့်နေမိခဲ့ပါသည်။



ခြင်္သေ့လက်သည်း သိုင်းပညာကို အသုံးပြုသည်ချင်းတူသော်လည်း ဝတ်စုံနက်၏ သိုင်းပညာက သူမထက် အများကြီးပိုမိုမြင့်မားနေသည်။

လှုပ်ရှားဟန်က တည်ငြိမ်ပြီးမြန်ဆန်သလို တိုက်ခိုက်မှုများကလည်းပြင်းထန်ပြီး အလိုအပိုမရှိတိကျလှသည်။

ဝတ်စုံနက်မျက်နှာဖုံးရှင်၏ အတွင်းအားမှာ ထိပ်တန်းတွင်ရှိပြီး အတွေ့အကြုံမှာလည်း အလွန်ကြွယ်ဝသူတစ်ယောက်ဖြစ်မည်မှာ ယုံမှားသံသယရှိစရာပင် မရှိပါချေ။ သို့ဖြစ်၍လည်း....

တိုက်ပွဲအနေအထားက တစ်မျိုးတစ်မည် ပြန်ဖြစ်သွားခဲ့သည်။ မှန်ပါသည်။ စောစောက သူမကိုအသာစီးဖြင့် အေးအေးလူလူ တိုက်ခိုက်နေခဲ့သော ပျံလွှားအား ဝမ်ကောလီမှာ ယခုရောက်လာသော မျက်နှာဖုံးရှင် ဝတ်စုံနက်ကိုမူ လက်ရည်တူယှဉ်နိုင်တော့ဘဲ ပြန်ဖြစ်သွား၏။

ဝမ်ကောလီ၏လက်ထဲတွင် ဓားရှိမည်ဆိုလျှင်တော့ တစ်မျိုးဖြစ်ခကောင်း ဖြစ်ပေမည်။ ယခုမူ ဓားမပါသောကြောင့် ဝမ်ကောလီမှာ တိုက်ခိုက်ရန်ထက် တိမ်းရှောင်ရန်သာ ပိုမိုဦးစားပေးနေခဲ့ရသည်။

ထိုသို့ တိမ်းရှောင်ပေးနေသည့်ကြားမှပင် မျက်နှာဖုံးရှင် ဝတ်စုံနက်၏ မထင်မှတ်သော ကန်ချက်တစ်ချက်က ဝမ်ကောလီ၏ရင်ဝကို ကပ်ထိရာ ဝမ်ကောလီသွင်ခနဲ လဲကျသွား၏။

ပြီးမှ ဝမ်ကောလီက လူးလဲထရင်း ဝတ်စုံနက်မျက်နှာဖုံးရှင်အား အံ့သြသလိုကြည့်၍...

'ခင်....ခင့်ဗျာ၊ခြသေ့်နက်ယန်ဟူကျင်းပဲမဟုတ်လား'

'စကားရှည်လိုက်တာ'

ဝတ်စုံနက်မျက်နှာဖုံးရှင်က ဟုတ်သည်ဟု ဝန်မခံသလို၊ မဟုတ်ဘူးဟုလည်း ငြင်းဆိုခြင်းမပြုခဲ့ပါချေ။

စိတ်မရှည်သောပုံစံမျိုးဖြင့်သာ ပျံသွားခဲ့၍ ဝမ်ကောလ်အား ဆက်လက်တိုက်ခိုက်လိုက်လေသည်။

'ကျား....'

'ဟိတ်....'

'ဝုန်း....'

'အွန့်'

ယခုတစ်ကြိမ်တွင်သည်း ဝမ်ကောလ်လွတ်အောင်မတိမ်းရှောင်နိုင်ပြန်ပါချေ။

ဝတ်စုံနက်မျက်နှာဖုံးရှင်၏ လက်သည်းကုတ်ချက်ပခုံးစွန်းတွင်ထိကာ မြေပြင်ပေါ်သို့ လွင့်စဉ်လဲကျလားခဲ့ရပြန်သည်၊

သည်မှာတင် ဆက်လက်ယှဉ်ပြိုင်၍ မနိုင်နိုင်ဟုသဘောပေါက်သွားသော ဝမ်ကောလ်က နေရာမှ လူးလဲထကာ တောလမ်းအတိုင်းလျင်မြန်စွာပင် ပြေးထွက်သွားတော့သည်၊

ဝတ်စုံနက် မျက်နှာဖုံးရှင်က ထိုနောက်ကို ပြေးမလိုက်တော့ပါချေ၊ ဝမ်ကောလ် အူလျားဖားလျား ထွက်ပြေးသွားသည်ကိုကြည့်ကာ [illegible]သောကျသွားသလို အသံထွက်ပြီးရယ်လွှတ်လိုက်၏။



'ဟား....ဟား....ဟား အဖြူရောင် သိုင်းလောကရဲ့ နာမယ်ကြီးတဲ့ သူ့ရဲ့ကောင်းကြီးတဲ့ ခုကျတော့လဲ ပြေးလိုက်ရတာမှ တန်းနေတာပဲ'

ထိုစကားကို ကြေရှုက်လိုက်စဉ်တွင် ဝတ်စုံနက်မျက်နှာဖုံးရှင်မှာ ပင်ကိုယ်သံဖြင့် ပြောလိုက်ခြင်းဖြစ်၍ ယန်ဇေးချိမှာ အံ့သြဝမ်းသာဖြစ်သွား၏။

အကြောင်းမူ ထိုအသံမှာ သူမ၏ဖခင် ခြသေ့်နက် ယန်ဟူကျင်း၏ အသံဟု ကောင်းစွာ မှတ်မိနေသောကြောင့်ပင်ဖြစ်သည်။

'ဟင် ဖေဖေ....ဖေဖေမဟုတ်လားဟင်'

'ဟား....ဟား....ဟား ငါ့သမီးကဘယ်ဆိုးလို့လဲ၊ငါ့အသံကိုကြားတာနဲ့ ချက်ချင်းမှတ်မိသားပဲ'

ရယ်မောလျက် မျက်နှာဖုံးရှင် ဝတ်စုံနက်က မျက်နှာဖုံးဆွဲခွာလိုက်သည့်အခါ တကယ်ပင် သူမ၏ဖခင် ယန်ဟူကျင်းဖြစ်နေသည်ကို တွေ့လိုက်ရ၏။

'တကယ်ကို ဖေဖေပဲကိုး'

'ဟုတ်တယ် သမီး....ပြည်မကို ဖေဖေလိုက်လာတာကိုက သမီးဒုက္ခရောက်ရင်ကူညီဖို့ပဲဟာ၊ အရေးကြုံရင် ဖေဖေရောက်လာမှာပေါ့'

'ကျေးဇူးတင်ပါတယ် ဖေဖေ၊ မေမေ့အတွက် ကလဲ စားချေနိုင်အောင် ကြိုးစားပေမယ့် သမီးရဲ့ ညံ့ဖျင်းမှုကြောင့် မအောင်မြင်ခဲ့ဘူး၊ သမီးကိုခွင့်လွှတ်ပါ'

‘ရပါတယ်လေ၊ သမီးထက် သူက အတွင်းအားအရာ သိုင်းပညာရော ပြီးတော့ အတွေ့အကြုံပဟုသုတပါ ပိုသာနေတယ်၊ ဒါကြောင့် သမီးမနိုင်တာ အပြစ်မပြောပါဘူး၊ သိုင်းပြိုင်ပွဲမှာ အနိုင်ရအောင်တိုက်ခိုက်ပြခဲ့ပြီးပြီပဲ’

‘နှလုံးအားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဖေဖေ... ဒါထက် ဖေဖေက ဝမ်ကောလီကို ဘာကြောင့်အသေမသတ် လွှတ်တာလဲ’

ယန်စေးချိက မချင့်မရဲပြောလိုက်ရာ ဖခင်ဖြစ်သူ ယန်ဟူကျင်းက အေးစက်စွာပြုံးလိုက်၏။ ပြီးမှ....

‘သူလွှတ်ပေးသွားတာ သမီးအမြင်ပဲလေ၊ ကိစ္စမရှိပါဘူး။ သူတို့ ဘယ်အချိန်ဖြစ်ဖြစ် ကြွေးပြန်ဆပ်လို့ရပါတယ်၊ ဖေဖေက သမီးကိုယ်တိုင် သွေးကြွေးပြန်ဆပ်ဖို့ အခွင့်အရေးပေးလိုက်တာလို့ ပါပါတယ်’

‘သမီးသဘောပေါက်ပါပြီ ဖေဖေ၊ သမီးသူ့ကို အနိုင်ယူနိုင်အောင် အစွမ်းကုန်ကြိုးစားပါမယ်’

‘ဒါနဲ့ သမီးက နယ်စားကြီးစံအိမ်တော်မှာ ဘာကြောင့်ကြာနေတာလဲ’

‘ဟုတ်ကဲ့....ဒီလိုပါ ဖေဖေ’

ထို့နောက် ယန်စေးချိက နယ်စားကြီး၏ မေတ္တာရပ်ခံမှုကြောင့် နှစ်ရက်တာသီးခိုခဲ့သည့်မှစ၍ ရေခဲနဂါးကြီးကိုနှိမ်နင်းပေးလျှင် သူ့သမီး လီကွေးချန်နှင့်ပေးစားမည်ဟု ကမ်းလှမ်းပုံများကိုပါ မချွင်းမချန်ဘဲ ပြန်လည်ပြောင်း၍ ရှင်းပြလိုက်လေသည်။



သူမ ပြောပြသည်များကို နားထောင်ပြီးချိန်မှာတော့ ဖခင်ဖြစ်သူ ယန်ဟူကျင်း၏ မျက်နှာက ပြုံးသောင်သောင်းသွားသည်။

‘အင်း....ဒါလဲကောင်းတာပဲ’

‘ကောင်းတယ် ဟုတ်လား ဖေဖေ၊ စဉ်းစားပြီးပြောပါ ဖေဖေရယ်....သမီးက မိန်းကလေး ပဲ ဥစ္စာ....လီကွေးချန်ကို ဘယ်လိုလုပ်ပြီး ယူလို့ရမှာလဲ၊ အားလုံး အလိမ်တွေပေါ်ကုန်မှာပေါ့’

‘တကယ်ယူစရာ မလိုပါဘူးလေ၊ ဘာပဲဖြစ်ဖြစ် ဒီအခွင့်အရေးဟာ ကောင်းတဲ့ အခွင့်အရေးပဲ၊ ကဲလာ....ဖေဖေတို့ ခရီးဆက်ကြရအောင်၊ ရှေ့နားက မြို့တစ်မြို့ ကိုရောက်တော့မှ စားသောက်ဆိုင်နဲ့ အေးအေးဆေးဆေး စကားပြောကြတာပေါ့’

‘ကောင်းပါပြီ ဖေဖေ၊ အော်....ဒီမှာ နယ်စားကြီးကချီးမြှင့်လိုက်တဲ့ ဆုတော်ငွေတွေ’

ရွှေသားများ ထည့်ထားသည့် အိတ်ကိုပေးလိုက်ရာ ယန်ဟူကျင်းက အိတ်ကိုဖွင့်ကြည့်၏၊ ပြီးမှ တစ်ချို့တစ်ဝက်ကိုယူ၍ သူမကို တစ်ဝက်ပြန်ပေး၏။

‘သမီးလဲ ယူထားဦးလေ၊ ခရီးသွားတယ်ဆိုတာ ရွှေတုံးတွေထုတ်သုံးမှ စားသောက်ဖို့ တည်းခိုဖို့ အဆင်ပြေမှာပေါ့’

‘ကျေးဇူးပါပဲ ဖေဖေ’

ယန်စေးချိက အပြုံးဖြင့်ပြန်ပြောရင်း ရွှေထုံးတစ်ချို့ကို အိတ်ထဲထည့်ဟာ အင်္ကျီရင်ဘတ်ကြားထဲထည့်၍ သိမ်းဆည်းလိုက်၏။

ပြီးလျှင် သားအဖနှစ်ယောက် တောလမ်းကလေးအတိုင်း ဆက်လျှောက်လာခဲ့ကြသည်၊ အကယ်၍များ သူမ ရင်ဆိုင်တိုက်ခိုက်ခဲ့သူမှာ သူမ၏ဖခင်အရင်းဟု ယန်စေးချိ သိသွားခဲ့မည်ဆိုပါလျှင်တော့ နောင်တတရား ရရှိသွားမည်မှာ မြေကြီးလက်ခတ်မလွဲ သေချာနေပေတော့သည်။

*     *     *

## ( ၁၄ )

ဝမ်ပိုဝေမှာ ချင်ဖုန်းဆိုသော ဝတ်စုံနက်၏ တိုက်ခိုက်မှုကြောင့် ပြင်းတန်စွာ ဒဏ်ရာရရှိသွားသည်တော့ မဟုတ်ပါချေ။

သို့သော် ပြိုင်ပွဲ၏နောက်ဆုံးအဆင့်ကိုရောက်ရှိကာမှ ရှုံးနိမ့်ခဲ့ရသည့်အတွက် မချိတင်ကဲတော့ ခံစားခဲ့ရလေ၏။

ထို့ပြင် လီကွေးရှန်နှင့်နီးစပ်ခွင့်မရတော့ဟူသော အသိကြောင့်လည်း နှမြောသလိုခံစားခဲ့ရသေးသည်။

ထိုမျှမကသေး၊ နယ်စားကြီးလီဝူချင်အပါအဝင် ပရိသတ်မြောက်မြားစွာ၏ရှေ့တွင် ရှုံးနိမ့်ခဲ့ရသည်လည်းဖြစ်၍ ဝမ်ပိုဝေမှာ ရှက်ရွံ့ခဲ့ရသည်လည်း အမှန်ပင်ဖြစ်သည်။

သို့ဖြစ်၍ ဝမ်ပိုဝေမှာ အိမ်ထဲမှအိမ်ပြင်မထွက်တဲ ငြိမ်ကုပ်ကာသာနေခဲ့၏။ ဖခင်ဖြစ်သူကလည်း မပြောမဆို ခရီးပြန်ထွက်သွားသောကြောင့် နေအိမ်တွင် သူတစ်ယောက်တည်း ပျင်းရိငြီးငွေ့နေခဲ့လေသည်။

သို့ဖြစ်၍ ဝမ်ပိုဝေ ပျင်းပျင်းနှင့် ခြံထဲဆင်းထိုင်ကာ ငေးမောနေစဉ်မှာပင် မမျှော်လင့်ဘဲ ဖခင်ဖြစ်သူ ပြန်လည်ရောက်ရှိလာ၏။

'ဟင်....အဖေ'

ခြံဝင်းထဲသို့ လှမ်းဝင်လာသော ဖခင်ဖြစ်သူ၏ ခြေလှမ်းများက ပုံမှန်မဟုတ်သည့်အပြင် မျက်နှာမှာလည်း ဖြူဖပ်ဖြူလျော်ဖြစ်နေသောကြောင့် သိုင်းလောကသားတစ်ယောက်ပီပီ အခြေအနေကို ချက်ချင်းပင် နားလည် တွက်ဆမိလိုက်၏။

သို့ဖြစ်၍ ဝမ်ပိုဝေက ဖခင်ဖြစ်သူ လီဝမ်ကောအား အပြေးအလွှား သွားတွဲရင်းမှ ပြာပြာသလဲ မေးမိ၏။

'ဖေဖေ ဘယ်သူနဲ့တိုက်ခိုက်ပြီး ဒဏ်ရာရလာတာလဲ'

'အိမ်ထဲရောက်မှ ပြောပြမယ်လူလေး'

'ကောင်းပါပြီ အဖေ'

ဝမ်ပိုဝေက အလိုက်သိစွာပင် ထပ်မမေးတော့ဘဲ အိမ်ထဲရောက်အောင် ဖခင်ဖြစ်သူအား တွဲခေါ်သွားလိုက်၏။

ထို့နောက် ဖခင်ဖြစ်သူအား ခုတင်ပေါ်တွင်သက်သောင့်သက်သာအနေရင်လှဲစေလိုက်၏။ ဖခင်ဖြစ်သူဒဏ်ရာက မြင်ဘွယ်ရသော သွေးထွက်သံယိုဒဏ်ရာမျိုးမဟုတ်သောကြောင့် ရန်သူ



မှာ လက်နက်မဲ့သိုင်းပညာရှင် တစ်ယောက်ပင် ဖြစ်မည်ဟုပါး နပ်သော ဝမ်ပိုဝေတွေးဆလိုက်မိ၏။

တစ်ဆက်တည်းမှာပင် ထိပ်တန်း သိုင်းပညာရှင်ကြီး တစ်ယောက်ဖြစ်သည့် သူ၏ဖခင် ဝမ်ကောလီအားဒဏ်ရာရအောင် တိုက်ခိုက်လွှတ်လိုက်သည်ကိုထောက်ကာ ရန်သူ၏ သိုင်းပညာအဆင့်မှာ အတော်ပင်မြင့်မားလိမ့်မည်ဟုပါ သဘောပေါက်လိုက်ပြီးဖြစ်၏။

'အဖေ့ဒဏ်ရာက ပြင်းသလားအဖေ'

'သိပ်ပြီးတော့ မပြင်းပါဘူး လူလေး၊ အတွင်းဒဏ်ကြေဆေးလုံးသောက်ပြီး အနားယူလိုက်ရင် ပြန်ကောင်းသွားမှာပါ'

'ဒါဆိုရင်တော့ တော်သေးတာပေါ့ အဖေရယ်၊ ဒါနဲ့ အဖေက မပြောမဆို ဘာကြောင့်ပျောက်သွားတာလဲ၊ ရန်သူနဲ့ သွားရင်ဆိုင်တယ်ဆိုရင်လဲ ကျွန်တော့်ကိုပါခေါ်မှပေါ့၊ ဘာလဲ သိုင်းပြိုင်ပွဲမှာ အနိုင်မရတာကြောင့် အဖေက ကျွန်တော့်ကို သားအဖြစ် အသိအမှတ်မပြုတော့တာလား'

ဝမ်ပိုဝေက စကားနာ ထိုးလိုက်သည်တွင် ဖခင်ဖြစ်သူ မျှလွှားစေးဝမ်ကောလီက ခုတင်ပေါ်တွင်မှီထိုင်ရင်းမှ ခေါင်းခါပြသည်။

'မဟုတ်ပါဘူး လူလေးရာ၊ မင်းကို ဘာကြောင့်အဖေက အထင်သေးရမှာလဲ၊ ခုဟာက ရန်သူကို ရင်ဆိုင်ရမယ်လို့သေ

ချာပေါက် သိထားခဲ့တာ မဟုတ်ဘူးလေ၊ သိချင်တာလေးနဲ့ လို့ လူတစ်ယောက်ကို သွားရှာတာ'

'ဘယ်သူလဲ'

'သားကို နောက်ဆုံးပြိုင်ပွဲမှာ အနိုင်ရသွားတဲ့ ချင်ဖုန်း ပေါ့'

'ချင်ဖုန်း ဟုတ်လားအဖေ'

'ဟုတ်တယ်လူလေး၊ ချင်ဖုန်းအသုံးပြုတဲ့ သိုင်းကွက်တွေက ခြေသွံ့လက်သည်း သိုင်းကွက်တွေ ဖြစ်နေတယ်၊ ဒါကြောင့် ဒီသိုင်းပညာကို ဘယ်သူ သင်ပေးတာလဲလို့ ချင်ဖုန်းကို သွားမေးတာ'

'အဲဒီတော့....'

'ချင်ဖုန်းက မဖြေတဲ့အပြင် အဖေ့ကိုပြန်ပြီး ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့တယ်'

ဖခင်ဖြစ်သူပြောလာသော စကားများကြောင့် ချင်ဖုန်းဆိုသော ကောင်ကလေးအပေါ်တွင် ဝမ်ပိုဝေမှာ အမှန်တကယ်ပင် ထိတ်လန့်သွား၏။

သို့သော် ချင်ဖုန်း၏ သိုင်းပညာက သူ့ထက် ပိုမြင့်သော်လည်း ဖခင်ဖြစ်သူကိုမူ ယှဉ်နိုင်မည် မဟုတ်ဟု သူထင်၏။

ယခုမူ ဖခင်ဖြစ်သူကို ပြင်းထန်စွာ ဒဏ်ရာရအောင် တိုက်ခိုက်လွှတ်လိုက်သောကြောင့် ဝမ်ပိုဝေမှာ မည်သို့မျှ မတွေးတတ်အောင်ပင် ဖြစ်သွားခဲ့သည်။



'သူက ကျွန်တော့်ထက် သိုင်းပညာနဲ့ ကိုယ်ဖော့ပညာ ပိုသာတာတော့ မှန်ပါတယ်အဖေ၊ ဒါကြောင့်လဲ ကျွန်တော် သူ့ကိုမယှဉ်နိုင်ဘဲ ရှုံးခဲ့တာပါ၊ ဒါပေမယ့် ဖေဖေ့ကိုတောင် သူ ဒဏ်ရာရအောင် တိုက်ခိုက်နိုင်စွမ်းရှိလိမ့်မယ်လို့ ကျွန်တော် မမျှော်လင့်မထားခဲ့မိဘူး'

'ချင်ဖုန်းက ငါ့ကိုဒဏ်ရာရအောင် မတိုက်ခိုက်နိုင်ပါဘူး လူလေးရာ'

'ဟင်....ဒါဆို အဖေ ခုလို ဒဏ်ရာရပြီးအရေးနိမ့်လာတာက....'

'မမျှော်လင့်ဘဲ ချင်ဖုန်းဘက်ကသိုင်းပညာရှင်တစ်ယောက် ဝင်ကူပြီး တိုက်ခိုက်ပေးနေလို့ပါ'

'သူက ဘယ်သူလဲ'

ဝမ်ပိုဝေက သိချင်စောဖြင့် မေးလိုက်ရာ ဖခင်ဖြစ်သူ စမ်ကောလီက ချက်ချင်းပြန်မဖြေသေးဘဲ သက်ပြင်းတစ်ချက်ကို ဦးစွာချသည်။

ပြီးတော့မှ ခပ်ဆိုင်းဆိုင်းလေသံဖြင့်....

'သူက မျက်နှာပေါ်မှာ မျက်နှာဖုံးတပ်ထားတဲ့အတွက် သူ့ရဲ့မျက်နှာကိုတော့ ငါမမြင်တွေ့လိုက်ရဘူးလူလေး၊ ဒါပေမယ့်....

'ဒါပေမယ့် ဘာဖြစ်သလဲအဖေ'

'ထူးခြားတာတစ်ခုတော့ရှိတယ်၊ ဒါကဘာလဲဆိုတော့ အဲဒီမျက်နှာဖုံးရှင်ကလဲ ချင်ဖုန်းလိုပဲ ခြင်္သေ့လက်သည်းသိုင်းပညာကို အသုံးပြုပြီး တိုက်ခိုက်သွားခဲ့တာပဲ'

'ခြင်္သေ့လက်သည်းသိုင်းပညာ'

ဝမ်ပိုဝေက သံယောင်လိုက်ပြီး တီးတိုးရေရွတ်ကြည့်မိစဉ်မှာပင် ဝမ်ကောလီက စကားကိုဆက်ပြောလာ၏။

'သူ့ရဲ့သိုင်းပညာကပိုမြင့်တဲ့အပြင် အတွင်းအားလဲပြည့်ဝတယ်၊ ပြီးတော့ အတွေ့အကြုံလဲ ကြွယ်ဝတယ်၊ ဒါကြောင့် ချင်ဖုန်းကို အသာစီးက တိုက်နိုင်ခဲ့ပေမယ့် သူ့ကိုကျတော့ မတိုက်ခိုက်နိုင်ခဲ့ဘူး'

'ဒါကြောင့် အဖေ ခုလို ဒဏ်ရာတွေ ရသွားခဲ့တာပေါ့'

'မှန်တယ်လူလေး၊ အဖေ့လက်ထဲမှာ ဓားပါသွားရင်ဖြင့် သူ့ကို အဖေက ဘယ်ဂရုစိုက်မလဲ၊ ခုဟာက လက်နက်မဲ့ဆိုတော့ သူ့ကို အဖေမယှဉ်သာခဲ့ဘူး၊ ဒါကြောင့် အခွင့်အရေးရတာနဲ့ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးလာခဲ့ရတယ်'

'တောက်'

ရုတ်တရက် ဝမ်ပိုဝေကတောက်ခေါက်လိုက်သောကြောင့် ဝမ်ကောလီပင် အံ့သြသလို သူ့ကိုကြည့်လာ၏။

ဝမ်ပိုဝေ၏ ချောမောသော မျက်နှာမှာ ယခုအချိန်မှာတော့ ဒေါသတရား၊ မခံချင်စိတ်တို့ကြောင့် ခက်ထန်တင်းမာ၍နေလေ၏။



ချင်ဖုန်းဆိုသော ဝတ်စုံနက်မှာ သူ့ကို ပြိုင်ပွဲတွင်အနိုင်ယူခဲ့သည်သာမက၊ ဖခင်ဖြစ်သူကိုသည်း ဒဏ်ရာရစေခဲ့သည်မဟုတ်ပါလား။

'ဘာလဲလူလေး၊ သားမခံချင်ဖြစ်သွားတာလား'

'ဟုတ်တယ်အဖေ၊ ပြိုင်ပွဲမှာ ကျွန်တော့်ထက်သိုင်းပညာသာလွန်လို့ အနိုင်ရသွားတာကတော့ ရှက်စရာကောင်းပေမယ့် ခွင့်လွှတ်လို့ရပါတယ်၊ ဒါပေမယ့် အဖေ့ကို ခုလိုဒဏ်ရာရအောင် တိုက်ခိုက်လွှတ်လိုက်တာကိုတော့ ကျွန်တော်ခွင့်မလွှတ်နိုင်ဘူး'

'ချင်ဖုန်းကတော့ တိုက်ခိုက်လိုက်တာမဟုတ်ပါဘူးလူလေးရ၊ သူ့ဘက်ကဝင်ကူတဲ့ မျက်နှာဖုံးရှင်ဝတ်စုံနက်က တိုက်ခိုက်လွှတ်လိုက်တာပါ'

'ဘာထူးသလဲအဖေရာ၊ သူ့ဘက်က ဝင်ကူတယ်ဆိုကတည်းက သူ့အပေါင်းအပါ သို့မဟုတ် သူ့ဆရာပဲဖြစ်မှာပေါ့၊ နောက်ပြီး သိုင်းကွက်တူနေတယ်ဆိုတော့ ပိုပြီးတောင်ဖြစ်နိုင်သေးတယ်၊ ဒီနှစ်ယောက်စလုံးကိုလဲ ကျွန်တော်မကျေနပ်နိုင်ဘူး'

'ဒါပေမယ့် သူတို့ကို လူလေးယှဉ်နိုင်စွမ်း မရှိသေးတာကိုလဲ ထည့်စဉ်းစားဦးလေး၊ မျက်နှာဖုံးရှင်ဝတ်စုံနက်ကိုမပြောနဲ့ ချင်ဖုန်းကိုတောင်မှ လူလေးကအနိုင်ရအောင် တိုက်နိုင်စွမ်း မရှိသေးဘူး'

ဖခင်ဖြစ်သူ ပျံလွှားခါးဝမ်ကော့လီက သူ့ကိုသတိပေးသလိုမျိုးပြောလာ၏၊ ဟုတ်တော့လည်း ဟုတ်သည်။

သူ့ကိုအနိုင်ယူခဲ့သည့်သာမက ဖခင်ဖြစ်သူကိုလည်း ဒဏ်ရာရအောင် တိုက်ခိုက်ခဲ့သောကြောင့်သာ သူကခံပြင်းဒေါသထွက်နေခြင်းဖြစ်၏။

တကယ်တော့ ချင်ဖုန်းကိုပင်လျှင် သူက အနိုင်ရအောင် တိုက်ခိုက်နိုင်စွမ်းရှိသေးသည်မဟုတ်ပါချေ။

သူ့ဖခင် ပျံလွှားခါးဝမ်ကောလီအား ဒဏ်ရာရအောင် တိုက်ခိုက်သွက်လိုက်သည့် မျက်နှာဖုံးမျှင် ဝတ်စုံနက်ကိုဆိုလျှင် ပို၍ပင် ဝေးပေဦးမည်၊

သို့သော် ယှဉ်နိုင် မယှဉ်နိုင်ကတခြား၊ ခံပြင်းဒေါသထွက်သည်က တစ်ပိုင်းဖြစ်၏၊ သို့သော် ဖခင်ဖြစ်သူရှေ့တွင် စကားကုန် ပြောမကောင်း၍ ဝမ်ပိုဝေက ခပ်ထိန်းထိန်းမျှသာပြောလိုက်၏၊

'ဟုတ်ကဲ့....ကျွန်တော်လဲ မခံချင်စိတ်ကြောင့်ဆန္ဒစောသွားပါတယ် အဖေ'

'အေး....ဒီလိုလောလို့မရဘူး လူလေးရေ၊ ရန်သူတွေကို ရင်ဆိုင်ဖို့က လူလေးအနေနဲ့ အများကြီးလိုနေသေးတယ်၊ ကဲ... အဖေ့အတွက်ဆေးတွေ သွားယူပေးပါဦး၊ အတွင်းဒဏ်ပြေဆေးလုံးတွေ မှင်းသိတယ်မဟုတ်လား'



'ဟုတ်ကဲ့ အဖေ သိပါတယ်၊ ကျွန်တော်ပဲအခုသွားယူလိုက်ပါမယ်'

ဝမ်ပိုဝေက မဆိုင်းမတွပ် ပြန်ပြောပြီးနောက် ဆေးများထားရာအခန်းသို့ ထွက်လာခဲ့၏။

ထိုသို့ထွက်လာရင်းမှ ဝမ်ပိုဝေတစ်ယောက်တည်း ခိုင်မာသည့်ဆုံးဖြတ်ချက်တစ်ခုကိုလည်း ချလိုက်၏၊

ထိုဆုံးဖြတ်ချက်ကား တခြားမဟုတ်....

နေ့အိမ်မှတိတ်တဆိတ်ထွက်သွားကာ သိုင်းပညာထိပ်တန်းရောက်လာအောင် အစွမ်းကုန်ကြိုးစားပြီး ဖခင်အတွက်ကလဲ့စားချေမည်ဟူသည့် ဆုံးဖြတ်ချက်ပင်တည်း။

၁၅

မျှလွှားစား ဝမ်ကောလီမှာ ညက ညဥ့်နက်မှ အိပ်ပျော်သွားသောကြောင့် အတော်နေမြင့်မှပင် အိပ်ရာမှနိုးလာခဲ့လေသည်။

ဒဏ်ရာများက လုံးဝသက်သာသည် မဟုတ်သော်လည်း အတွင်းဒဏ်ကြေဆေးလုံးသောက်ကာ အတွင်းအားကျင့်စဉ်ဖြင့်လည်း ပြန်လည်ကုစားခဲ့လေသောကြောင့် ယမန်နေ့ကလောက်တော့ ထူးထူးခြားခြား နာကျင်မှုမျိုးကို မခံစားရတော့ပါချေ....

သို့သော် ပင်ပန်းနွမ်းနယ်သလို ရှိသဖြင့် ဝမ်ကောလီမှာ အိပ်ရာမှတော့ မထဖြစ်သေးချေ။



အိပ်ရာပေါ်တွင် ပက်လက်လှန်ကာ ရောက်တတ်ရာရာများကို စဉ်းစားခန်းဝင်နေမိ၏၊ သူ့အဓိကဦးတည်စဉ်းစားမိသည်ကတော့ သူ့ကိုဒဏ်ရာရအောင် တိုက်ခိုက်ခဲ့သည့် မျက်နှာဖုံးရှင် ဝတ်စုံနက်အကြောင်းပင်ဖြစ်၏။

မျက်နှာဖုံးစွပ်ထား၍ မျက်နှာကို မတွေ့မြင်ရသလို အသံကို ဖျက်မပြော၍လည်း ခန့်မှန်းရန် မလွယ်ကူချေ၊ သို့သော် လေသံက လူငယ်တစ်ယောက်မဟုတ်ကြောင်း ဖော်ပြနေသလို ရှိ၏။

ခြသေ့်လက်သည်း သိုင်းပညာကို အဆင့်မြင့်မြင့်နှင့်ကျွမ်းကျင်စွာ အသုံးပြုတိုက်ခိုက်ခြင်း၊ အတွင်းအား မြင့်မားပြီး အတွေ့အကြုံ ရင့်ကျက်ကြွယ်ဝခြင်း စသည့်အချက်များကို ထောက်ရှု၍ ဝတ်စုံနက်မျက်နှာဖုံးရှင်မှာ ခြသေ့်နက် ယန်ဟူကျင်း ဖြစ်လေမလားဟုပင် ဝမ်ကောလီ သံသယဝင်သွားမိသည်။

သူက သံသယရှိ၍ ထုတ်မေးခဲ့သေး၏၊ သို့သော် မျက်နှာဖုံးရှင် ဝတ်စုံနက် ဟုတ်သည်ဟုဝန်မခံသလို မဟုတ်ဟုလည်း ငြင်းဆိုခြင်းမပြုပေ။

မည်သို့ပင်ဖြစ်စေ၊ ခြသေ့်လက်သည်း သိုင်းကွက်များကို အသုံးပြုခြင်းနှင့် တိုက်ခိုက်ပုံရက်စက်ခြင်းတို့ကြောင့် သေချာပေါက်ဟု မပြောရဲသည့်တိုင် ယန်ဟူကျင်းပင် ဖြစ်နိုင်ခြေများသည်ဟု သူထင်၏။

သို့ဆိုလျှင် နှစ်ပေါင်းနှစ်ဆယ်နီးပါးမျှ အဘယ့်ကြောင့် ပျောက်ချင်းမလှ ပျောက်နေခဲ့ပြီးမှ ယခုမှပြန်ပေါ်လာရလေသနည်း။

နောက်ပြီး ချင်ဖုန်းဆိုသော ချောမောသည့်ကောင်လေးကရော ခြသေ့်လက်သည်းနှင့် ယန်ဟူကျင်းနှင့် ဘယ်သို့ပတ်သက်နေသနည်း။

ချင်ဖုန်းကတော့ မကိုက်ခိုက်မှုတွင် ကလဲ စားချေ သေးကြေးဆပ်ရမည်ဟု ကြွေးကြော်ခဲ့သည်ကို သူ ကြားယောင်နေမိ၏။

ဤချင်ဖုန်းဆိုသည့် လူရွယ်လေးမှာ သူသတ်ဖြတ်ခဲ့ဖူးသည့် အနက်ရောင်သိုင်းလောကသား တစ်ဦးဦး၏သားများ ဖြစ်နေနေလေမလား။

ပြောမည်ဆိုလျှင် ချင်ဖုန်းမှာ ခြသေ့်လက်သည်း ယန်ဟူကျင်းနှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်မှုရှိမည်ကတော့ သေချာ၏။

မဟုတ်လျှင် ခြသေ့်လက်သည်း သိုင်းကွက်များကို တတ်မြောက်ထားစရာပင် အကြောင်းမရှိပါချေ၊ သို့သော် ချင်ဖုန်း ခြသေ့်လက်သည်း ယန်ဟူကျင်း၏သား မဟုတ်သည်ကတော့ အမှန်ပင်။

အဘယ်ကြောင့်ဆိုသော် ခြသေ့်လက်သည်း ယန်ဟူကျင်း၏သားငယ်ကို သူကိုယ်တိုင် ကျွေးမွေးစောင့်ရှောက်ထားခဲ့



သောကြောင့် ဝမ်ပိုဝေဆိုသည့် အဖြူရောင်သိုင်းပညာရှင်လေး တစ်ယောက်ပင် ဖြစ်နေချေပြီ။

သို့ဖြစ်၍ ခြသေ့်လက်သည်း ယန်ဟူကျင်း၏သားမဟုတ်ဟု တွေ့သူထင်သည်၊ ဖြစ်နိုင်ခြေရှိသည်ကတော့ သိုင်းပြိုင်ပွဲတွင် အနိုင်ရသွားသော ချင်ဖုန်းဆိုသည့် လူချောလေးမှာ ခြသေ့်လက်သည်း ယန်ဟူကျင်း၏မွေးစားသား။

သို့မဟုတ် တပည့်ရင်းချာတစ်ယောက်ပင် ဖြစ်ဖို့များပေသည်၊ မည်သို့ပင်ဆိုစေ၊ ယန်ဟူကျင်းနှင့် ပတ်သက်မှုရှိသည်ဆိုကတည်းက ချင်ဖုန်းဆိုသော လူချောလေးမှာသည် အဖြူရောင်သိုင်းလောကသားတစ်ယောက်တော့မဖြစ်နိုင်တော့ချေ။

ယန်ဟူကျင်းကဲ့သို့ပင် ရက်စက်သောအနက်ရောင် သိုင်းပညာရှင်တစ်ယောက် မကြာခင်ဖြစ်လာတော့မည်ဟု တွက်ဆ၍ရလေသည်။

"အင်း....ဒါဆိုရင်တော့ ရိုလဒ်က တယ်မကောင်းလှဘူး၊ သိုင်းပညာဆက်မြက်တာရယ်၊ ရုပ်ချောတာရယ်ကို ကြည့်ပြီး နယ်စားကြီးက သူ့သမီးလိုကွေးချန်နဲ့ ပေးစားလိုက်ရင် တော့ မိန်းကလေး ဒုက္ခရောက်တော့မယ် ဒါပေမယ့် ခက်တာက သက်သေမရှိဘဲ သူ့ကိုလူကောင်းမဟုတ်ဘူးလို့ သွားပြောရင် နယ်စားကြီးကယုံကြည်မှာမဟုတ်ဘူး၊ ပိုဆိုးတာက ဝမ်ပိုဝေက ချင်ဖုန်းပြိုင်ပွဲရဲ့ နောက်ဆုံးအဆင့်မှာ ရှုံးနိမ့်ထားခဲ့တာပဲ၊ ဒါကြောင့် ငါ့အမှန်ကိုပြောပေမယ့် နယ်စား

ကြီးက မနာလိုမရှုဆိတ်ဖြစ်ပြီး လာပြောတာလို့ထင်သွားရင် ငါ့ရဲ့စေတနာတွေဟာ ဝေဒနာတွေဖြစ်ကုန်လိမ့်မယ်'

စဉ်းစားဆင်ခြင်ဉာဏ်ဖြင့် ပြည့်ဝသော ဝမ်ကောလ်မှာ ခဲ့စပ်စွာတွေးတောစဉ်းစားရင်း စိတ်မော၍သွားသည်။

ဟုတ်တော့လည်းဟုတ်သည်၊ ဝမ်ပိုဝေက ကျူသိုင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မထားလျှင်တော့ အကြောင်းမဟုတ်၊ ယခုမူ ဝမ်ပိုဝေက သိုင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ထားသည်သာမက ပြိုင်ပွဲ၏နောက်ဆုံး ဗိုလ်လုပွဲတွင်မှ ရှုံးနိမ့်ကာ အရှက်ရထားသူဖြစ်လို့နေသည်။

သို့ဖြစ်၍ သူ၏စေတနာစကားကို နယ်စားကြီးလီဝူချင်က နားလည်ပေးလျှင်ကောင်းသေးသည်။

ထိုသို့မဟုတ်ဘဲ သူ့စကားကိုမယုံကြည်သည့်အပြင် သားဖြစ်သူအနိုင်မရ၍မစားရသည့်အမဲ သဲနှင့်ပက်ခြင်းဟု ထင်မှတ်သွားပါက သူမည်သို့မျှစိတ်ကောင်းနိုင်တော့မည် မဟုတ်ချေ။

ထိုသို့တွေးမိ၍ ဝမ်ကောလီမှာ ဘာလုပ်ရမည်မှန်းမသိ ခဲ့တတ်အောင်ပင်ဖြစ်၍သွားသည်။

'အင်းလေ...လောလောဆယ် ငါရထားတဲ့အတွင်းဒဏ်ရာတွေ အရင်ပျောက်အောင်လုပ်ဖို့က ပိုအရေးကြီးပါတယ်၊ ချင်ဖုန်းကိုအနက်ရောင်သိုင်းသမားတစ်ယောက်လို့ နယ်စားကြီး ယုံကြည်လက်ခံလာအောင် သက်သေပြဖို့ကတော့ အချိန်တွေရှိပါသေးတယ်၊ နယ်စားကြီးက မျက်စိကျသွားတယ်ဆိုတဲ့ သူ့သမီးနဲ့ ဒီလောက်မြန်မြန်တော့ ပေးစားဦးမှာ မဟုတ်ပါဘူး၊ ဒါကြောင့်ချင်ဖုန်းမှာချင်းမြို့က ပြန်ထွက်လာတာပေါ့'



ပျံ့သွားခဲ့သော ဝမ်ကောလ်က ဖြေးဖြေးတွေးလိုက်၍ စိတ်သက်သာရာပြန်ရသွားခဲ့သည်။

ထို့နောက် အခန်းထဲတွင်ဆက်လှဲနေသော်လည်း အတော်နေမြင့်သည့်တိုင် သူ၏သားဝမ်ပိုဝေက သူ့ထံရောက်မလာသဖြင့် ဝမ်ကောလ်မကျေမနပ်ဖြစ်သွားသည်။

'ဟာ...ဟိုကောင် ဝမ်ပိုဝေအိပ်ယာက မထသေးဘူးလား မသိဘူး၊ တကယ်ဆို အဖေ့ကိုလာပြီး နှုတ်ဆက်စကားပြောပြီးတော့ နေကောင်းလားဘာလား လာမေးသင့်ပြီ'

သူ မည်သို့ပင်စောင့်ရှုသည်ဖြစ်စေ၊ ဝမ်ပိုဝေကား လုံးဝပေါ်မလာပါချေ၊ ဝမ်ပိုဝေမှာ တစ်ကြိမ်မျှ ထိုမျှလောက်ထိ နေမြင့်အောင် အိပ်စက်ဖူးသူ မဟုတ်သောကြောင့် ပူလွှား ခေဝမ်ကောလ်သည် သံသယဝင်လာသည်။

ထို့ကြောင့် ဝမ်ကောလ်က မနေသာတော့ဘဲ ခုတင်ပေါ်မှဆင်းကာ ဝမ်ပိုဝေအခန်းဆီသို့ လျှောက်လာခဲ့သည်။

'ဒေါက်...ဒေါက်'

အခန်းတံခါးမှာ စေ့ရုံသာ စေ့ထားသောကြောင့် သူ့လက်ဖြင့်ခေါက်လိုက်သည်နှင့်ပင် တံခါးကပွင့်ထွက်၍ သွား၏။

'ဟင်...'

ထို့ကြောင့် ဝမ်ကောလ်က အခန်းထဲဝင်လိုက်သည့်တွင် မျက်ခုံးမှာ တစ်ချက် ကြုတ်မိလျက်သား ဖြစ်သွားသည်၊ အကြောင်းမူ အခန်းထဲမှ ခုတင်ပေါ်တွင် ဝမ်ပိုဝေကို သူ မတွေ့လိုက်ရသောကြောင့်ပင်ဖြစ်သည်။

"ဒီကောင်လေး ဘယ်များထွက်သွားပါလိမ့်"

ပထမတော့ အပြင်များ ထွက်သွားလေသလားဟု ဝမ်ကောလီ ပေါ့ပေါ့တွေးလိုက်သည်၊ သို့သော်အခန်းထဲမှ ပြန်ထွက်ရန် ဟန်အပြင်မှာပင် စားပွဲပေါ်၌ ပန်းအိုးဖြင့် ဖိထားသော စာရွက်လေးတစ်ရွက်ကို တွေ့လိုက်ရသည့်အခါမှာတော့ ဝမ်ကောလီ စိတ်ဝင်စား၍ သွားမိသည်။

"ဝမ်ပိုဝေက စာရေးထားခဲ့တာများလား"

မကင်မကျတွေးလျက် ဝမ်ကောလီက ထိုစားပွဲနားကို ခပ်သွက်သွက်ပင် လျှောက်သွားလိုက်၏၊ ပြီးလျှင် ပန်းအိုးကို ဖယ်ကာ စာရွက်ခေါက်ဖြူဖြူကို ဆွဲယူကြည့်လိုက်၏။

သူ့ တွက်ကိန်းက မမှား၊ တကယ်ပင် ဝမ်ပိုဝေ ရေးထားသောစာဖြစ်နေ၏၊ ထိုစာကိုဖတ်ပြီးချိန်မှာတော့ ပျိုလွှားခြား ဝမ်ကောလီမှာ မျက်လုံးမပြူးဘဲမနေနိုင်အောင်ပင် ဖြစ်သွားသည်။

စာက သိပ်ရှည်လှသည်တော့မဟုတ်ချေ၊ ချင်ဖုန်းနှင့်ဂတ်စုံ နက် မျက်နှာဖုံးရှင်ကို ကာလဲ စားချေရန်အတွက်သူသိုင်းပညာ အဆင့်မြင့်အောင် ကြိုးပမ်းမည် ဖြစ်သည့်အကြောင်းနှင့် ခွင့်တောင်းလျှင် ခွင့်မပြုမည်စိုးကာ တိတ်တိတ်ဆိတ်ဆိတ် ထွက်သွားရခြင်းကို နားလည် ခွင့်လွှတ်ပေးရန်လည်း တလေး တစား တောင်းပန်ထားလေသည်။



ထို့ကြောင့်ပင် ပျိုလွှားခြား ဝမ်ကောလီ တုန်လှုပ်သွားမိခြင်းဖြစ်သည်။ သူ့ကို ဒဏ်ရာရစေအောင် တိုက်ခိုက် လွှတ်လိုက်သော မျက်နှာဖုံးရှင်ဝတ်ရုံနက်၏ မျက်နှာကိုတော့ သူ မမြင်လိုက်ရချေ။

သို့သော် ဆက်စပ်ခန့်မှန်း ကြည့်ရချက်အရ ခြင်္သေ့နက် ယန်ဟူကျင်းပင် ဖြစ်ဖို့များနေ၏။

သို့ဆိုလျှင် ယန်ဟူကျင်း၏သားဖြစ်သော ဝမ်ပိုဝေမှာဖခင်ကို ရန်သူဟုမှတ်ကာ တိုက်ခိုက်တော့မည့် အနေအထားမျိုး၌ ရှိနေသည်။

ဝမ်ပိုဝေကို သူ့ သားဟု သိသွားသော ခြင်္သေ့နက်ယန်ဟူကျင်းကလည်း ရင်ဆိုင်တွေ့လျှင် မညှာမတာပင် တိုက်ခိုက်လိမ့်မည်ဟု သူတွက်ဆမိသည်။

လက်ရှိအနေအထားအားဖြင့်ဆိုလျှင် ဝမ်ပိုဝေမှာ ခြင်္သေ့နက်ယန်ဟူကျင်းကို မည်သို့မျှအနိုင်ရရန်အကြောင်းမရှိပါချေ။

မည်သူမှ ယှဉ်နိုင်သည်ဖြစ်စေ၊ သားအဖနှစ်ယောက် ရင်ဆိုင် တိုက်ခိုက်ရခြင်းဖြစ်သည့်အတွက် တစ်ချိန်တွင် ကြေကွဲစရာဖြစ်ရပ်များဖြစ်ပေါ်လာမည်ကတော့ ယုံမှားသံသယရှိစရာ မလိုပါချေ။

သို့ဆိုလျှင် သူ ဘာဆက်လုပ်ရမည်နည်း၊ ပျိုလွှားခြား ဝမ်ကောလီ သူ့ဦးနှောက်ကို အလုပ်ပေးလိုက်၏။

လောလောဆယ်တွင် သူ၏ အတွင်းဒဏ်ရာက သက်သာစသာရှိသေး၍ ခရီးထွက်ရန်ကား မသင့်တော်သေးချေ။

—

လေး ငါးရက်တန်သည်၊ တစ်ပတ်ဘန် သည် ရှိပြီးလျှင်တော့ အတွင်းအားထုတ်၍ တိုက်ခိုက် မရသေးသည့်တိုင် သာမန်လူတစ်ယောက်လို လှုပ်ရှား သွားလာနိုင်လောက်မည်ဟု သူထင်သည်။

ထိုအခါကျမှပင် အိမ်မှထွက်ပြီး လက်လွန်ခြေလွန် မဖြစ်အောင် ဝမ်ပိုဝေကိုလိုက် ရှာပြီး ဟန့်တားမည်ဟု ဝမ်ကောလီ ဆုံးဖြတ်လိုက်၏။

တစ်ခုတော့ တော်ပါသေးသည်၊ စာထဲတွင် ဝမ်ပိုဝေက ချက်ချင်း လိုက်ရှာပြီး ကလဲ့စားချေမည်ဟု မရေးမထားခဲ့ပါချေ။

သိုင်းပညာ အဆင့်မြင့်မားအောင် ကြိုးစား သင်ယူပြီးမှ ပြန်လာသည်ကလဲ့စားချေမည်ဟုရေးထားသောကြောင့် ဝမ်ကောလီစိတ်သက်သာရာရသွား၏။

ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဖြစ်ရန်မှာ အချိန်တိုတိုနှင့်တော့ ဖြစ်ဖို့မလွယ်ကူပါချေ။ ထို့နောက် ဝမ်ကောလီက သက်ပြင်းကိုချကာ ဝမ်ပိုဝေ၏အခန်းထဲမှ ပြန်ထွက်လာခဲ့လေတော့သည်။

* * *

( ၁၆ )

ဟိုပေနယ်စားကြီး လီစုချင်၏တစ်ဦးတည်းသောသမီးချောလေး လီကွေးရှန်မှာ စံအိမ်တော်အတွင်းရှိ ပန်းခြံလေးထဲတွင် တစ်ယောက်တည်းထိုင်၍ ငေးငိုင်နေလေ၏။

သူမ၏အနားတွင် ပန်းချုံလေးရှိကာ ဟိုပျံသည့်ကူးလုပ်နေသော လိပ်ပြာကလေးများဖြင့် သဘာဝရှုခင်းကလေးစိတ်ကြည်နူးလန်းဆန်းဖွယ်ကောင်းနေသည်ကား အမှန်ပင်။

သို့သော် ထိုသာယာလှပမှုများကို လီကွေးရှန်ကမူ လုံးဝ ခံစားရခြင်း မရှိပါချေ၊ အဘယ်မှာလျှင်ခံစားရပါမည်နည်း။

သူမ၏ စိတ်အတွေးများက ရောက်တတ်ရာရာများကို လျှောက်တွေးတော ပျံ့လွင့်နေမိသည် မဟုတ်ပါလား။

မှန်ပါသည်၊ လဝိကွေးရှန်၏မျက်လုံးထဲတွင် ချောမောခန့်ညားသော လူရွယ်တစ်ယောက်၏မျက်နှာသည်သာ စွဲထင်၍ မြင်ယောင်နေမိ၏။

ထိုလူရွယ်ကတော့ တခြားမဟုတ်၊ သိုင်းပြိုင်ပွဲတွင် နောက်ဆုံးအဆင့် ဗိုလ်လုပွဲကိုရောက်မှ ရှုံးနိမ့်သွားခဲ့သော ဝမ်ပိုဝေဆိုသည့် ကိုလူချောပင်ဖြစ်ပေ၏။

ဟုတ်ပါသည်၊ ဝမ်ပိုဝေစင်မြင့်ပေါ်တက်ပြီး သိုင်းပညာမယှဉ်မီ သူမအားကို လှည့်ကြည့်လိုက်တိုင်း သူမရင်မှာ သိသိသာသာပင် လှိုက်ဖို၍ သွားခဲ့ရသည်။

သို့ဖြစ်၍ ပြိုင်ပွဲတိုင်းမှာပင် ဝမ်ပိုဝေအနိုင်ရစေကြောင်း လဝိကွေးရှန်ဆုတောင်းနေခဲ့သည်ချည်းသာပင်။

ဝမ်ပိုဝေမှာ ရုပ်ရည်သာ ချောမောခန့်ညားသည်မဟုတ်၊ လှုပ်ရှားဟန် အမူအရာမှအစ တိုက်ခိုက်ပုံအဆုံး ဣန္ဒြေရကာ တည်ငြိမ်ပြီး အထူးပင်ကြည့်ကောင်းလှသည်ဟု သူမထင်၏။

သို့ဖြစ်၍ သူမစိတ်ဝင်စားနေသော ဝမ်ပိုဝေကို သိုင်းပြိုင်ပွဲ၌ အနိုင်ရလိုစိတ်များကသာ သူမကို ဖုံးလွှမ်း၍နေခဲ့သည်။

ထိပ်တန်းသိုင်းပညာရှင်ကြီး ပျံလွှားခေး ဝမ်ကောလီ၏ သားဆိုသောကြောင့်လည်း လေးစားမှုလည်း ပိုခဲ့ပေ၏။

သို့သော် တစ်ချိန်လုံး ပြည့်ဝနေခဲ့သော ဆုတောင်းက နောက်ဆုံးပြိုင်ပွဲကျမှ လာပြီးပျက်ပြယ်သွားခဲ့၏။



ဝမ်ပိုဝေကား နောက်ဆုံးဗိုလ်လုပွဲတွင် ပြိုင်ဘက်ဝက်စုံနက်အား စင်မြင့်ပေါ်တွင် မည်သို့မျှမယှဉ်နိုင်ဘဲ အခေးနိမ့်၍ သွားခဲ့လေသည်။

ကာယကံရှင် ဝမ်ပိုဝေတော့ မည်သို့ခံစားရမည် မပြောတတ်၊ စင်မြင့်ပေါ်မှ မျက်ခတောင်မခတ်ဘဲ စောင့်ကြည့်အားပေးနေခဲ့သော လဝိကွေးရှန်မှာမူ စိတ်ကူးယဉ်ကမ္ဘာလေးပြိုပျက်သွားပြီးရင် တစ်ခုလုံးလည်း ဟစ်ဟာသွားသလို မျိုးခံစားခဲ့ရလေသည်။

သို့သော်လည်း သူမအားနာမတတ်နိုင်တော့ပါ၊ သူမစိတ်ဝင်စားသော ဝမ်ပိုဝေက ပြိုင်ပွဲတွင်ရှုံးနိမ့်သွားခဲ့ချေပြီမဟုတ်လား။

သို့ဖြင့် ဝက်စုံနက်အား ဖခင်ဖြစ်သူနန်းသီဟကြီး လဝိဂူချင်က ဆုတော်ငွေ ချီးမြှင့်သည်သာမက စံအိမ်တော်တွင်လည်း နှစ်ရက်မျှတည်းခိုခွင့်ပေးခဲ့၏။

ချင်ဖုန်းဆိုသော ဝက်စုံနက်မှာ ရုပ်ရည်အားဖြင့် ချောမောလှသော်လည်း ယောကျ်ားပီသခန့်ညားမှုကင်းမဲ့နေသည်ဟု လဝိကွေးရှန်ထင်သည်။

ထို့ပြင် သူမစိတ်ဝင်စားနေမိသော ဝမ်ပိုဝေကိုနောက်ဆုံးပြိုင်ပွဲတွင် အနိုင်ယူခဲ့သူလည်းဖြစ်သောကြောင့် လဝိကွေးရှန်မှာပို၍ပင် အမြင်ကပ်၍နေမိ၏။

သို့ဖြစ်သောကြောင့် ချင်ဖုန်းဆိုသော သိုင်းသမားများကို လီကွေးရှန်မတွေ့အောင် တမင်ပင် အခန်းအောင်းနေခဲ့၏။

ထမင်းစားချိန်တွေ့လျှင်လည်း တက်နိုင်သလောက်စကား မပြောဖြစ်အောင် ကြိုးစားသည်၊ မကောင်းတတ်လွန်း၍ပြန် ပြောလျှင်လည်း မေးထူးခေါ်ပြောထက်မပို။

သူမ ဟက်ဟက်ပက်ပက် မရှိသည်ကို ရိပ်စားမိ၍ပဲလား တော့မပြောတော့ ချင်ဖုန်းဆိုသော ၁၀၀ စုံနက်သိုင်းသမားက အတင်းကာရော ရောနှောရန်ကြိုးစားမလာခဲ့ချေ။

ထို့အတွက် လီကွေးရှန် ကျေးဇူးပင် တင်ရသေးသည်၊ ယခုတော့ သူမ ကြည့်မရှုသော ချင်ဖုန်းစံအိမ်တော်မှ ပြန်လည် ထွက်ခွာသွားပြီဖြစ်၍ လီကွေးရှန်နေရထိုင်ရ အသက်ရှူပြန် ချောင်သွားသည်။

သို့ရာတွင် ဝမ်ပိုဝေကို သတိရစိတ်ကား ပြေပျောက်၍ မသွားခဲ့ပါချေ၊ သို့ဖြစ်၍ အိပ်ရာနိုးနိုးခြင်းပင် 'စိတ်ပြေ လက်ပျောက်သဘောမျိုးဖြင့် ပန်းခြံလေးထဲတစ်ယောက်တည်း လာထိုင်နေခဲ့ခြင်းပင်ဖြစ်သည်။

'ဩော်... သမီးက ဒီရောက်နေတာကိုး'

နောက်နားဆီမှ ပေါ်ထွက်လာသော စကားသံကြောင့် အတွေးစယဉ်ကြောတွင် နစ်မြောနေရာမှ လီကွေးရှန် ဖျပ် ခနဲ သတိပြန်ဝင်လာခဲ့၏။



လှည့်ကြည့်လိုက်ရာ သူမ၏နောက်တွင်ရပ်နေသော ဖခင် ဖြစ်သူ နယ်စားကြီး လီဝူချန်ကိုတွေ့ရ၏။

'ဖေဖေ နိုးလာပြီလား'

'ဖေဖေနိုးတာကြာပြီ၊ သမီးအခန်း ဝင်ကြည့်သေးတယ်၊ မတွေ့တာကြောင့် ခြံထဲဆင်းသွားမှာပဲဆိုပြီး ဆင်းလိုက်လာ တာ'

ဖခင်ဖြစ်သူ ပြန်ဖြေရင်း သူမထိုင်နေသော ကျောက်ထိုင်ခုံ လေးတွင်ပင် ဝင်ထိုင်လာ၏၊ ပြီးမှ သူမကို အပြုံးဖြင့်စောင်း ၍ ကြည့်လျက် မေးလာ၏။

'သမီးကိုကြည့်ရတာ၊ တစ်စုံတစ်ခုကို စဉ်းစားနေသလို ပဲ၊ သမီးဘာတွေ စဉ်းစားနေတာလဲ'

'ရောက်တတ်ရာရာပဲဆိုပါတော့ ဖေဖေ'

'အဲဒီထဲမှာ ချင်ဖုန်း အကြောင်းရော ပါသလား'

'မပါပါဘူး'

လီကွေးရှန်က မဆိုင်းမတွပင်ပြန်ဖြေလိုက်ရာ ဖခင်ဖြစ်သူ နယ်စားကြီး လီဝူချန်မှာ သဘောကျသွားသည့်အလား အသံ ထွက်ပြီးရယ်သည်၊ ပြီးတော့မှအရယ်ရပ်ကာ....

'သမီးက သူ့ကိုစိတ်မဝင်စားဘူးလား'

'မဝင်စားပါဘူး ဖေဖေ'

'ဘာကြောင့် စိတ်ဝင်စားလို့မရတာလဲ သမီးရယ်၊ ချင်ဖုန်းက လူချောလေး တစ်ယောက်ပါ၊ ပြီးတော့ သိုင်းပညာလဲ အစွမ်းထက်တယ်၊ ဖေဖေကျင်းပတဲ့ သိုင်းပြိုင်ပွဲမှာ သူအနိုင်ရ ဗိုလ်စွဲခဲ့တာ သမီးလဲ မျက်မြင်ပဲဟာ'

'မှန်ပါတယ်ဖေဖေ၊ ချင်ဖုန်းက ဖေဖေပြောသလို သိုင်းပညာစွမ်းထက်သလို ချောလဲချောပါတယ်၊ ဒါပေမယ့်...'

'ဒါပေမယ့် ဘာဖြစ်သလဲ သမီး'

'အဲဒီနှစ်ချက်ပြည့်စုံတာနဲ့ပဲ သူ့ကို စိတ်ဝင်စားရဲတော့မှာလား'

အချက်ကျကျ ပြန်မေးလိုက်သော သူမ၏ အမေးစကားကြောင့် ဘာပြန်ပြောရမည်မှန်း မသိအောင်ပင် ဖြစ်သွားပုံရလေ၏။

ပြီးတော့မှ မျက်မှောင်တစ်ချက် ကြုတ်ကာ....

'သိုင်းပညာလဲ ထက်မြက်တယ်၊ ရုပ်ရည်လဲချောမောတာတောင်မှ သမီးကစိတ်မဝင်စားဘူးလား'

'အင်း....သမီး သူ့ကို စိတ်ဝင်စားကြည့်လို့မရဘူး ဖေဖေ သူက ရုပ်ရည် ချောမောပေမယ့် သူချောတာက မိန်းမချော ချောတာမျိုးဖြစ်နေတယ်၊ ယောကျ်ားပီသပြီး ခန့်ညားတာမျိုး မဟုတ်ဘူး'



'ဒါဖြင့် သမီးဘယ်သူ့ကို စိတ်ဝင်စားနေသလဲ ပြောစမ်းပါဦး'

ဖခင်ဖြစ်သူက သူမကို အကဲခတ်သလိုကြည့်ကာ မေးလာသည်၊ ဝမ်ပိုဝေကို စိတ်ဝင်စားနေမိသည် မှန်သော်လည်း လီကျွေးရှန်နှုတ်ကမူ ထုတ်၍ ဝန်မခံခဲ့ပါချေ။

အကြောင်းမူ သူမကမိန်းမသားတစ်ဦး ဖြစ်သည်သာမက နယ်စားကြီး၏တစ်ဦးတည်းသော သမီးချောလေးလည်းဖြစ်လို့ နေသည်မဟုတ်ပါလား။

နောက်ပြီးပြောမည်ဆိုလျှင် ဝမ်ပိုဝေနှင့်သူက ချစ်သူရည်းစားများမဟုတ်ကြသလို ဝမ်ပိုဝေကမေတ္တာဖွင့်ဟ တောင်းခံထားသည်လည်း မဟုတ်သေး။

နှစ်ယောက်သား မျက်လုံးချင်းဆုံပြီး ရင်ခုန်ရသည့်အဆင့်တွင်ပင်ရှိပေသေး၏၊ သို့ဖြစ်၍ လီကျွေးရှန်က မှင်သေသေဖြင့်ပင်....

'ဘယ်သူ့ကိုမှတော့ စိတ်မဝင်စားပါဘူး ဖေဖေ၊ ချင်ဖုန်းကို စိတ်မဝင်စားဘူးလို့ပဲ ပြောတာပါ'

'သမီး တခြားလူကို စိတ်မဝင်စားဘူးဆိုရင်တော့ ချင်ဖုန်းကိုပဲ စိတ်ဝင်စားရလိမ့်မယ်'

'ဘာကြောင့်လဲ ဖေဖေ'

'ဘာကြောင့်လဲဆိုတော့ အဲဒီချင်ဖုန်းဆိုတဲ့ လူရုပ်ဆိုးလေးနဲ့ သမီးကို လက်ထပ်ပေးဖို့ ဖေဖေ စဉ်းစားထားလို့ပဲ'

'ရှင်....'

ထိုမျှထိ ရုတ်တရက်ထုတ်ပြောလာမည်ဟုမမျှော်လင့်ထားသောကြောင့် လီကွေးရှန်မှာ မတုန်လှုပ်ဘဲမနေနိုင်အောင် ဖြစ်သွား၏။

ချင်ဖုန်းနှင့်ပေးစားရန်အထိပင် သူ့အဖေနယ်စားကြီးက စဉ်းစားထားပြီးနေပါပြီကော။

'ဖေဖေကလဲ မဟုတ်တာပဲ'

'ဘာကမဟုတ်တာလဲ သမီးရဲ့'

'သိုင်းပြိုင်ပွဲမှာ အနိုင်ရတာတစ်ခုတည်းနဲ့ပဲ ဖေဖေက သမီးနဲ့ ပေးစားဖို့အထိ စဉ်းစားလိုက်တာလား'

'ဟုတ်တယ်သမီး၊ ပြောမယ်ဆိုရင် သိုင်းပြိုင်ပွဲကျင်းပပေးတာကိုက ဒီရည်ရွယ်ချက်နဲ့ ဖေဖေကျင်းပပေးခဲ့တာပဲ၊ ဒါကြောင့် အသက်ကြီးတဲ့သူရယ်၊ ပြီးတော့ အိမ်ထောင်သည်တွေရယ် ဝင်မပြိုင်ရဘူးလို့ ဖေဖေကသတ်မှတ်ပြီး ကြေငြာခဲ့တာပေါ့'

သည်တော့မှ လီကွေးရှန်မှာ ထိုအချက်ထည့်သွင်းထားခြင်းအပေါ် ကောင်းစွာ နားလည်သဘောပေါက်သွားပြီ ဖြစ်၏။

'ဒါဆို သိုင်းပြိုင်ပွဲမှာ အနိုင်ရရင် ဘယ်လို လူစားမျိုးကိုမဆို ဖေဖေက သမီးနဲ့လက်ထပ်ပေးတော့မှာပေါ့ ဒီပုံသာ'



'ဒီလိုတော့လဲ မဟုတ်သေးဘူးလေ သမီးရဲ့၊ သိုင်းပြိုင်ပွဲမှာ အနိုင်ရတဲ့သူဟာ ရုပ်ရည်ချောမောပြီး လူကောင်းတစ်ယောက် ဖြစ်ဖို့တော့ လိုတာပေါ့'

'ဪ....ဒါဆို ချင်ဖုန်းက ဒီအချက်တွေနဲ့ ပြည့်စုံလို့ ဖေဖေက သဘောကျသွားတယ်ဆိုပါတော့'

'မှန်တယ် သမီး၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲ ဖေဖေ'

လီကွေးရှန်က ပျာပျာသလဲပင် ပြန်မေးလိုက်၏၊ သည်တော့မှ ဖခင်ဖြစ်သူ ယီရူချင်က သူမကိုကြည့်၍ ဆက်ပြောလာ၏။

'သူ့ကို ဖေဖေ အရည်အချင်းရှိမရှိ ယပ်ပြီး ဆန်းစစ်ထားတယ်'

'ဘယ်လိုဆန်းစစ်ထားတာလဲ'

'နန်ကင်းနယ်ထဲက ရေခဲတောင်မှာ သောင်းကျန်းနေတဲ့ ရေခဲနဂါးကို နှိမ်နင်းဖို့ တာဝန်ပေးလိုက်တယ်'

'ရေခဲနဂါးကို နှိမ်နင်းဖို့'

'ဟုတ်တယ်၊ ရေခဲနဂါးကို သူခေါင်းဖြတ်ပြီးယူလာနိုင်ရင် သမီးနဲ့လက်ထပ်ပေးမယ်လို့ ဖေဖေသူ့ကို ကတိပေးလိုက်ပြီ'

'ရွှေခဲနဂါးကို နိုင်အောင်သတ်နိုင်မယ်လို့ ဖေဖေက ထင်လို့လား'

လီကွေးရှန်က ဝေခွဲမရစိတ်ဖြင့် ဖခင်ဖြစ်သူထံမှထင်ကြေးကို တောင်းခံကြည့်လိုက်၏၊ ထိုအခါဖခင်ဖြစ်သူ နယ်စားကြီး လီဝူချင်က ခေတ္တမျှစဉ်းစားသလို ငြိမ်သက်သွားပြီးမှ....

'ဒါကတော့ ပြောရခက်တယ် သမီး၊ လူတစ်ယောက်ရဲ့ အရည်အချင်းက ဘယ်လောက်ထိရှိတယ် ဆိုတာကို မူလစိတ်ပိုင်းဆိုင်ရာက ထိန်းချုပ်ထားတယ်၊ သူဟာ ထက်မြက်တဲ့ ပြီးတော့ ရဲလဲရဲရင့်တဲ့ သိုင်းပညာရှင်လေးတစ်ယောက်ပဲ'

'ဒါပေမယ့် သူ့ အခု ရင်ဆိုင်ရမှာက သိုင်းပြိုင်ဘက်တစ်ယောက် မဟုတ်ဘူးလေ၊ ကြောက်စရာကောင်းတဲ့ သတ္တဝါကြီးတစ်ကောင်နဲ့ ရင်ဆိုင်ရမှာ'

'ဘာပဲဖြစ်ဖြစ် သူ့ စွမ်းဆောင်ချင်စိတ်ရှိရင်တော့ ဒီအခက်အခဲကို သူကျော်လွှားနိုင်မှာပါ'

'စွမ်းဆောင်ချင်စိတ်ဟုတ်လားဖေဖေ၊ ဘာကိုဆိုလိုတာလဲ'

'သူ ငမီးကိုလိုချင်တယ်ဆိုရင် ဒီနဂါးကြီးကို သူရအောင်သတ်မှာပေ့! ဒါကိုပြောတာပါ'

ဖခင်ဖြစ်သူ လီဝူချင်က သူ့ ကိုပြန်ရှင်းပြလာသည်၊ ထို့ကြောင့် လီကွေးရှန်က မရဲတရဲ ထပ်မေးလိုက်သည်။



'အကယ်၍ ချင်ဖုန်းက နဂါးကြီးကို သတ်နိုင်ခဲ့တယ်ဆိုရင်တော့ သူ့ ကိုသမီးနဲ့ တကယ်ပဲလက်ထပ်ပေးမှာပေါ့နော်'

'မှန်တယ်သမီး၊ ဖေဖေ ကတိပေးလိုက်ပြီလို့ ပြောပြီးပြီပဲ၊ ဒါကြောင့် သမီးစိတ်ပူသလို စိတ်မဝင်စားချင်လဲ ဝင်စားရတော့မှာပဲ၊ ပြောမယ်ဆိုရင် သူဟာ အရည်အချင်းရှိတဲ့သိုင်းပညာရှင်လေးတစ်ယောက်ပါ၊ သူ့ လိုလူတစ်ယောက်ကို လက်ထပ်လိုက်ရလို့ သမီးနစ်နာမယ်လို့ ဖေဖေမယူဆဘူး'

'ဒါပေမယ့် သူ့ ကိုသမီးချစ်လို့မှ မရဘဲဟာ'

'ဒါက သိပ်ပြီး ပြဿနာမရှိလှပါဘူးလေ၊ လောကမှာ မချစ်လဲ ယူထားတဲ့လင်မယားတွေ အများကြီးရှိပါတယ်၊ ချစ်တိုင်းမညား၊ ညားတိုင်းမချစ်တဲ့စကားတောင် ရှိသေးတာပဲ၊ နောက်တော့လဲ သံယောဇဉ်တွယ်ပြီး ချစ်သွားကြတာပဲများပါတယ်'

ဖခင်ဖြစ်သူ၏ နှစ်သိမ့်စကားက ပေါ့ပေါ့ဆဆ နိုင်လွန်းလှသည်ဟု လီကွေးရှန်ထင်သည်၊ သူမကတော့ မချစ်ဘဲ လူတစ်ယောက်ကို လက်ထပ်ရန်မှာ မိန်းကလေးတစ်ယောက်အတွက် အကြီးမားဆုံး ခက်ခဲမှုဟုသာ ခံယူ၍ထား၏။

သို့ဖြစ်၍ လီကွေးရှန်က တစ်စုံတစ်ခုပြန်ပြောရန် ဟန်ပြင်လိုက်စဉ်မှာပင် ဖခင်ဖြစ်သူက စကားကုန်သွားသလို ထိုင်ရာမှ ထသည်။

'ကဲ... ဖေဖေမှာ လုပ်စရာလေးတွေရှိလို့ အိမ်ထဲပြန်ဝင်လိုက်ဦးမယ်၊ သမီးတစ်ယောက်တည်း တွေးချင်ရင်ဆက်တွေး နေပေတော့ ဖေဖေ မနှောင့်ယှက်တော့ဘူး ဟုဆိုသွား'

'ဟုတ်ကဲ့'

လီကွေးရှန်က အလိုက်သင့်ခေါင်းကိုညိတ်ပြလိုက်သည့်အခါ နှပ်စားကြီးလီဝူချင်က နေရာမှထကာ သူ့နေရာမှထွက်ခွာသွားသည်။

သည်တော့မှ လီကွေးရှန်က သက်ပြင်းတစ်ချက်ကိုလေးလေးရှည်ရှည်ချလိုက်မိ၏၊ ဤပုံအတိုင်းဆိုရင်တော့ ကံမကောင်းလျှင် ချင်ဖုန်းကို သူမလက်ထပ်ရပေတော့မည်၊ သူမ ဘာလုပ်လျှင် ကောင်းမလဲ။

လီကွေးရှန် အလေးအနက်ပင် စဉ်းစား၍နေမိလေတော့သည်။

* * *

(၁၇)

ယန်စေးချိကား ချင်ဖုန်းအဖြစ်ဖြင့်ပင် ဖခင်ဖြစ်သူနှင့် လိုက်ပါ၍သွားခဲ့၏၊ ဖခင်ဖြစ်သူ ယန်ဟူကျင်းနှင့်စားသောက်ဆိုင်တွင် စားသောက်ပြီးနောက် ယန်ဟူကျင်းကသူမကို တောအုပ်တစ်ခုတည်းကို ခေါ်ဆောင်၍သွား၏။

ထိုတောအုပ်ထဲကိုရောက်သည်ပင် ကြီးမားသော နတ်ဘုရားကျောင်းပျက်ကြီးတစ်ခုကို တွေ့လိုက်ရ၏။

အဆိုပါ နတ်ဘုရားကျောင်းပျက်ကြီးထဲတွင်တော့ သူမ မျှော်လင့်မထားသော ဧည့်သည်တစ်ယောက်က သူမကို စောင့်ကြိုရှိနေ၏။

ထိုသူကား တခြားသူမဟုတ်၊ တောင်ကျွန်းတွင် ဖခင်အဖြစ် တခြားသံယောဇဉ်တွယ်တာစရာဖြစ်ခဲ့သည့် တောင်ကျွန်းဘွားဘွားယိုဖေးပင်တည်း။

'ဟင်....ဘွားဘွား'

အံ့ဩစိတ်၊ ဝမ်းသာစိတ်များဖြင့် ချင်ဖုန်းက ဘွားဘွားယိုဖေးအား ပြေး၍ဖက်လိုက်၏၊ ထိုအခါ ဘွားဘွားယိုဖေးကလည်း မြေးအရင်းတစ်ယောက်ကိုတွေ့လိုက်ရသည့်အလား ချစ်ခင်သော အမူအရာဖြင့်ပင် သူမကိုပြန်ဖက်လေ၏။

ပြီးမှ ယန်စေးချိုက လူချင်းခွာ၍ ခပ်လောလော မေးလိုက်သည်။

'ဘွားဘွား ပြည်မကို ဘယ်တုန်းကရောက်တာလဲ'

'နှစ်ရက်ပဲ ရှိပါသေးတယ်'

'ဒါဆို သမီး သိုင်းပြိုင်ပွဲကိုမမြင်လိုက်ရဘူးပေါ့'

'ဟုတ်တယ် သမီး....ဒါပေမယ့် မြင်ရတာ မမြင်ရတာ အသာထား၊ ပြိုင်ပွဲမှာ သမီးအနိုင်ရသွားတာကို သိရတဲ့ အတွက်တော့ အဘွားက သမီးနဲ့ ထပ်တူထပ်မျှလောက်ကို ဝမ်းသာရပါတယ်ကွယ်'

'ဘွားဘွားကို ဖေဖေပြောပြတာလား'

'အင်း'

တောင်ကျွန်းဘွားဘွား ယိုဖေးက အပြုံးဖြင့် ခေါင်းကို ညိတ်ပြလိုက်သည်၊ ထို့ကြောင့် ယန်စေးချိုက ဖခင်ဖြစ်သူ



ခြင်္သေ့နက် ယန်ဟူကျင်းအား ဘဝင်မကျသလို လှမ်းပြောလိုက်၏။

'ဖေဖေကတော့တကယ်ပဲ၊ ဘွားဘွားနဲ့တွေ့ပြီး ဘွားဘွားဒီမှာရောက်နေတာကို ပြောမပြဘူး၊ သမီးက ဘာမသိဘာမသိ လိုက်လာခဲ့တာ၊ ဘွားဘွားရောက်နေပြီဆိုတာသိရရင် သမီး ကြိုပြီး ဝမ်းသာလို့ရတာပေါ့'

'ဖေဖေက မင်းကို ရုတ်တရက် ဝမ်းသာသွားရတဲ့ ခံစားမှုမျိုး ခံစားစေချင်လို့ပါ'

'ဟုတ်တယ်သမီးရဲ့၊ ဘွားဘွားကပဲ ဘာမှကြိုမပြောဘဲ ခေါ်လာခဲ့လို့ မှာထားတာ'

'အော်....ဒီလိုလား'

သည်တော့မှ ယန်စေးချိုက သဘောပေါက်သွားပြီး ပြုံးလိုက်မိ၏၊ မည်သို့ပင်ဖြစ်စေ ပြည်မသို့ ဘွားဘွားယိုဖေးပါ ရောက်လာသောကြောင့် မူလကထက်ပင် အင်အားများပိုမို ပြည့်ဝသွားသလိုမျိုး ယန်စေးချို ခံစားလိုက်ရ၏။

'အင်း....ကြည့်ပါဦး၊ သမီးပြင်ဆင်ထားတာက တကယ့် ယောကျ်ားချောလေးတစ်ယောက်ကျနေတာပဲ၊ ဘွားဘွားက ငယ်ငယ်လေးကတည်းက အတူတူနေလာသူ တစ်ယောက်မို့ ချက်ချင်းမှတ်မိတာ....မဟုတ်ရင် မှတ်မိဖို့တောင် မလွယ်ဘူး'

'ဟုတ်တယ်ဘွားဘွားရဲ့၊ နယ်စားကြီးကျင်းပပေးတဲ့ သိုင်းပြိုင်ပွဲက ယောကျ်ားလေးပဲ ဝင်ပြိုင်ရတာဖြစ်လို့ ဖေဖေ့ရဲ့ အစီအစဉ်အတိုင်း ခုလိုရုပ်ဖျက်ပြီး ဝင်ပြိုင်ခဲ့တာပဲ၊ ပြိုင်ပွဲမှာ အနိုင်ရလို့ နယ်စားကြီးချီးမြှင့်တဲ့ ဆုတော်ငွေလဲရခဲ့တယ်'

'တယ်ဟုတ်ပါလား သမီးရဲ့'

'မဟုတ်ဘူး ဘွားဘွားရဲ့ အဲဒါကြောင့်ပဲ စိတ်ညစ်နေရတာ....'

'ဘာဖြစ်လို့လဲ'

'သိုင်းပြိုင်ပွဲမှာ အနိုင်ရသွားတဲ့ သမီးကို နယ်စားကြီးက သဘောကျပြီး သူ့သမီးနဲ့ပေးစားဖို့တောင် စိတ်ကူးနေပြီ'

စိတ်ပျက်သံဖြင့် သူမကပြောလိုက်သော်လည်း ထိုစကားကြောင့် ဘွားဘွားယိဖေး၏မျက်နှာကမူ ဝင်းလက်သွားလေသည်။

'ဘာ....သမီးနဲ့ သူ့သမီးနဲ့ပေးစားဖို့ စိတ်ကူးနေတယ် ဟုတ်လား'

'ဟုတ်တယ် ဘွားဘွား'

'ဟာ....ဒါ သိပ်ကောင်းတဲ့အခွင့်အရေးပဲသမီး၊ ဒီအခွင့်အရေးကို သမီးလက်လွှတ်မခံသင့်ဘူး'

တက်တက်ကြွကြွ ပြန်ပြောလာသည့် တောင်ကျွန်း ဘွားဘွား ယိဖေးကိုကြည့်ကာ ယန်စေးချီမှာ မည်သို့မျှနားမလည်နိုင်တော့ဘဲ အူကြောင်ကြောင်လေးဖြစ်သွား၏။

ဘွားဘွားယိဖေးက ဒီကိစ္စကို သိပ်ကောင်းသည့် အခွင့်အရေးတစ်ရပ်ဟု ဝမ်းသာအားရကြွေးကြော်နေ၏။

သူမက မိန်းမပျိုလေးတစ်ယောက်ဆိုသည့် အချက်ကိုပင် ဘွားဘွားမေ့လျော့သွားခဲ့ပြီလား။



'ဘွားဘွားဘာကြောင့် ဒီလောက်ဝမ်းသာသွားတာလဲ၊ သမီးက မိန်းကလေးတစ်ယောက်၊ နယ်စားကြီးရဲ့ သမီးကို ဘယ်လိုလုပ်ပြီးယူလို့ရမှာလဲ'

'ယူလို့မရတာ သိတာပေါ့သမီးရယ်၊ အရေးကြီးတာက နယ်စားကြီးရဲ့ သားမက်ဖြစ်ပြီး အဲဒီအိမ်ထဲကို ရောက်သွားဖို့ပဲ....'

'ရောက်သွားရင်....'

'အေးလေ....သမီးကိုဖွင့်ပြောပြဖို့ဖြစ်တော့မှာမို့ ဘွားဘွား ပြည့်ပြည့်စုံစုံပဲ ပြောပြပါတော့မယ်....ဒီလိုသမီးရဲ့....'

ထိုသို့အစချီပြီးနောက် ဘွားဘွားယိဖေးက သူမ မမွေးခင်လောက်က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တစ်ရပ်ကို ပြန်ပြောပြလေ၏။

လွန်ခဲ့သည့် နှစ်ပေါင်း သုံးဆယ်ကျော် လေးဆယ်ခန့်က သိုင်းလောကတွင် သိုင်းပညာစွမ်းထက်သော အတွဲညီသည့် သိုင်းသမားမောင်နှံ ပေါ်ထွက်ခဲ့ဖူးသည်ဟု ဘွားဘွားက ဆို၏။

ထိုသိုင်းသမားမောင်နှံကား တခြားမဟုတ်၊ တောင်ကျွန်း ဘွားဘွားဖြစ်လာမည့် ယိဖေးနှင့် သူမ၏ခင်ပွန်း မရဏလက်ဝါး စီးဖန်ပင်ဖြစ်၏။

သိုင်းပညာစွမ်းထက်မြက်သလောက် ရက်စက်ခဲ့သော အဆိုပါ သိုင်းမောင်နှံ၏ လက်ချက်ကြောင့် သိုင်းလောကကြီးမှာ ဖရိုဖရဲ ဖြစ်ရလာသည်။

ထို့ကြောင့် လက်ပိုက်ကြည့်မနေခဲ့သော အဖြူရောင်ထိပ်တန်း သိုင်းပညာရှင်ကြီးများ ပူးပေါင်း၍ ဘွားဘွားယိဖေးနှင့် မရဏလက်ဝါးစီးဖန်တို့ သိုင်းမောင်နှံကိုတိုက်ခိုက်ခဲ့သည်။

အဖြူရောင်သိုင်းလောကမှ ထိတ်ထိတ်ကြဲ သိုင်းပညာရှင်ကြီး ပါဝင်ခဲ့သောကြောင့် စီးဖန်နှင့်ယိဖေးတို့က အရှုံးမပြသာတော့ချေ။

နှစ်ယောက်စလုံး ဒဏ်ရာများရသွားကြပြီးသကာလ ယိဖေးမှာ ထွက်ပြေးလွတ်မြောက်သွားလင့်ကစား မရဏလက်ဝါး စီးဖန်မှာမူ အဖြူရောင်သိုင်းသမားတစ်ဦး၏ လက်ထဲတွင် အဖမ်းခံခဲ့ရလေတော့သည်။

ထိုသိုင်းမောင်နှံကို ဖမ်းမိသောနေရာမှာ ဟိုပေနယ်ထဲတွင် ဖြစ်သောကြောင့် အဖြူရောင်သိုင်းပညာရှင်များက ဟိုပေနယ်စားကြီး လက်ထဲ သွားရောက်အပ်နှံခဲ့ကြသည်။

ထိုစဉ်က ဟိုပေနယ်စားကြီးမှာ ယခုလက်ရှိနယ်စားကြီး လီဝူချင်မဟုတ်သေး။ လီဝူချင်၏ဖခင် လီဟောင်ချွန်း၏လက်ထက်တွင် ဖြစ်သည်။



သိုင်းလောကအတွက်ရော ပြည်သူများအတွက်ပါ ကြီးမားစွာ အန္တရာယ်ပေးနိုင်သည်ဟု သဘောပေါက်ထားသော နယ်စားကြီး လီဟောင်ချွန်းက မရဏလက်ဝါးစီးဖန်အား မြေအောက် အချုပ်ခန်းတွင် ဖမ်းဆီးချုပ်နှောင်၍ ထားခဲ့သည်။

ထိုအဖြစ်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်ရာ လီဟောင်ချွန်း ကွယ်လွန်သွား၍ လီဝူချင်က နယ်စားရာထူးဆက်ခံခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်သွားခဲ့ပြီ ဖြစ်သည်။

ယခုတိုင် မရဏလက်ဝါးစီးဖန်အဖို့ ပြန်လည်လွတ်မြောက်လာခြင်း မရှိသေးပါချေ။

'ကြည့်....ဒါဆို ဘွားဘွားက သမီးကိုအကူအညီတောင်းတဲ့ သဘောပေါ့ ဟုတ်လား'

ဘွားဘွားယိဖေး၏ စကားများကို စိတ်ဝင်တစားဖြင့် ငြိမ်သက်စွာ နားထောင်နေပြီးနောက် ယန်ဝေးချိက ပြန်မေးလိုက်သည်။

ထိုအခါ ဘွားဘွားယိဖေးက ဝန်ခံသည့်အလား ခေါင်းကို ညိတ်ပြသည်။

'ဟုတ်တယ်သမီး၊ နယ်စားရဲ့ မြေအောက်အချုပ်ခန်းက တော်ရုံလူဝင်ရောက်ဖို့ မလွယ်သလို ထောင်ချောက်တွေလဲရှိတယ်လို့ ဘွားဘွားကြားဖူးထားတယ်၊ ဒါကြောင့် အပြင်လူတစ်ယောက်အနေနဲ့ သိုင်းပညာ ဘယ်လောက်ထက်မြက်သည်ဖြစ်စေ ဝင်ကယ်ဖို့မလွယ်ဘူး၊ အဲ့... သမီးက နယ်စားရဲ့သား

ခက် ဖြစ်သွားရင်တော့ မြေအောက်ခန်းကို ဝင်ကယ်ဖို့က ဒီလောက် အခက်အခဲရှိတော့မှာ မဟုတ်ဘူး၊ ဘွားဘွား ပြောတာကို သမီးသဘောပေါက်ပြီ မဟုတ်လား'

'ဟုတ်ကဲ့ သဘောပေါက်ပါတယ်ဘွားဘွား၊ ဒါထက် ဒီလောက်နှစ်တွေကြာနေပြီဆိုတော့ ဘွားဘွားရဲ့ ခင်ပွန်းက မြေအောက်အချုပ်ခန်းထဲမှာ အသက်ရှင်လျက်မှ ရှိနေပါဦးမလား'

'သူက မာကြောပြီး အဆင့်မြင့်တဲ့ထိပ်တန်းသိုင်းပညာရှင်ကြီးတစ်ယောက်ပဲ၊ သမီးရဲ့ ဒါကြောင့်သူ့ကိုတစ်စုံတစ်ယောက်က အပြစ်ပေး သတ်ဖြတ်မပစ်မချင်းတော့ သူသေဦးမှာမဟုတ်ဘူး'

တောင်ကျွန်းဘွားဘွား ယီဖေးက ယုံကြည်မှုရှိသောလေသံမျိုးဖြင့် အခိုင်အမာပင် တို့ပြန်ပြောဆိုလာ၏။

တောင်ကျွန်းဘွားဘွားယီဖေးမှာ ငယ်စဉ်တတည်းကပြုစုစောင့်ရှောက်ခဲ့သူဖြစ်သည့်အပြင် သိုင်းပညာလည်း သင်ပေးထားသည်ဖြစ်၍ ယန်စေးချီမှာငြင်းဆိုရန်ခက်ခဲ၍ သွားလေသည်။

သို့သော် နယ်စားကြီး လီဗူချင်၏ သားမက်ဖြစ်ရန်မှာ လွယ်ကူလှသည်တော့မဟုတ်၊ ရေခဲနဂါးကြီးသတ်ဖြတ်ရန်ကျန်ရှိနေပေသေးသည်။



သို့ဖြစ်၍ ယန်စေးချီက ဘွားဘွားယီဖေးအား ပြန်ကြည့်လိုက်ကာ....

'ဒါပေမယ့် နယ်စားကြီးရဲ့သားမက်ဖြစ်ဖို့ ဆောင်ရွက်စရာကိစ္စတစ်ခုကျန်နေသေးတယ်ဘွားဘွားရဲ့'

'ဘာကိစ္စကျန်တာလဲ'

'ရေခဲနဂါးကို သတ်ပေးဖို့လေ'

'ရေခဲနဂါးသတ်ပေးဖို့'

'ဟုတ်ပါတယ်ဘွားဘွား'

ထို့နောက် ယန်စေးချီက နယ်စားကြီးလီဗူချင်နှင့် ပြောဆိုခဲ့သည်များကို တောင်ကျွန်းဘွားဘွား ယီဖေးအား ပြန်ပြောပြလိုက်၏။

သူမ၏ဖခင်ဖြစ်သူ ခြသေ့နက် ယန်ဟူကျင်းကမူ စကားဝိုင်းထဲသို့ဝင်မပါချေ၊ အရက်ကိုအိုးလိုက် မော့သောက်ရင်းမှ ငြိမ်သက်စွာပင်နားထောင်၍နေခဲ့ပေသည်။

ဘွားဘွားယီဖေးမှာ သူ၏ဆရာ ဖြစ်သောကြောင့် ဘွားဘွားယီဖေးပြောသမျှကို ချင်းချက်မရှိ ထောက်ခံလိမ့်မည်ဟု ယန်စေးချီ အလိုလိုတွက်ဆမိပြီးဖြစ်လေသည်။

'အင်း....ဒီအတွက်သမီးကို နယ်စားက အချိန်ကာလဘယ်လောက်သတ်မှတ်ပေးလိုက်သလဲ'

'ဒီလိုတော့ သက်မှတ်မပေးလိုက်ပါဘူး ဘွားဘွား။ နယ်စားကြီးက မြေခဲနဂါးရဲ့ ခေါင်းကိုဖြတ်ပြီးယူလာရင် ပေးစားမယ်လို့ပဲပြောလိုက်တာပါ'

'မဆိုးပါဘူး သမီးက မြေခဲနဂါးကိုသွားပြီး နှိမ်နင်းလိုက်ပေါ့၊ ဒါဆိုနယ်စားကြီးရဲ့သားမက်ဖြစ်သွားမယ်'

ဘွားဘွားယိဖေး၏ စကားကြောင့် ယန်ခေစ်ချိမှာ ရယ်ရမလိုငိုရမလိုဖြစ်သွားသည်၊ တော်တော်အားကိုးရသည့် ဘွားဘွားယိဖေးပင်။

မြေခဲနဂါးကြီးကို သွားနှိမ်နင်းလိုက်ပါ။

ဒါဆိုနယ်စားကြီး၏သားမက်ဖြစ်သွားမည်တဲ့၊ မြေခဲနဂါးကြီးကို ဝါကူညီပြီး နှိမ်နင်းပေးမည်ဟုတော့ တစ်ခွန်းမျှပင် မပြောခဲ့ပါချေ။

မြေခဲနဂါးကို နှိမ်နင်းရန်မှာ တီကောင်ဖမ်းသကဲ့သို့လွယ်ကူလိမ့်မည်ဟု မှတ်ထင်နေသလားမပြောတတ်ပါချေ။

သို့သော် ဖခင်ဖြစ်သူ၏ ဆရာဖြစ်သလို သူ၏အဘွားဘွားလည်းဖြစ်သောကြောင့် ယန်ခေစ်ချိမှာ ထိုစကားများကိုမူ နှုတ်မှပြန်မပြောရဲခဲ့ပါချေ။

စိတ်ထဲမှာပင်ကြိတ်၍ ပြောလိုက်ရလေသည်၊

နှုတ်က မူ....



'ဟုတ်ကဲ့၊ ကောင်းပါပြီ ဘွားဘွား မြေခဲနဂါးကြီးကို နှိမ်နင်းနိုင်အောင် သမီးအစွမ်းကုန်ကြိုးစားပါ့မယ်၊ ကြော် ဒါတက်ဘွားဘွားကိုပြောဦးမယ်'

'ဘာလဲသမီး'

'သမီးနယ်စားဆီက ထွက်လာတော့ ဘယ်သူနဲ့တွေ့တယ်ထင်သလဲ'

'သမီးရဲ့မေမေကို သတ်သွားတဲ့တရားခံ ပျံလွှားခေါ် ဝမ်ကောလီနဲ့သွားတွေ့တယ်ဘွားဘွားရဲ့'

'ဟုတ်လား'

'ဟုတ်တယ်'

ထို့နောက် ယန်ခေစ်ချိက သူမရ အိုင်၍မနိုင်ဘဲ ရှိခဲ့သည့် ဖခင်ဖြစ်သူ ယန်ဟူကျင်း ရောက်လာပြီး တိုက်ခိုက်သောကြောင့်ဒဏ်ရာရပြီး ထွက်ပြေးသွားခဲ့သည်များကို ပြန်ပြောင်းပြောပြလိုက်သည်။

'သမီးက တစ်ခါတည်းကို သတ်ပစ်လိုက်ချင်တာ ဖေဖေက ထွက်ပြေးတဲ့နောက် လိုက်မလိုက်လို့ အားမလိုအားမရဖြစ်ခဲ့ရသေးတယ်'

'ဒါကြောင့်သမီးကို ကျွန်တော်ပြောခဲ့ပါတယ်၊ ဘွားဘွားယိဖေး ဝမ်ကောလီက ကျွန်တော်တို့ လက်ခုပ်ထဲကရေပါ။ အချိန်မရွေးချွင်းပစ်လို့ရပါတယ်လို့'

'ဟုတ်သားပဲ သမီးရဲ့ မင်းအဖေပြောတာ မှန်ပါတယ်၊ ပျံလွှားမား ဝမ်ကောလီကို ရှင်းပစ်ဖို့ ဘာဘာမှမခက်ခဲပါဘူး။ သမီးကိုယ်တိုင်ရှင်းပစ်ချင်တယ်၊ ကလဲ့စားချေချင်တယ်ဆိုရင် သိုင်းပညာမြင့်မားအောင် ကြိုးစားပါဟုတ်သား'

'ဟုတ်ကဲ့ပါ ဘွားဘွား မှန်တဲ့အတိုင်း ဝန်ခံရမယ်ဆိုရင် ဟော့မေမေ့အတွက် သမီးကိုယ်တိုင်ပဲ့ ကလဲ့စားချေချင်ပါတယ်'

ယန်စေးချိုက သူမ၏ရင်ထဲတွင် ရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်းပင် ထုတ်ပြောပြလိုက်ရာ တောင်ကျွန်းဘွားဘွား ယီဖေးရော ဖခင်ဖြစ်သူ ခြသော့နက် ယန်ဟူကျွင်းကပါ ကျေနပ်သွားသည့်အလား ပြုံး၍ခေါင်းညိတ်ကြ၏။

ဘာပဲပြောပြော ယခုလောလောဆယ်တွင် ပျံလွှားမား ဝမ်ကောလီကို ကလဲ့စားပြန်ချေရန်အတွက် ရေခဲနဂါးကို ရှင်းပစ်ရန်ကိစ္စကိုသာ ပို၍ဦးစားပေးရမည် ဖြစ်နေသည်။

ရေခဲနဂါးကို နှိမ်နင်းရန်မှာ ပိုအရေးကြီးသော ကိစ္စဟု အားလုံးက ယူဆထားကြသည်မဟုတ်ပါလား။

## (၁၈)

ခြသော့နက်ယန်ဟူကျွင်းကား နှစ်ပေါင်းနှစ်ဆယ်နီးပါးမျှ တောင်ကျွန်းတွင် သွားရောက်ပုန်းအောင်းနေရာမှ ပြသမကို ပြန်လည်ခြေချမိသည်တွင် မူလဇာတိရုပ်က ပြန်လည်ပေါ်လွင်၍လာခဲ့လေ၏။

သို့ဖြစ်၍ ယန်ဟူကျွင်းက ဒုစရိုက်မှုတွင်ပျော်မွေ့သော အနက်ရောင်သိုင်းလောကသားများကိုစုစည်း၍ ခြသော့ဟူသော အနက်ရောင်သိုင်းဂိုဏ်းတစ်ခုကို ချက်ချင်းပင် ထူထောင်လိုက်လေ၏။

ယခုအခါတွင် သူ၏ဘေးနား၌ ထိပ်တန်းသိုင်းပညာရှင်ကြီးတစ်ယောက်ဖြစ်သော တောင်ကျွန်းဘွားဘွား ယီဖေး

လည်းရှိနေပြီဖြစ်သောကြောင့် ပိုမို၍ပင် မာန်တက်၍နေခဲ့သ
သည်။

နောက်တော့ ခြင်္သေ့နက်ယန်ဟူကျင်း ဦးဆောင်သော
ခြင်္သေ့နက်သိုင်းဂိုဏ်းမှာ လုယက်မှုတိုက်ခိုက်မှုများကို စတင်
ကျူးလွန်ခဲ့ကြလေ၏။

တံသတင်းများကား ဘုရင်ဧကရာဇ်၏နေပြည်တော်ဆီသို့
တိုင်ပေါက်ကြားသွားခဲ့သည်၊ ထိုအခါ ဘုရင်မင်းမြတ်က
အလွန်ယုံကြည်စိတ်ချ အားကိုးရသော လက်ရွေးစင်တပ်မှ
တပ်မှူးတစ်ဦးကိုခေါ်၍ တာဝန်ပေးခဲ့သည်။

ထိုတပ်မှူးကား ဓားသိုင်းပညာထူးချွန်မှုကြောင့် ငွေဓား
ဟိုးဖေကျန်ဟု အမည်ရသော တပ်မှူးလေးပင်ဖြစ်၏။

မှန်ပါသည်၊ ဟိုးဖေကျန်ကား အသက်သုံးဆယ်ကျော်ရုံ
ရှိသေးသော လူရွယ်တပ်မှူးတစ်ယောက်ပင်ဖြစ်၏။

ဥစ္စာရှိခြင်း၊ ရဲရင့်ခြင်း၊ သိုင်းပညာထက်မြက်ခြင်းစသော
အရည်အချင်းများကြောင့် အသက်ကြီးသော အခြားတပ်မှူးများ
ထက်ပင် ဘုရင်မင်းမြတ်၏အားကိုးလေးစားမှုကို ရယူထားနိုင်
ခြင်းဖြစ်၏။

'တပ်မှူး'

'ရှိပါတယ် အရှင်မင်းကြီး'

'မင်းကို ကျုပ်ခေါ်ရတာက တာဝန်ပေးစရာရှိလို့ပဲ'



'အမိန့်ရှိပါ အရှင်မင်းကြီး'

'နှစ်ပေါင်းအတော်ကြာကြာ တိမ်မြုပ်ပျောက်ကွယ်နေတဲ့
ခြင်္သေ့နက်ဂိုဏ်းက အခု ပြန်ပြီးပေါ်လာနေပြီ'

'ကျွန်တော်မျိုး ဘယ်လိုတာဝန်မျိုးကို ထမ်းဆောင်ရမှာ
ပါလဲ အရှင်မင်းကြီး'

ငွေဓား ဟိုဖေကျန်ကမေးလိုက်ရာ ဘုရင်မင်းမြတ်က....

'အင်း...မင်းတစ်ယောက်တည်းနဲ့ သူတို့ဂိုဏ်းကြီးတစ်ခု
လုံးကို နှိမ်နင်းဖို့ကတော့ မလွယ်လှဘူး၊ ဒီတော့ မောင်မင်း
က ခြင်္သေ့နက်ဂိုဏ်းရဲ့ ဌာနချုပ်ကစပြီး ပြည့်ပြည့်စုံစုံ သိရ
အောင် အရင်စုံစမ်းပါ၊ သိရပြီဆိုတော့မှ ပြန်လာပြီး သတင်း
ပို့၊ နောက်တော့ ကိုယ်ရံတော်တပ်နဲ့ သွားပြီးနှိမ်နင်းရမယ်
ဟုတ်ပြီလား'

'မှန်လှပါ အရှင်မင်းကြီး၊ ကျွန်တော်မျိုး အသက်နဲ့လဲ
ပြီးတော့ကို ဒီတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပေးပါ့
မယ်'

'မင်းကို ငါယုံကြည်ပြီးသားပါ၊ မင်း ဒီနေ့ခရီးစထွက်
တော့'

'အမိန့်တော်အတိုင်းပါပဲ'

'ကြော်...မင်းက သွားပြီးစုံစမ်းရမှာဆိုတော့ တပ်မှူး
တစ်ယောက်ပုံစံမျိုးနဲ့ သွားလို့မရဘူးနော်၊ သာမန်သိုင်းလော
ကသားတစ်ယောက် ပုံစံမျိုးနဲ့ သွား၊ ကြားလား'

'အမိန့်တော်မြတ်အတိုင်းပါပဲ အရှင်မင်းကြီး'

ကောရဲ ဇ်ဘုရင်မှ အမိန့်တော်မြတ်ချမှတ်ထားပြီးဖြစ်သော ကြောင့် တပ်မှူးလေးတစ်ဦးဖြစ်သော ငွေဓားဟိုဖေကျန် တွေဝေ၍မနေတော့ပါချေ။

ထိုနေ့ ညနေခင်းမှာပင် အရပ်သားတစ်ယောက်ပမာဝတ် ဆင်၍ နန်းတော်မှ ထွက်ခွာ၍လာခဲ့၏၊ ခြသေ့နက်ဂိုဏ်းအ ကြောင်း စုံစမ်းကြည့်ရာ ဟိုပေပြည်နယ်တစ်ဝိုက်နှင့် စီချွမ် ပြည်နယ်ဝန်းကျင်တွင် တိုက်ခိုက်လုယက်မှုများကျူးလွန်လေ့ ရှိသည်ဟူသော တန်ဖိုးရှိသည့်သတင်းတစ်ခုကို ဟိုဖေကျန် ရရှိခဲ့၏။

သို့ဖြစ်၍ ဟိုဖေကျန်က အချိန်ဖြုန်းမနေတော့ဘဲ စီချွမ် ပြည်နယ်ကိုသာ ဦးတည်၍ ထွက်ခွာလာခဲ့သည်။

ခြသေ့နက်ဂိုဏ်းမှာ စီချွမ်ပြည်နယ်နှင့် ဟိုပေပြည်နယ် တစ်ဝိုက်တွင်သာ အခြေချပုန်းအောင်းနေကြခြင်း ဖြစ်ပါက သူခြေရာခံစုံစမ်းရန် ထင်သလောက်ခက်ခဲမည်မဟုတ်ပါချေ။

ကံတရားကား ဆန်းကြယ်လှသည်၊ သူ့အတွက် ကံကောင်း သည်ဟု ဆိုရလေမည်လား၊ ကံဆိုးခြင်းဟု ဆိုရလေမည်လား မပြောတတ်။

စီချွမ်ပြည်နယ်မှ မြို့လေးတစ်မြို့ကို အရောက်မှာပင် တော အုပ်တစ်ခုအတွင်းသို့အဖြတ် ကုန်သည်များအား လုယက်နေ သည့် ဝတ်စုံနက်အဖွဲ့တစ်ဖွဲ့နှင့် ရင်ဆိုင်တိုးခဲ့ခြင်းပင်ဖြစ်လေ သည်။



'ဟင်....'

ဝတ်စုံနက်များ၏ အင်အားက ဆယ်ယောက်ခန့်မျှသာရှိ သည်၊ သိုင်းပညာ တတ်ဟန်မတူသည့် ကုန်သည်တစ်စုတို့မှာ မြေပြင်တွင် ကြောက်ကြောက်လန့်လန့်နှင့် စုပြီးထိုင်နေကြ သည်ကိုတွေ့ရ၏။

ဝတ်စုံနက်များက မြင်းလှည်းပေါ်မှ ပစ္စည်းများကို ရယ် မောလျက် မြေပြင်ပေါ်သို့ ချနေသည်ကို မြင်လိုက်ရသည်တွင် တပ်မှူးလေး ဟိုဖေကျန်က တုံ့ဆိုင်းမနေတော့ပေ။

ထိုနေရာသို့ခုန်လွှားသွားပြီး အော်ဟစ်ဟန့်တားလိုက်လေ သည်။

'ဟေ့ လူတွေ ရပ်လိုက်ကြစမ်း'

'ဟင်....'

မမျှော်လင့်သည့် ဟန့်တားသူရောက်လာ၍ ပျော်ကမြူး မြူးဖြစ်နေကြသည့် ဝတ်စုံနက်များမှာ ရှိုးတိုးရှန့်တန့်ဖြစ် ကုန်ကြ၏။

ပြီးလျှင် သူ့ကို မကြည်မလင်မျက်နှာများနှင့် ကြည့်လာ ကြ၏။

ဟိုဖေကျန်မှာ သာမန်အရပ်သားတစ်ယောက်သို့ ဝတ်ဆင်ထားသောကြောင့် တပ်မှူးတစ်ယောက်ဟု ရိပ်စားမိကြပုံမရပါချေ။

သို့သော် လက်ထဲတွင် ဓားရှည်တစ်လက်ကိုင်ဆောင်ထားသောကြောင့် သိုင်းလောကသားတစ်ယောက်ဟုသာ တွက်ဆမိကြပုံရ၏။

'ခင်ဗျားက ဘယ်သူလဲ'

'ကျုပ်က မကောင်းသူပယ် ကောင်းသူကယ်တဲ့ သိုင်းလောကသားတစ်ယောက်ဆိုပါတော့'

'ဪ...ဘယ်တင်ရှင် လူစွမ်းကောင်းကြီး တစ်ယောက်ပါလား'

'ကျုပ်က ကိုယ့်ကိုယ်ကို လူစွမ်းကောင်းလို့တော့ မယူဆပါဘူး၊ ဒါပေမယ့် ဘယ်လိုလူစားမျိုးကိုမှ ရင်ဆိုင်ဖို့တော့ ဝန်မလေးဘူး'

ဟိုဖေကျန်က အေးစက်သည့်အသံနှင့် ရဲရင့်စွာ ပြန်ပြောလိုက်သည်။ မည်သို့ပင်ဖြစ်စေ သူက တစ်ယောက်တည်းမျှသာ ဖြစ်သောကြောင့် ဆယ်ယောက်ကျော်ကျော်ခန့်ရှိသော ဝတ်စုံနက်များက ကြောက်လန့်တကြားတော့ ဖြစ်မသွားကြပါချေ။



ဝတ်စုံနက်များထဲမှ ခေါင်းဆောင်ဖြစ်ပုံရသည့် အသက်ဗိုကြီးသူက ပမာမခန့်ပြုံးရင်း ပြန်ပြောလာ၏။

'မင်းပြောတဲ့အသံ ကြားရတာတော့ လေးစားလောက်စရာပဲ၊ ဒါပေမယ့် မင်းခု ရင်ဆိုင်နေရတာဟာ ခြင်္သေ့နက်ဂိုဏ်းဆိုတာရော သတိထားမိရဲ့လား'

'ခြင်္သေ့နက်ဂိုဏ်းဖြစ်တာနဲ့ ကျုပ်က ဂရုစိုက်ရမှာလား...ခြင်္သေ့မကလို့ ကျားနက်ပဲဖြစ်ဖြစ် ကျုပ်ဂရုမစိုက်ဘူး'

'မင်းလေသံက တယ်မြင့်ပါလား...မင်းဘယ်သူလဲ'

'ခင်ဗျားကရော ဘယ်သူလဲ'

'ငါက ခြင်္သေ့နက်ဂိုဏ်းရဲ့ လက်ထောက်ဂိုဏ်းချုပ် ကျားလိပဲ'

'ဟန်ကျတာပေါ့၊ ကျုပ်က ဒီလိုအဆင့်မြင့်တဲ့ လူမျိုးနဲ့မှ ရင်ဆိုင်ချင်တာ'

အလျဉ်းဂရုစိုက်သည့်လေသံမျိုးနှင့် တပ်မှူး ဟိုဖေကျန်က ပြန်ပြောလိုက်ရာ ခြင်္သေ့နက်ဂိုဏ်း၏ လက်ထောက်ဂိုဏ်းချုပ် ကျားလိမှာ ဒေါသအိုးပေါက်ကွဲသွားပုံရ၏။

'တောက်...ဒေါသလုံးထွားသွားတဲ့ကောင်ကို ငရဲပို့ပေးလိုက်ကြစမ်း'

ခြသေ့်နက် ဂိုဏ်းသားများကလည်း တို့ဆိုင်းမနေကြပါချေ၊ လက်ထောက်ဂိုဏ်းချုပ် ကျူးလီ၏ အမိန့်ပေးသံအဆုံးတွင် ပြိုင်တူလိုလိုပင် သူ့ကို ဝင်ရောက်တိုက်ခိုက်လာကြလေသည်။

'ကျား'

'ယား'

'သေပေတော့'

'ဟိတ်'

သို့သော် ဘုရင်၏ လက်ရွေးစင် ကိုယ်ရံတော်တပ်မှ တပ်မှူးလေးဖြစ်သည့် ငွေဓား ဟိုဖေကျုန်ကိုမူ ထိုမျှလောက် လွယ်ကူစွာ အနိုင်ယူဖို့ မဖြစ်နိုင်ပါချေ။

ထိပ်တန်းသိုင်းပညာရှင် တစ်ယောက် အဆင့်တွင်ရှိသော ငွေဓား ဟိုဖေကျုန်က ယှက်ဖြာကျလာသည့် ဓားချက်များကို ဝှေ့ယမ်းဓားချက်ဖြင့် ပက်ထုတ်ပေးလိုက်၏။

'ထန်'

'ဟာ....'

အားပါသည့် ပက်ထုတ်ကာကွယ်ပေးမှုကြောင့် ခြသေ့်နက်ဂိုဏ်းသားများ ဖရိုဖရဲဟန်ချက်ပျက်ကုန်တော့မှ လွှားခနဲခုန်ဝင်၍ ဓားရှည်ကိုဝိုက်ဆွဲတိုက်ခိုက်လိုက်၏။



'ရှင်'

'အား....အီး....အူး'

ဓားချက်တစ်ချက်တည်းဖြင့်ပင် ခြသေ့်နက်ဂိုဏ်းသား သုံးယောက်လဲကျသွားခဲ့၏။

ငွေဓားဟိုဖေကျုန်၏ တိုက်ခိုက်မှုက ထိုမျှလောက်ဖြင့် ရပ်တန့်မသွားခဲ့ပါချေ။

လေထဲသို့ ခုန်တက်ကာ ဘယ် ညာ ခြေအစုံကို ဆန့်ထုတ်လိုက်သည်တွင်....,

'ရှုန်း'

'အွန့်'

ရန်သူနှစ်ယောက် ခြေကန်ချက်များကြောင့် မြေပြင်ပေါ်သို့ လွင့်စင်လဲကျသွားခဲ့ရပြန်သည်။

တိုတောင်းလှသော အချိန်အတွင်းမှာပင် ငါးယောက်တိတိလဲကျသွားသောကြောင့် ကျန်ခြသေ့်နက် ဂိုဏ်းသားများမှာ အနည်းငယ်ရွံ့တွန့်တွန့် ဖြစ်သွားကြ၏။

ထို့အတူ ထင်မှတ်မထားအောင် သိုင်းပညာစွမ်း ပြသွားခြင်းကြောင့် လက်ထောက်ဂိုဏ်းချုပ် မြေခွေးကျူးလီဆိုသော

လူကြီး၏မျက်နှာမှာလည်း အံ့သြဟန်များ အထင်းသားပေါ်လွင် ထင်ဟပ်လှ၏။

'မင်းရဲ့သိုင်းပညာက ဘယ်ဆိုးလို့လဲ၊ ဒါကြောင့်လေသံက မြင့်နေတာကိုး'

'ဟုတ်တယ် သူတို့ကို မခိုင်းပါနဲ့ဦးလေ၊ သတ္တိရှိရင် ခင်ဗျား ကိုယ်တိုင် ယှဉ်ကြည့်ပါလား'

'ကောင်းပြီ မင်းသတိသာထားနေပေတော့'

ကျူးလီက ပြောပြီးသည်နှင့် တစ်ပြိုင်နက် တိုက်ခိုက်မှုကို စတင်လာ၏။

လက်ထောက်ဂိုဏ်းချုပ်တစ်ယောက်ဖြစ်သည့် အားချော်စွာ ကျူးလီ၏သိုင်းပညာကား မဆိုးလှချေ။

စောစောက သူရင်ဆိုင်ခဲ့ရသော သာမန်ဂိုဏ်းသားများထက် ပိုမြန်ပြီး ပိုသည်းတိကျ၏၊ သို့သော် တပ်မှူးလေး ငွေခါးဟိုဖေးကျန်ကလည်း ခေသူမဟုတ်ပါချေ။

မိုးကြိုးကျရောက်လာသော အားပါသည့် ခေါ်ချက်များကို ဘယ်ညာခြေတစ်လှမ်းစီဆုတ် ရှောင်ပေးလိုက်၏။

ပြီးမှ ရှေ့ကို ဆက်လက်လှမ်းတက်လာမည့် ကျူးလီ၏ ပေါင်ကြားသို့ ခြေဦးထိုးသွင်းပေးလိုက်ရာ ကျူးလီမှာလှမ်း



မတက်လာတော့ဘဲ နောက်သို့ အူလျားဖားလျား ပြန်ဆုတ်ပေးသွားရ၏။

ထိုနောက်မှာတော့ ငွေခါးဟိုဖေကျန်နှင့် ခြသေ့်နက်လက်ထောက်ဂိုဏ်းချုပ် ကျူးလီတို့ အားမာန်ပါပါ ဆက်လက်ရင်ဆိုင်တိုက်ခိုက်ကြ၏။

အသက်ငါးဆယ်ကျော်ရှိမည်ဖြစ်သည့် ကျူးလီ၏ အတွေ့အကြုံက သူ့ကက်တော့ ပိုများကောင်းနိုင်သည်။

သို့သော် သိုင်းပညာတွင်မူ သူ့ကိုလုံးဝမမှီပါချေ၊ သို့ဖြစ်၍ ခါးလယ်မှဖြတ်သိမ်းခုတ်လာသော ခေါ်ချက်ကိုရှောင်ပြီး ဟိုဖေကျန်က ကန်ချက် တုတ်လိုက်သည်တွင်....

'ဝုန်း'

'အ ့ နိုး'

ခြသေ့်နက် လက်ထောက်ဂိုဏ်းချုပ် ကျူးလီမှာ ကန်ချက်ကြောင့် မြေပေါ်သို့လွင့်စဉ်လဲကျသွား၏။

ရင်ဘတ်ကို တည့်မတ်စွာ ကန်မိသွားသည်ဖြစ်၍ သေလောက်သည်မဟုတ်သည့်တိုင်၊ ကျူးလီမှာအတော်တော့ နာကျင်သွားဟန် တူ၏။

ပြန်လူးလဲထလိုက်သော်လည်း မျက်နှာကမူ ရှုံ့မဲ့၍ နေသည်။

'ခင်ဗျား ကျုပ်ကိုယှဉ်လို့မရပါဘူး ကျူးလီ၊ ခင်ဗျားတို့ကို ကျုပ်ဖမ်းခေါ်ပြီး နယ်စားလက်ကို အပ်ရလိမ့်မယ်'

'တော်စမ်း လွယ်လွယ် လျှောက်ပြောမနေနဲ့ တိုက်ပွဲက မပြီးသေးဘူး၊ ဝင်တိုက်ကြစမ်း'။

* * *

( ၁၉ )

လက်ထောက်ဂိုဏ်းချုပ် ကျူးလီက ဒဏ်ရာရမထားသေးသော ခြင်္သေ့နက် ဂိုဏ်းသားများအား အမိန့်ပေးလိုက်သည့်နည်းတူ သူကိုယ်တိုင်လည်း ဝင်ရောက်တိုက်ခိုက်လာ၏။

သို့သော် ငွေဓားဟိုဖေ ကျွန်က ပို၍ လျင်မြန်နေခဲ့ပေသည်။

'ရှပ်'

'ဒုတ်'

'အား'

'အီး'

ခေါးကို သွက်လက်စွာ ငေ့ယမ်းလိုက်သလို ခြေကန်ချက်များဖြင့်လည်း တိုက်ခိုက်လိုက်ရာ ခြသေ့်နက် ဂိုဏ်းသားများသာမက ကျူးလီကိုယ်တိုင်ပင် လက်မောင်းတွင် ဓားချက်တစ်ချက် ထပ်ထိခံသွားခဲ့ရ၏။

ဤပုံစံအတိုင်းဆိုလျှင်တော့ လက်ထောက်ဂိုဏ်းချုပ် ကျူးလီကို သူလက်ရဖမ်းရန် မခဲယဉ်းတော့ဟုတွေးရင်း ငွေခေါးဟိုဖေကျန် ကျေနပ်သွား၏။

မူလကပင် သူ့ကို လက်ရည်တူမယှဉ်ပြိုင်နိုင်ခဲ့သော လက်ထောက်ဂိုဏ်းချုပ်ကျူးလီမှာ ယခုလိုဒဏ်ရာများ ရရှိသွားပြီဆိုလျှင် ပိုလို့ပင်အခြေအနေက ဆိုးရွားသွားပေတော့မည်။

'ခြသေ့်နက်ဂိုဏ်းက ထင်သလောက် မဟုတ်ပါလား၊ ခင်ဗျားတို့က ခြသေ့်မဟုတ်တော့ဘူး၊ တီကောင်ဖြစ်သွားပြီ'

'ဒီစကားကို ပြောရဲရအောင် မင်းက ဘယ်လောက်သိုင်းပညာအဆင့် မြင့်နေလို့လဲ'

'ဟင်း'

မမျှော်လင့်ဘဲစကားသံတစ်သံပေါ်ထွက်လာသောကြောင့် ငွေခေါးဟိုဖေကျန် အံ့သြသွားစဉ်မှာပင် သူ့ရှေ့ကို တစ်စုံတစ်ယောက်က ခုန်လွှားရောက်ရှိလာ၏။

ကြည့်လိုက်ရာ ဆံပင်များဖြူဖွေးနေသော ဝတ်စုံနက်ဝတ်ထားသည့် အဘွားကြီးတစ်ယောက်ဖြစ်နေ၍ ဟိုဖေကျန် ပိုအံ့သြသွား၏။



'အဘွားက ဘယ်သူလဲ'

အသက်အားဖြင့် ရှစ်ဆယ်ဝန်းကျင်ခန့်မျှ ရှိမည်ဖြစ်သောကြောင့် ဟိုဖေကျန်က တလေးတစားပင်မေးလိုက်၏။

ထိုအခါ ဝတ်စုံနက်ဝတ်ထားသည့် အဆိုပါအဘွားအိုက အေးစက်စွာပြုံးရင်းမှ...

'ငါ့ကိုဘယ်သူလဲ သိချင်လို့လား'

'ဟုတ်ပါတယ်ဘွားဘွား'

'ဒါဆိုလဲ ပြောပြရသေးတာပေါ့၊ ငါက တောင်ကျွန်းဘွားဘွား ယီဖေးပဲ'

'ဗျာ...'

သိုင်းလောကဗဟုသုတ အတော်အသင့်ပြည့်စုံသည့် ငွေခေါးဟိုဖေကျန်မှာ တောင်ကျွန်းဘွားဘွား ယီဖေးကိုမမြင်ဖူးသေးသည့်တိုင် နာမည်ကတော့ ကြားဘူးထားပြီး ဖြစ်လေသည်။

သိုင်းပညာအဆင့်မြင့်မားလွန်းသလောက် ရက်စက်သည်ဟု ကျော်ကြားနေသည့် သိုင်းဒေဝီတစ်ယောက်လည်းဖြစ်လေသည်။

တောင်ကျွန်းတွင်သာ အနေများပြီး ပြည်မသို့မလာရောက်သည်မှာ အတော်ကြာမြင့်ပြီဟု သိရ၏၊ ယခုတော့ ပြည်မကို

ရောက်ရှိသွားမက သူနှင့်ပင် ဆိုက်ဆိုက်မြိုက်မြိုက် မျက်နှာချင်း ဆိုင် သွားဆုံနေချေပြီ။

အနက်ရောင်သိုင်းဒေဝီတစ်ယောက်ဖြစ်၍ ပြည်မကို ရောက်လာခြင်းမှာ သိုင်းလောကအတွက် ကောင်းကျိုးထက် ဆိုးကျိုးသာ ပို၍ဖြစ်နိုင်မည်မှာ မြေကြီးလက်ခတ်မလွဲပင် သေချာ၍ နေ၏။

သို့သော် ငွေဓားဟိုဖေကျန်က အကင်းပါးသူတစ်ယောက် ပီပီ အမှန်ပင် မသိနားမလည်သည့် ပုံစံမျိုးဖြင့် မေးခွန်းထုတ် လိုက်၏။

'အော်... သိုင်းလောကမှာ နှစ်ပေါင်းများစွာကတဲ့ နာမည် ကျော်ကြားခဲ့တဲ့ သိုင်းဒေဝီတစ်ယောက်ပဲ၊ ခုလိုတွေ့မြင်ခွင့်ရ တဲ့အတွက် ဝမ်းသာပါတယ် ဘွားဘွား၊ ဒါထက် ဒီဂိုဏ်းက ဘွားဘွားနဲ့မပတ်သက်ဘူး ထင်ပါတယ်'

'ဒါဆိုရင်တော့ မင်းထင်တာက တက်တက်စင်အောင်လွဲ သွားပြီ'

'ဗျာ....'

'ဟုတ်တယ်... ခြေသေ့နက်ဂိုဏ်းရဲ့ ဂိုဏ်းချုပ် ခြေသေ့နက် ယန်တူကျင်းဟာ ငါ့ရဲ့တပည့်ရင်းတစ်ယောက်ပဲ၊ ဒါကြောင့် ခြေသေ့နက်ဂိုဏ်းရဲ့ရန်သူဟာ ငါ့ရန်သူပဲ'

'ဒီလိုမပြောပါနဲ့ ဘွားဘွား၊ ခြေသေ့နက်ဂိုဏ်းဟာ နာမည် ကြီး အနက်ရောင် သိုင်းဂိုဏ်းတစ်ခုဖြစ်ပါတယ်၊ ခုဟာကို



ဘွားဘွားမြင်တဲ့အတိုင်းပဲ....ခရီးသွားကုန်သည်တွေကိုပုဆက် တိုက်ခိုက်နေလို့ ကျွန်တော်ဝင်ပြီး ကူညီပေးရတာပါ'

ငွေဓား ဟိုဖေကျန်က ယခုတိုင် တစ်နေရာတည်းတွင်ငြိမ် သက်စွာ စုထိုင်နေကြဆဲ ဖြစ်သည့် ကုန်သည်တစ်စုကို လက်ညှိုး ထိုးပြကာ သူ့စကား ခိုင်မာမှန်ကန်ကြောင်း သက်သေထူ လိုက်၏။

သို့သော် ထိုစကားကြောင့် တောင်ကျွန်းဘွားဘွားယီဖေး ၏မျက်နှာကမူ လုံးဝပြောင်းလဲသွားခြင်းမရှိပေ။

ကြားရုံကြားသည့် စကားတစ်ခုကြားပုံရသည့်ပုံပင် ထူး မခြားနား ရှိနေရင်းမှ...

'ခြေသေ့နက်ဂိုဏ်းက အနက်ရောင် သိုင်းဂိုဏ်းဖြစ်တာ ဘာ ဖြစ်သလဲ၊ ငါကလဲ တစ်သက်လုံး အနက်ရောင်သိုင်းပညာရှင် တစ်ယောက်အဖြစ် ရပ်တည်နေခဲ့တာပဲကွ'

'ဘာပဲဖြစ်ဖြစ် အခုကိစ္စမှာတော့ ဘွားဘွားယီဖေး ဝင် မပါသင့်ဘူးလို့ထင်ပါတယ်'

'အဖိုးတွေလျှောက်ပြောမနေနဲ့၊ မင်းဒီကနေပြန်ထွက်သွား မယ်ဆိုရင် မင်းကို အသက်ချမ်းသာပေးလိုက်မယ်၊ မဟုတ် ရင်တော့ မင်းကိုငါက သက်ညှာမှာမဟုတ်ဘူး'

တောင်ကျွန်းဘွားဘွား ယီဖေးက ရှောင်ထွက်မသွားသည့် အပြင် သူ့ကိုပင်ပြန်နှင်ထုတ်လာသောကြောင့် ဟိုဖေကျန်ဒုက္ခ များသွား၏။

ဤပုံစံအတိုင်းဆိုလျှင်တော့ ခြင်္သေ့နက်ဂိုဏ်းဘက်မှ အတိအလင်းဝင်ကူမည့် အနေအထားမျိုး၌ရှိ၏။

ထိတ်ထိတ်ကြဲသိုင်းပညာရှင်ကြီးတစ်ယောက်ဖြစ်၍ တောင်ကျွန်းဘွားဘွား ယိဖေးအား သူရင်ဆိုင်မည်ဆိုလျှင် အရေးနိမ့်ရန်ကား သေချာသလောက်ရှိနေ၏။

သို့သော် ရဲရင့်သော တပ်မှူးတစ်ယောက် ဖြစ်သည့်အပြင် ခြင်္သေ့နက်ဂိုဏ်းသားများ၏ရှေ့တွင် နောက်ဆုတ် ရှောင်လွှဲသွားရမည့်အရေးကိုလည်း မလိုလားသောကြောင့် ဟိုဖေကျန်းက မာန်တင်း၍ပြောလိုက်၏။

'အကယ်၍ ကျွန်တော်က ဒီကနေ ထွက်မသွားဘူးဆိုရင်ရော....'

'ဒါဆိုရင်တော့ မင်းကို ငါက ငရဲပို့ပေးရလိမ့်မယ်'

'ခင်ဗျားက တတ်နိုင်လို့လား'

'ဟား....ဟား....ဟား.... မင်းလိုလူတစ်ယောက်ကို ငါက ဂရုစိုက်ရမှာလား၊ ကဲ....လာပြီ'

တောင်ကျွန်းဘွားဘွားယိဖေး၏ လှုပ်ရှားမှုကား သူမျှော်လင့်ထားသည်ထက်ပင် များစွာပိုမိုလျင်မြန်၍ နေပေသေး၏။

ရိပ်ခနဲသာမြင်လိုက်ရပြီး သူ့ရှေ့ကိုရောက်လာသဖြင့် တပ်မှူးလေး ဟိုဖေကျန်းမှာ ဓားဖြင့် လျှပ်တစ်ပြက် ခုတ်ချလိုက်သည်။



'ရော့'

'ဝှစ်'

ဓားချက်ကျရောက်လာသည့်တွင် ယိဖေးမှာ မူလနေရာတွင် မရှိတော့ဘဲ ဖြစ်နေသည်။ ထို့ကြောင့် ဓားချက်လေးငါးချက်ခန့်မျှ ဆက်တိုက်ဆိုသလိုပင် ပက်သွင်း၍ တိုက်ခိုက်လိုက်ပြန်သည်။

သို့သော် တောင်ကျွန်းဘွားဘွားယိဖေးက မည်သို့တိမ်းရှောင်လွှားသည်ပင် မပြောတတ်ချေ။

သူ၏ဓားချက်အားလုံးမှာ ဘွားဘွားယိဖေး၏ အသားကို မဆိုထားနှင့် အ[illegible]အဝတ်အစားကိုမျှပင် ထိအောင်မခုတ်နိုင်ခဲ့ပါချေ။

သူ၏ဓားချက်တိုင်းလိုလိုမှာ လေထဲတွင်သာ အချည်းနှီး ဖြစ်သွားခဲ့ရလေသည်။

ဘွားဘွားယိဖေး၏ သိုင်းပညာနှင့် အတွင်းအားကို အသာထား။

ကိုယ်ဖော့ပညာကပင်လျှင် ထိပ်တန်းအဆင့်တွင်ရှိနေသည်ဟု ဟိုဖေးကျန်း နားလည်ခွင့်ရလိုက်ပေသည်။

'ဟိတ်'

'ဝှမ်း'

ထိုစဉ်မှာပင် ဘွားဘွားယိဖေး၏ လက်ဝါးရိုက်ချက် အဖိ ချက်က ကျရောက်၍လာသည်၊ ထိုလက်ဝါးချက် အသိခံလိုက် ရလျှင် တစ်ချက်တည်းနှင့် ဇာတ်သိမ်းသွားနိုင်သည်ဟု တွေးသ မိသောကြောင့် ဟိုဖေကျန်းက ကပျာကယာပင် နံဘေးကို ခုန်ထွက်၍ တိမ်းရှောင်ပေးလိုက်သည်။

သို့ဖြစ်၍ ဘွားဘွားယိဖေး၏လက်ဝါးချက်မှ လွဲချော်သွား သော်လည်း ထိုလက်ဝါးချက်ကြောင့် ဖြစ်ပေါ်လာသောလေ လှိုင်းအားကမူ သူ့ကိုရိုက်ခတ်၍ သွားပေသေးသည်။

ထိုလက်ဝါးချက်သာ ထိခံလိုက်ရပါက နန်းတော်သို့ သူပြန်ရောက်နိုင်စရာ အကြောင်းမရှိတော့ပါချေ။

ထို့နောက် အမှန်တရားကို မြတ်နိုးသူဖြစ်သည့်အပြင် ဘု ရင်မင်းမြတ်၏ ယုံကြည်အားထားမှုခံရသော တပ်မှူးကောင်း တစ်ယောက်ဖြစ်သည့်အားလျော်စွာ တောင်ကျွန်းဘွားဘွား ယိဖေးအား ဟိုဖေကျန်းက ပညာကုန်သုံး၍ တိုက်ခိုက်ခဲ့ သည်။

မှန်ပါသည်။

စောစောပိုင်းက အသက်ကြီးသောအဘွားအိုတစ်ယောက် ဖြစ်၍ ရင်ဆိုင်တိုက်ခိုက်ရာတွင် ဟိုဖေကျန်း စိတ်မလုံသလို ခံစားရ၍ တမင်လက်ပင် ထိန်း၍တိုက်ခိုက်ခဲ့၏။



သို့သော် တဖြည်းဖြည်းနှင့် ထိုအတွေးမှာ လွင့်ပျက်ပျောက် ကွယ်၍သွားခဲ့လေ၏၊ တောင်ကျွန်းဘွားဘွား ယိဖေးကား အသက်ကြီးသော်လည်း မိုက်တွင်းနက်ဆဲဖြစ်သည့် အနက် ရောင်သိုင်းပညာရှင်ကြီးတစ်ယောက် ဖြစ်၍ သူ့ ထောက်ထား ညှာတာစရာအကြောင်းမရှိ။

ရန်သူကို ရန်သူဟုသာ သဘောထားသင့်ပေသည်၊ နောက် ပြီး ပြောမည်ဆိုလျှင် ဘွားဘွားယိဖေးမှာ သူ့ထက် အစစ အရာရာတွင်လည်း သာလွန်၍နေပေသေးသည်။

သို့ဖြစ်၍ သူက ညှာသိုသည်းနှင့်ချက်ချင်းမရှုမလှဇာတ် သိမ်းသွားရန် သေချာသလောက်ပင် ရှိနေသည်။

ထိုသို့ တွေးတောဆင်ခြင်မိသွားသည့်တွင် တပ်မှူးလေး ငွေခေါ်ဟိုဖေကျန်းက ရဲရင့်ပြတ်သားစွာဖြင့်ပင် ပညာကိုအ စွမ်းကုန်ထုတ်ကာ အနက်ရောင်သိုင်းဒေဝီ တောင်ကျွန်းဘွား ဘွားယိဖေးအား ပြင်းတန်စွာပင် တိုက်ခိုက်ခဲ့ပေသည်။

သို့သော် မည်မျှပင် အားအင်ထည့်သည်ဖြစ်စေ ရဲရင့်ပြီး သတ္တိကောင်းသည်၊ ဇွဲကောင်းသည်ဖြစ်စေ အစစအရာရာ တွင် မယှဉ်သာအောင် ကွာခြားနေသော တောင်ကျွန်းဘွား

ဘွားယိဖေးကိုမှ မည်သို့မျှ အသာစီးရအောင် မတိုက်ခိုက်နိုင်ခဲ့ပါချေ။

'ဟား....ဟား....ဟား....ဟား မင်းက ခြသ်ေ့နက်တွေက တီကောင်ဖြစ်ကုန်ပြီဆို၊ ဒီါဖြင့် မင်းကရော ဘာဖြစ်သွားပြီလဲ ပြောပါဦး'

တောင်ကျွန်းဘွားဘွားယိဖေးက ချေးပြန်နေသောသူ့ကို ကြည့်ပြီး လှောင်သံစွက်၍မေးလာ၏၊ တောင်ကျွန်းဘွားဘွားယိဖေး၏သိုင်းပညာကား သူလိုက်၍မမီအောင်ပင် မြင့်မားနေပြီဟု ဟုံဖေကျန် ကောင်းစွာနားလည်လိုက်ပြီဖြစ်၏။

ဘွားဘွားယိဖေးက လုံးဝပြန်မတိုက်ခိုက်ဘဲ ရှောင်တိမ်းပေးနေလျှင်ပင် ညနေစောင်းသည်အထိ သူ ထိမအောင်တိုက်ခိုက်နိုင်ဦးမည့်ပုံ မရှိချေ။

နောက်ဆုံး ခြေကုန်လက်ပန်းကျပြီး ပုံလျက်သား လဲကျသွားနိုင်စရာပင် အကြောင်းရှိပေ၏၊ ထို့ကြောင့် မိုက်ရူးရဲဆန်ခြင်းမရှိသော တပ်မှူးဟုံဖေကျန်က အခွင့်သာသည်နှင့် နေရာမှထွက်ပြေးရန် ဆုံးဖြတ်ချက်ချ၏။

'ကျုပ်ကို ဒီလောက်လျှော့မတွက်နဲ့ဦးလေ ဒီမှာကြည့်'



'ဝုတ်....ဝုတ်'

အကြမ်းရှိသော ခွေးဟုံဖေကျန်ကပြောရင်း ရုတ်တရက် ဆိုသလိုပင် တုံးဝင်တုံကိုက်ခိုက်လိုက်၏။

တောရှင်းသည့်ပမာပင် အောက်ခြေသိမ်း ခါးချက်များဖြင့် တရစပ်တုံကိုက်ခိုက်လိုက်ခြင်းဖြစ်၍ သိုင်းပညာမည်မျှပင် မြင့်မားသည်ဖြစ်စေကာမူ တောင်ကျွန်းဘွားဘွား ယိဖေး တစ်ယောက်နောက်ကို မလွဲမရှောင်သာ ဆုတ်၍တိမ်းရှောင်ပေးလိုက်ရ၏။

သည်တော့မှ ဟုံဖေကျန်က နေရာမှ တစ်ရှိန်ထိုးပင် ချာခနဲလှည့်ကာ ပြေးထွက်ခဲ့၏။

'ဒီလိုပြေးလို့ လွတ်ရိုးလား'

သူ ပြေးထွက်ခဲ့သည်တွင် တောင်ကျွန်းဘွားဘွား ယိဖေး၏ကြိမ်းဝါးသံကို ခပ်သဲ့သဲ့ကြားလိုက်ရ၏။

တစ်ဆက်တည်းမှာပင် သူ၏ဘယ်လက်ပြင် နေရာတွင်လည်း ဆစ်ခနဲခံစားလိုက်ရသည်၊ သည်မှာတင် တောင်ကျွန်းဘွားဘွား ယိဖေး၏ အဆိပ်လက်နက်ပုန်း စိုက်ဝင်ခြင်းခံ ပိုက်ရပြီဟု ဟုံဖေကျန် သဘောပေါက်လိုက်၏။

သို့သော် ဘာမှမတတ်သာတော့ပါချေ၊ လောလောဆယ်တွင်းလွတ်မြောက်ရန်သာပို၍အရေးကြီးနေသဖြင့် ဟုံဖေကျွန်က ပြေးထွက်မြဲသာ ဆက်လက်ပြေးထွက်လာခဲ့လေတော့၏။

* * *

# ( ၂၀ )

တောင်ကျွန်းဘွားဘွား ယီဖေးကား သူအသုံးပြုသော အဆိပ်လက်နက်ပေါ်တွင် ယုံကြည်မှုရှိဟန်တူသည်၊ နောက်မှပြေးလိုက်လာခြင်းမရှိချေ။

အကယ်၍ ပြေးလိုက်လာမည်ဆိုပါက တောင်ကျွန်းဘွားဘွားယီဖေး၏ ကိုယ်ဖော့ပညာက သူ့ထက်များစွာ ပိုမြင့်မားသောကြောင့် ချက်ချင်းပင်လိုက်မီသွားမှာ သေချာ၏။

မည်သို့ပင်ဖြစ်စေ ကိုယ့်ဘက်က လွတ်အောင်ထွက်ပြေးရန် တာဝန်ရှိနေသောကြောင့် တပ်မှုး ဟုံဖေကျွန်က မလျှော့ဘဲ

ပြေးလာခဲ့ရာ အတန်ကြာသည့်တွင် တောအုပ်ကိုလွန်ခဲ့ပြီး၍ လယ်ကွင်းပြင်ကြီးတစ်ခုကို ရောက်သွားသည်။

စိမ်းမြသောလယ်ကွင်းပြင်ကြီးကား မြင်းပိုက်ရသူ၏ ရင်ကိုအေးစေနိုင်စွမ်းရှိသည် ကား အမှန်ပင်။ သို့သော်....

ယခုလောလောဆယ်မှာတော့ ဟိုဖေကျန်မှာ ကိုယ့်အပူနှင့်ကိုယ်ဖြစ်နေ၍ အေးမြမှုကို ခံစားရန်လည်း အတိပင်မရခဲ့ပါချေ။

ထို့နောက် ဟိုဖေကျန်က သစ်ပင်တစ်ပင်အောက်တွင် ဝင်ထိုင်ကာ လက်ပြင်မှအဆိပ်အပ်ကို ခက်ခက်ခဲခဲပင် အတွင်းအားကိုသုံး၍ ညှစ်ထုတ်ပစ်လိုက်ရ၏။

ပြီးလျှင် အဆိပ်မနှံ့ပျံ့အောင် လိုအပ်သောသွေးကြောလေးတစ်ချို့ကိုလည်း ထိုးပိတ်လိုက်သည်။ သို့သော် ခေါင်းထဲတွင်မူ မူးလာသလိုဘဲ ရီဝေဝေခံစားလာရသောကြောင့် အဆိပ်များအတော်အတန် ပျံ့နှံ့သွားခဲ့ပြီ ဖြစ်ကြောင်း ရိပ်စားမိလိုက်သည်။

'အင်း...ခြင်္သေ့နက်ဂိုဏ်းအကြောင်း ဘာမှဟုတ်တိပတ်တိ စုံစမ်းမနေရသေးဘဲ အတွားကြီးအဆိပ်အပ်ကြောင့် ငါတော့ သိမ်းနေဘာ့မယ်ထင်တယ်'



ယောက်ျားကောင်းပီသသော အပ်မှူး ငွေခါးဟိုဖေးကျန်မှာ တုန့်လှုပ်ချောက်ချားသည် မဟုတ်သော်လည်း စိတ်ပျက်အားငယ်သွားမိသည်ကတော့ အမှန်ပင်ဖြစ်သည်။

ထို့နောက် ငွေခါးဟိုဖေကျန်က ကိုနေရာမှထကာ လယ်ကွင်းများကိုဖြတ်၍ ဆက်လျှောက်လာခဲ့သည်။

အတန်ကြာ လျှောက်မိသည့်အခါ ယာတဲပျက်ကြီးတစ်လုံးကို သွားတွေ့သည်။ ထိုကြောင့် အဆိုပါ ယာတဲပျက်ကြီးတွင် ခေတ္တအနားယူလျှင် အဆိပ်များ ပြန့်နှံ့ခြင်းနည်းသွားလေမလားဟူသောမျှော်လင့်ချက်ဖြင့် ခြေလှမ်းများက ယာတဲပျက်ဆီသို့ ဦးတည်လျှောက်သွားမိ၏။

ယာတဲပျက်ဆိုသော်လည်း အတော်ပင် ကြီးမားပြီး သစ်ကောင်းဝါးကောင်းများဖြင့် သေသေချာချာဆောက်ထားခြင်းကြောင့် သစ်လွင်မှုမရှိတော့သည့်အပိုင်း တောင့်တင်းခိုင်ခံ့ဆဲ ဖြစ်သည်ကို အနားရောက်သည့်အခါ ဟိုဖေကျန်တွေ့လိုက်ရ၏။

တစ်ခါတစ်ရံတွင် ခရီးသွားများ မကြာခဏ ညအိပ်ညနေ ဝင်ရောက်နားခိုလေ့ရှိသော ယာတဲဖြစ်၍ တဲအတွင်းတွင်လည်း အတော်အသင့်သန့်ရှင်းသပ်ရပ်နေသည်ကို တွေ့လိုက်ရသည်။

အချိန်ကား နေပင်စောင်းစပြုနေချေပြီ၊ သို့ဖြစ်၍တစ်ညတာအတွက်တော့ ဤယာတဲပျက်သည်ပင်လျှင် သူ့အတွက် အကောင်းဆုံးသော နားခိုစရာ ဧည့်ဂေဟာ ဖြစ်သင့်သည်ဟု ဟိုဖေကျန်ယူဆလိုက်၏။

မနက်လင်းသည်ထိ သူ့မသေဆုံးသေးလျှင်တော့ ခရီးထပ်ဆက်ရပေမည်။

သို့မဟုတ်ဘဲ အဆိပ်ဒဏ်ကြောင့် ဤတဲပျက်မှာပဲ သူသေဆုံးလျှင်လည်း သေဆုံးသွားနိုင်ပေသည်။

ယခုကျမှတော့ သူဘာမှမတတ်နိုင်တော့ပါ၊ စောစောက နန်းတော်မှ ပါလာသော ဆေးတစ်လုံးကို သောက်ထား၍ အားအင်ကတော့ အထူးတလည် ယုတ်လျော့သွားခြင်း မရှိသေးချေ။

သို့သော် ထိုဆေးလုံးက သူ့ကိုခေတ္တခဏ လန်းဆန်းမှုလောက်သာလျှင် ပေးကောင်းပေးနိုင်ပေမည်၊ သူ့ကိုယ်ထဲသို့ရောက်နေသော အဆိပ်များကိုမူ ပျက်ပြယ်သွားအောင် စွမ်းဆောင်နိုင်ခြင်း မရှိသည်ကတော့ မြေကြီးလက်ခတ် မလွဲပင်သေချာ၍နေ၏။



ခက်သည်က သူယခုရောက်ရှိနေသော နေရာမှာ လူနေမြို့ရွာများနှင့် အတော်ကလေး ကွာလှမ်း၍ နေပေသည်၊ အကယ်၍ မြို့ရွာတစ်ခုခု ကို သူ မရောက်ရောက်အောင်အားခဲပြီးသွားနိုင်သည်ပဲထား၊

ထိုမြို့ရွာတွင် သူ့ကို အဆိပ်ပျယ်အောင် ကုသပေးနိုင်သော သမားတော် ရှိနေလိမ့်မည်ဟု သူ မျှော်လင့်ထား၍မရပါချေ။

မြို့ရွာတိုင်းလိုလိုပင် သမားတော်များရှိကြမည်တော့ မှန်ပါသည်၊ သို့သော် သမားတော်များမှာ သာမန်ဖျားနာမှုများလောက်ကိုသာလျှင်ပျောက်ကင်းအောင် ကုသပေးနိုင်ကြပေသည်။

သိုင်းလောကမှ အနက်ရောင်သိုင်းသမားများ အသုံးပြုသော အဆိပ်များကို ပြေပျောက်စေမည့် အဆိပ်ဖြေဆေးများရှိလိမ့်မည်တော့မဟုတ်ပါချေ။

ပြောရမည်ဆိုလျှင် အနက်ရောင် သိုင်းလောကသားများ အသုံးပြုသောအဆိပ်များကပင်လျှင် တစ်ဦးနှင့်တစ်ဦး တူညီကြသည်မဟုတ်ချေ။

တစ်ဦး၏အဆိပ်ကိုတစ်ဦးကဖြေရန်မှပင် ခက်ခဲလှသည်ဖြစ်ရာ သူ့အနေအထားက နှစ်ရက် သုံးရက်ထက် ပိုအသက်ရှင်မည်မဟုတ်ဟုပင် ဟိုဖေကျွန် မှတ်ယူရပေတော့သည်။

'တောက်....ငါ့အသက်ကသေတာကို မနှမြောပါဘူး၊ အရှင်မင်းကြီးပေးအပ်လိုက်တဲ့တာဝန်ကို ဟုတ်တိပတ်တိ မဆောင်ရွက်နိုင်သေးဘဲ သေသွားရမှာကိုဘဲ မချင့်မရဲ ဖြစ်မိတာ'

ယာဉ်တဲ၏နံရံကိုမှီထိုင်ချင်းမှ တပ်မှူးဟိုဖေကျွန်က အားမလိုအားမရဖြင့် ရေရွတ်မြည်တမ်းလိုက်၏။

ထိုအချိန်မှာပင် အညိုရောင်ဝတ်စုံဝတ်ထားသော လူရွယ်တစ်ယောက် သူရှိရာ ယာဉ်တဲဆီသို့ ဦးတည် လျှောက်လာနေသည်ကို လှမ်းမြင်လိုက်ရ၏။

'ဟင်... လူတစ်ယောက် လျှောက်လာနေပါလား၊ ရန်သူလား မိတ်ဆွေလားမသိဘူး'

ရန်သူမိတ်ဆွေခွဲခြားရင် မလွယ်ကူသော အခြေအနေမျိုးမို့ ငွေဓားဟိုဖေကျွန်ကဓားကို အနားသို့ဆွဲယူကာအသင့်ကိုင်ဆောင်ထားလိုက်၏။



သို့သော် ဒါကလည်း ဟန်ကိုယ့်ဖို့ ဆိုသလို ကိုယ့်ကိုယ်ကို ပြန်အားပေးလိုက်ခြင်းသာလျှင်ဖြစ်၏။

တကယ်တမ်း ထိုသူမှာ မိမိကိုတိုက်ခိုက်မည့် ရန်သူဖြစ်လျှင်လည်း အဆိပ်မိထားသောအချိန်ကြောင့် သူ့ ဟုတ်တိပတ်တိ တိုက်ခိုက်နိုင်မည်ကား မဟုတ်ပါချေ။

ထို့နောက် သူမျက်ခြည် မပြတ် စောင့်ကြည့်နေဆဲမှာပင် အဆိုပါလူရွယ်က ယာဉ်တဲပေါ်သို့ လှမ်းတက်လာ၏။

ဒီတော့မှပင် တပ်မှူး ဟိုဖေကျွန်မှာ ဝတ်စုံညို ဝတ်ထားသောလူရွယ်ကို သေသေချာချာအကဲခတ် ခွင့်နေလိုက်၏။

လူရွယ်ကားအသားပင်ချောမောသောလူရွယ်တစ်ယောက်ဖြစ်ကာ အသက်အားဖြင့်လည်း နှစ်ဆယ်မကျော်သေးဟု ခန့်မှန်းရ၏။

ခရီးသွား ဖြစ်ပုံရသော ဝတ်စုံညိုလူရွယ်၏ လက်ထဲတွင် ဓားရှည်တစ်လက် ကိုင်ဆောင်ထားသောကြောင့် သိုင်းလောကသားတစ်ယောက်ဟု သိသာနေပေ၏။

ဝတ်စုံညိုမှာ ယာဉ်တဲပေါ်တွင် တစ်ယောက်တည်း အေးအေးလူလူနားဦးမည် ဟူသော စိတ်ကူးဖြင့် ဝင်ရောက်လာခြင်းဖြစ်ပုံရ၏။

ခေတ္တမျှ အကဲခတ်သလိုကြည့်ပြီးမှမေးလာ၏။

'ခင်ဗျားက ဒဏ်ရာရထားတာလား'

'ဟုတ်ပါတယ်၊ ဒဏ်ရာမဟုတ်ဘူး အဆိပ် လက်နက်ပုန်း ထိထားတာပါ'

လူရှည်၏ ချောမောသောရုပ်ရည်နှင့်သိမ်မွေ့သောအပြော အဆိုတို့ကြောင့် လူကောင်းတစ်ယောက်ဟု ယူဆကာ ဟိုဖေကျန်က အမှန်အတိုင်းပင် ထုတ်ပြောလိုက်၏။

ထိုအခါ ဝတ်စုံညိုနှင့်လူရှည်က သူ့အနားကို ရဲဝံ့စွာပင် လျှောက်လာ၏၊ ပြီးမှ မှုဆိုးဒူးထောက်ထိုင်ရင်း....

'ဩော်....ခင်ဗျားကို အဆိပ်မိထားတာကိုး၊ ဒါနဲ့ အဆိပ် ရောက်တဲပြီးပြီလား'

'အဆိပ်အပ်လဲထုတ်ပြီးပြီ၊ ပြီးတော့ လိုအပ်တဲ့သွေးကြော အချို့လဲပိတ်ထားပြီးပါပြီ၊ ဒါပေမယ့် အဆိပ်ကပြင်းလွန်းလို့ ကျုပ်အသက်ရှင်ဖို့က မလွယ်တော့ပါဘူး'



'နေဦး ကျုပ်စမ်းကြည့်ဦးမယ်'

ဝတ်စုံညိုက ပြောပြော ဆိုဆိုဖြင့်ပင် သူ၏ လက်ကောက် ဝတ်မှ သွေးခုန်နှုန်းကို စမ်းကြည့်၏၊ ထိုအခါမှပဲင် ဝတ်စုံညို မှာ သူထင်မှတ်ထားသည်ထက်ပို၍ နုပျို ချောမောနေသည်ကို ဟိုဖေကျန်အနီးကပ် တွေ့မြင်ခွင့်ရလိုက်၏။

'အင်း.... ဂုတ်တယ် အဆိပ်က အတော်ပြင်းတဲ့ အဆိပ်ပဲ၊ ခင်ဗျားကို ဘယ်သူက အဆိပ်အပ်နဲ့ တိုက်ခိုက်လိုက်တာလဲဆို တာကို ပြောပြနိုင်မလား၊ ကျုပ်ကို စပ်စုတယ်လို့ မထင်ပါနဲ့ ကျုပ်ကူညီနိုင်ရင်ကူညီပေးရအောင်လို့ မေးကြည့်တာပါ'

'ခင်ဗျားက ဆေးကုတတ်လို့လား'

'ဆေးကုတတ်တယ်မဟုတ်ပေမယ့် ကျွန်တော့်မှာ ဆေးလုံး တွေပါပါတယ်'

'ခင်ဗျားကို ကျုပ် ပြောပြနိုင်ပါတယ်၊ ကျုပ်ကို အဆိပ် လက်နက်ပုန်းနဲ့ ပစ်လိုက်တဲ့သူကတော့ တခြားမဟုတ်ပါဘူး၊ တောင်ကျွန်းဘွားဘွားယိဖေးပဲ'

'ဟင်'

သူ့စကားကိုကြားလိုက်ရသည်တွင် ဝတ်စုံညို၏မျက်နှာက တစ်မျိုးဘစ်မည်ဖြစ်သွား၏။

'တောင်ကျွန်းဘွားဘွား ဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါထက် ခင်ဗျားက'

'ကျုပ်က အဖြူရောင်သိုင်းလောကသားတစ်ယောက်ပါပဲ ကျုပ်နာမည်က ဘန်းလီလို့ ခေါ်ပါတယ်'

သူ့ကို တပ်မှူးတစ်ယောက်ရှေ့ မသိစေလိုသောကြောင့်ဟိုဖေကျွန်က အရပ်သားတစ်ယောက်ပုံစံမျိုးဖြင့်ပင် သူ့ကိုယ်သူ မိတ်ဆက်ပေးလိုက်၏။

ထိုအခါ ဝတ်စုံညိုလူရွယ်က ခေါင်းတစ်ချက် ညိတ်လိုက်သည်။



'ကျွန်တော့်နာမည် ချင်ဖုန်းပါ၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားသိုင်းစိတ်မပူပါနဲ့၊ ကျွန်တော့်မှာ အဆိပ်ဖြေဆေးလုံးပါလာတယ်၊ ခင်ဗျားသောက်မလား'

ဝတ်စုံညိုလူရွယ်က သူ့ကိုယ်သူမိတ်ဆက်ပေးရင်းမှ ဆက်မေးလာ၏၊ ယခုမှတွေ့မြင်ဖူးသူ တစ်ယောက်ထံမှ ဘာမှန်းမသိသောအဆိပ်ဖြေဆေးကို သောက်ရမည်မှာ တကယ်တော့ စွန့်စားမှုတစ်ခုဟုပင် ဆိုရပေလိမ့်မည်။

သို့သော် ဘာမှ မသောက်ဘဲနေလျှင် သေရမည့် ဖြစ်သည့်အတွက် သေကာမှသေ ဖြေဆေးကို သောက်ကြည့်ခြင်းက ပိုကောင်းမည်ဟု ဟိုဖေကျွန်ယူဆလိုက်၏။

နောက်ပြီး ချင်ဖုန်းဆိုသော သိုင်းသမားလူရွယ်၏ ပုံပန်းသဏ္ဌာန်ကလည်း စောက်ကျစ်ယုတ်မာသော အနက်ရောင်သိုင်းလောကသား တစ်ယောက်ပုံစံမျိုး မဟုတ်မသောကြောင့် ဖြစ်ချင်ရာဖြစ် စမ်းကြည့်မည်ဟု ဟိုဖေကျွန် ပြတ်သားစွာပင် ဆုံးဖြတ်ချက်ချလိုက်၏။

'ကောင်းပြီလေ၊ ဒီအတိုင်း သေသွားတာထက် စာရင်တော့ ကံတို့အားကိုးပြီး စွန့်စားကြည့်ရတော့မှာပဲ'

'ကျွန်တော် အပေါ် ယုံကြည်မှုရှိတဲ့အတွက် ဝမ်းသာပါတယ်၊ ကဲ....ဒါဆို အချိန် ဆွဲမနေနဲ့တော့ ခုပဲ သောက်လိုက်ပါ'

ချင်ဖုန်းက လှမ်းပေးလာသည့်ဆေးလုံးလေးကား အညိုရောင်ဆေးလုံးလေးဖြစ်၏၊ ဆုံးဖြတ်ချက်ချထားခြင်းဖြစ်သည့် ငွေခေါ်းဟိုဖေကျန်က တွေဝေ၍မနေတော့ပါချေ။

လှမ်းယူ၍ ပါးစပ်ထဲပစ်သွင်းကာ ရေပုံ့ဖွာပင် မျိုချလိုက်သည်၊

'ခင်ဗျား အတွင်းအားကျင့်စဉ် ကြိုးစားပြီး လေ့ကျင့်နေလိုက်ပါ၊ နောက်ပြီး စောစောကအဆိပ်ပျံ့မှုခိုးလို့ ပိတ်ထားတဲ့ သွေးကြောတွေကို ပြန်ဖွင့်လိုက်ဦး၊ ဒါမှသွေး ပည်ပတ်မှု ကောင်းသွားမယ်'

'ကောင်းပါပြီ ချင်ဖုန်း'

ချင်ဖုန်းအကြံပေးသည့်အတိုင်းပင် ငွေခေါ်း ဟိုဖေကျန်က ပိတ်ထားသည့်သွေးကြောတချို့ကို ပြန်ဖွင့်ကာ အတွင်းအားကျင့်စဉ်ကို မျက်စိမှိတ်၍လေ့ကျင့်နေလိုက်၏။



ပထမတွင် အခက်အခဲ ရှိသော်လည်း တစ်စထက်တစ်စ အဆင်ပြေပြီး နေရထိုင်ရသည်လည်း ပိုကောင်းလာ၏။

သူ့ကိုယ်ထဲတွင်ရှိသည့် အဆိပ်များမှာ အခိုးအငွေ့များ အဖြစ်ပြောင်းကာ ကိုယ်ထဲမှ တွန်းကန် ပြန်ထွက်နေသလိုမျိုး ခံစားရသည်ကား အမှန်ပင်၊

ထိုသို့ရှိနေရင်းမှ တပ်မူး ဟိုဖေကျန်မှာ မိုက်ခနဲခံစားလိုက်ရပြီး နေရာတွင်ပင်ခွေလဲကျပြီး သတိလစ်သည့်အလား အိပ်ပျော်သွား၏။

သူ အိပ်ရာမှနိုး၍ မျက်လုံးဖွင့်ကြည့်လိုက်သည့် အခါမှာတော့ မိုးစင်စင်လင်းနေပြီဖြစ်ကြောင်း အံ့သြဖွယ် တွေ့လိုက်ရသည်၊

'ဟင်....ငါတစ်ညလုံးအိပ်ပျော်သွားခဲ့တာပဲကိုး'

ဟိုဖေကျန်က ကောက်ချက်ချသလိုပြောပြီးမှ ကိုယ့်အခြေအနေ ကို ကိုယ်ပြန်၍သတိထားမိသွား၏။

သူ့ကိုယ်မှာ နာကျင်မှုဝေဒနာမခံစားရဘဲ မူလကထက်ပင် ပို၍ပေါ့ပါးလန်းဆန်းနေသလိုရှိ၏။

'ငါတကယ်ပဲ အဆိပ်တွေပျက်ပြယ်ပြီး လူကောင်းပြန်ဖြစ်သွားခဲ့ပြီပဲ'

ဟိုဖေကျန်က ဖော်မပြနိုင်လောက်အောင် ဝမ်းသာရွှင်မြူးသွားပြီး ကျေးဇူးရှင်ဖြစ်သည့် ချင်ဖုန်းကိုလည်း တဲပေါ်၌ ကပျာကယာ ရှာကြည့်လိုက်၏။

သို့သော် ချင်ဖုန်း၏အရိပ်အယောင်မျှပင် မတွေ့ရချေ။ သို့ဖြစ်၍ တဲပေါ်မှခုန်ဆင်းပြီး ပတ်ဝန်းကျင်ကို လိုက်ရှာကြည့်သော်လည်း ချင်ဖုန်းကိုမူ လုံးဝမတွေ့ရတော့ချေ။

သူ့ကိုအသက်ကယ်ခဲ့သော ပဟေဠိဆန်လှသည့်သိုင်းသမား ချင်ဖုန်းမှာ သူအိပ်ရာမှမနိုးခင်ကပင် ဤနေရာမှ ခရီးဆက်လက် ထွက်ခွာသွားခြင်းဖြစ်ပုံ ရ၏။

'ကျေးဇူးရှင်ကိုတော့ ဘယ်မှာနေတယ်ဆိုတာမေးမထားလိုက်ရဘူး'

တပ်မှူးဟိုဖေကျန်က နောင်တရသည့် လေသံမျိုးဖြင့် ရေရွတ်လိုက်မိ၏။



တောင်ကျွန်းဘွားဘွား ယိုဖေး၏အဆိပ်ကို ပြေပျောက်စေနိုင်သော ဘာန်ဖိုးရှိသည့် အဆိပ်ပြေဆေးလုံးကို ချင်ဖုန်းဆိုသော လူရွယ်သိုင်းသမားက ဘယ်ကဘယ်လို ရရှိသွားပါသနည်း။

ထိုအချက်က စဉ်းစားစရာကောင်းသော်လည်း ချင်ဖုန်းကို သူ့ကျေးဇူးရှင်အဖြစ် အသိအမှတ်ပြုရမည်သာပင်။

အသက်မသေဆုံးနိုင်တော့ဟု သိလိုက်ရသောကြောင့် ဟိုဖေကျန် ရင်ထဲ၌ခံစားရသည့် ပျော်ရွှင်မှုကား အတိုင်းအဆမသိပင်။

သူ့အသက်ရှင်မှသာလျှင် ဘုရင်မင်းမြတ် ပေးအပ်ထားသည့်တာဝန်ကို သူကျေပွန်အောင် ဆက်လက်ထမ်းဆောင်နိုင်မည်မဟုတ်ပါလား။

ပထမပိုင်းပြီး၏။